# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၄)


**သီးလုံးဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒ**

လောကလူ့ရွာ ဘုံဓမ္မတာတွင်
ကံသာအမိ ဆိုရိုးရှိလည်း
ဝီရိယလျှင် ဉာဏ်နှင့်ယှဉ်မှ
စီစဉ်သမျှ မှုကိစ္စတို့
လုံးဝအောင်မြင် ဖြစ်လိမ့်ပင်ဟု
လူတွင်အထွတ် ဘုရားမြွက်သည်
ဟောလတ်သေချာ မယွင်းတည်း။ ။ **(သာသနာရေး)**

# ၈၈ မျိုးဆက်ကျောင်းသားအမည်ခံထားသည့် မင်းကိုနိုင်၊ ကိုကိုကြီးတို့အဖွဲ့ အနောက်နိုင်ငံသံရုံးကြီးများ၏ ကူညီပံ့ပိုးမှုကို ရယူ၊ ပြည်ပြေးဗကသဟောင်းများနှင့်ချိတ်ဆက် ပြည်ပြေးအဖွဲ့များကို ကျောထောက်နောက်ခံပြုလျက် ပြည်တွင်း၌ လှုပ်ရှားဆောင်ရွက် လူထုဆန္ဒပြုလွှာ လက်မှတ်ရေးထိုးမှုတွင် ပါဝင်သောလက်မှတ်များသည် မလိမ့်တပတ်ဖြင့် ရယူထားသည့် လက်မှတ်များ၊ လိမ်ညာရေးထိုးထားသည့် လက်မှတ်အတုများသာဖြစ် ဘာသာရေးဝတ်ပြုဆုတောင်းပွဲ ကျင်းပရန် ဥပါယ်တံမျဉ်ဖြင့် လှုံ့ဆော်နေခြင်းသည် ဘာသာရေးနှင့် နိုင်ငံရေးကို ထွေးရောယှက်တင် ခုတုံးလုပ်အသုံးချခြင်းဖြစ်

## ဆူပူအုံကြွ အကြမ်းဖက်မှုများဖြစ်ပွားအောင် လှုံ့ဆော်နေသူများကို ထိန်းသိမ်းအရေးယူသွားမည်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၇/၂၀၀၆) တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၇/၂၀၀၆) တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ခြုံငုံသုံးသပ်ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

**ပြည်ပသတင်းဌာနများမှ သတင်းစာဆရာကြီးများနှင့် ပြည်တွင်းဂျာနယ်မဂ္ဂဇင်းများမှ သတင်းတာဝန်ခံများခင်ဗျား–**

အခု ရဲချုပ်ရဲ့ ရှင်းလင်းပြောကြားချက်များကို ကြားသိကြရပြီဖြစ်တာမို့ အကြမ်းဖက်သောင်းကျန်းသူ ABSDF အဖွဲ့ဝင် သက်ဝင်းအောင်ဟာ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခဲ့လို့ မတရားအသင်း အက်ဥပဒေ၊ အရေးပေါ် စီမံမှုအက်ဥပဒေ၊ ပုံနှိပ်သူများနဲ့ ထုတ်ဝေသူများ အက်ဥပဒေနဲ့ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေတို့အရ အကျဉ်းကျခံနေရသူဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

၎င်းသေဆုံးခဲ့ရတာဟာလည်း ရှိရင်းစွဲရောဂါအခြေအနေကြောင့် မန္တလေးတိုင်း အကျဉ်းထောင်ဆေးရုံဆောင် သီးခြားတိုက်မှာ ဆေးရုံတက်ပြီး ဆေးဝါးကုသမှုခံယူနေစဉ် တာဝန်ရှိသူများက အစွမ်းကုန် ကြပ်မတ်ကုသပေးနေတဲ့ကြားက ၁၆–၁၀–၂၀၀၆ ရက်နေ့ နံနက်မှာ နှလုံးကြွက်သားရောင်ရောဂါဖြင့် သွေးရိုးသားရိုး သေဆုံးခဲ့ရတာဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

**မြန်မာ့အလင်း** **အယ်ဒီတာ့ အာဘော်**
(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၃ရက်)

# နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း

နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားအကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ခုနှစ် စက်တင်ဘာ၁၅ရက်က စတင်ဖွဲ့စည်းထူထောင်ခဲ့ရာ ၂၀၀၆ ခုနှစ် စက်တင်ဘာ၁၅ ရက်တွင် သက်တမ်းအားဖြင့် (၁၃)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပေသည်။

အသင်းကြီးကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးတို့ကို ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးဟူသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အသင်းဝင်လူငယ်လူရွယ်များကို စနစ်တကျပြုစုပျိုးထောင်ပေးမှု၊ ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစေရန် လမ်းညွှန်ပြသမှု၊ အသင်းကြီး၏ မှန်ကန်မွန်မြတ်သည့် ရပ်တည်ချက်၊ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကြောင့် အသင်းဝင်အရေအတွက်မှာလည်း တစ်နှစ်ထက်တစ်နှစ် ကျယ်ပြန့်တိုးပွားလျက်ရှိသည်။

အသင်းဝင်လူငယ်လူရွယ်များ၏ အရည်အချင်းကိုလည်း တစ်ပြိုင်တည်း၌ မြှင့်တင်ပေးလျက်ရှိရာ စီမံခန့်ခွဲမှုသင်တန်း၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းနှင့် အဆင့်မြင့် သင်တန်းအမျိုးမျိုး သင်ကြားပို့ချ ပေးလျက်ရှိသည်။

အသင်းကြီးကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ မြှင့်တင်ပေးနိုင်မှုကြောင့် အသင်းဝင်လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ကျန်းမာရေး ဆောင်ရွက်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ စသည့် လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင်ကာ နိုင်ငံတော်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အင်တိုက်အားတိုက် ထမ်းဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် မျိုးဆက်သစ်လူငယ်လူရွယ်များဖြင့် ဖွဲ့စည်းထားသော အမျိုးသားအင်အားစုကြီးဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ခိုင်ကျည်မြဲမြံစွာ လက်တွဲပြီး ဆက်လက်ပူးပေါင်းပါဝင် ကြိုးပမ်းသွားကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စင်ကာပူ၌ ခရီးသွားဧည့်သည် လာရောက်မှုမြင့်တက် ဟိုတယ်များဝင်ငွေ စက်တင်ဘာလက ဒေါ်လာ ၁၂၁ သန်းခန့်ရှိခဲ့

စင်ကာပူ နိုဝင်ဘာ ၂

**စင်ကာပူနိုင်ငံသို့ ယခုနှစ်တွင် ခရီးသွားလာရောက်မှု တိုးတက်ခဲ့ရာ ပြီးခဲ့သည့် စက်တင်ဘာလ၌ စုစုပေါင်း ခရီးသွားဧည့်သည် ၇၁၅၀၀၀ ရောက်ရှိခဲ့သဖြင့် နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း စင်ကာပူ ခရီးသွားလုပ်ငန်းအဖွဲ့ (အက်စ်တီဘီ)က အောက်တိုဘာ ၃၁ ရက်၌ သတင်းထုတ်ပြန်သည်။**

အင်ဒိုနီးရှားနိုင်ငံမှ ခရီးသွားများ စင်ကာပူနိုင်ငံသို့ စက်တင်ဘာလက ၁၃၆၀၀၀ ရောက်ရှိခဲ့ရာ အများဆုံး ဖြစ်ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။ ထို့အပြင် တရုတ်၊ ဩစတြေးလျ၊ ဂျပန်နှင့်အိန္ဒိယနိုင်ငံတို့ကလည်း အစဉ်အလိုက် ခရီးသွားအများဆုံး ရောက်ရှိခဲ့ကြသည်။

### ဖော်ပြ

အဆိုပါ ငါးနိုင်ငံမှ ခရီးသွားများသည် စက်တင်ဘာလအတွင်း စင်ကာပူနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးသွားဧည့်သည်၏ ၅၀ ရာခိုင်နှုန်းခန့် ရှိကြောင်းလည်း အက်စ်တီဘီက ဖော်ပြသည်။

### များပြား

ထို့အပြင် အမေရိကန်၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကလည်း ခရီးသွားဧည့်သည် လာရောက်မှု များပြားခဲ့ကြောင်း သိရသည်။

### ရရှိ

စင်ကာပူနိုင်ငံရှိ ဟိုတယ်များ အနေဖြင့် ပြီးခဲ့သည့် စက်တင်ဘာလက စုစုပေါင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၁သန်းခန့် ရရှိခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရာသီဥတုပြောင်းလဲလာမှု ကမ္ဘာ့စီးပွားရေး ထိခိုက်နိုင်

**လန်ဒန် နိုဝင်ဘာ ၂**

ရာသီဥတုပြောင်းလဲလာမှုကို ချက်ချင်းအရေးယူဆောင်ရွက်ခြင်း မရှိပါက တစ်ကမ္ဘာလုံး စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း ငါးပုံတစ်ပုံ တန်ဖိုးအားဖြင့် ပေါင်စတာလင် ၃ ဒသမ ၆၈ ထရီလီယံ အထိ ထိခိုက်လျော့နည်းနိုင်ကြောင်း စီးပွားရေးပညာရှင် ဆာနီကိုလပ်စတန်းက သတိပေးလိုက်သည်။

**လျော့နည်း**

သို့သော် ရာသီဥတုပြောင်းလဲမှုကို ယခုအချိန်မီ ကိုင်တွယ် ဖြေရှင်းလျှင် တစ်ကမ္ဘာလုံး၏ ဂျီဒီပီတစ်ရာခိုင်နှုန်းသာ လျော့နည်းထိခိုက်နိုင်သည်ဟုလည်း ၎င်းက ပြောကြားလိုက်သည်။

**ကျရောက်မည်**

အရေးယူ ဆောင်ရွက်ခြင်းမရှိလျှင် မိုးခေါင်ခြင်း သို့မဟုတ် ရေလွှမ်းမိုးခြင်းကြောင့် ပြည်သူသန်း ၂၀၀ တို့ ဒုက္ခသည်များဘဝသို့ ကျရောက်ကုန်မည်ဟုလည်း ၎င်းကထည့်သွင်း ပြောကြားသည်။

**ဝိုင်းဝန်းကိုင်တွယ်**

ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲက မိမိ၏ ဝန်ကြီးချုပ်သက်တမ်းအတွင်းတွင် ဤအစီရင်ခံစာမှာ အရေးအကြီးဆုံး အစီရင်ခံစာဖြစ်ကြောင်း၊ ဤပြဿနာကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်း ကိုင်တွယ်ရန်လိုအပ်ကြောင်း ပြောကြားထားသည်။

**(အင်တာနက်)**

## မြဝတီရုပ်မြင်သံကြား

**၃-၁၁-၂၀၀၆**
**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လွမ်းမပြေ”**(အပိုင်း-၁၄)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နောက်ဆုံးပစ်မှတ်”** (အပိုင်း-၆)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်**
**(အဖိတ်နေ့)**
**၃-၁၁-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီးနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ (ပထမပိုင်း)
- ၈:၁၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၃၀ ၆။ International News
- ၈:၄၅ ၇။ English for Everyday Use
- ၉:၀၀ ၈။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) [ရူပဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
- ၁၇:၁၅ ၆။ **“အဲဒီမှာစတွေ့တာပဲ”** မင်းအုပ်စိုး၊ ၄က်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၇:၂၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၄၀ ၈။ တန်ဆောင်တိုင်တေးများ
- ၁၇:၅၀ ၉။ ပျော်ပျော်ရွှင်ရွှင်ဝင်ကာနွဲ တောင်ကြီးမြို့ရဲ့ တန်ဆောင်တိုင်ပွဲ
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်နတ်သမီး”** (အပိုင်း-၁၅)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ရေသူမလေး ပထမချစ်ပုံပြင်”** (အပိုင်း-၁၄)
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃-၁၁-၂၀၀၆ (သောကြာနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ Myanmar Video Rhythm
- ၇:၅၅ တေးဂီတအစီအစဉ်
- ၈:၀၀ မြို့ဇလွန်ရဲ့ မီးမြင်းမိုရ်ပွဲ ဆင်ကာနွဲ ပူဇော်လှူဒါန်း ပန်းရေချမ်း
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင် ဒါရိုက်တာများ (ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၃)
- ၉:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ အာဟာရနှင့် ကျန်းမာရေး (အပိုင်း-၃) (ဒေါက်တာအေးကျော်)
- ၉:၄၅ Midweek Sport News
- ၁၀:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ သီရိမင်္ဂလာကမ္ဘာအေးစေတီ
- ၁၀:၂၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ ပေမူမှသည် ပုံနှိပ်မူသို့
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ သိမြင်သုတ တိုးပွားစေရာ ဆဋ္ဌသံဃယနာ မော်ကွန်းပြတိုက်မှာ
- ၁၁:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၂၀ ဆရာဦးမြင့်လွင် (သန့်-တည်-ပွား)ဟောပြောဆွေးနွေးသော **အပါယ်ပိတ်တရား**(အပိုင်း-၃) (လူ့ဘဝ ရခဲခြင်းနှင့် သံသရာရှည်လုပုံ)
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ သစ်သီးပန်းပုလက်မှု အနုပညာ
- ၁၁:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၀ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# အမေရိကန်နှင့်အပေါင်းပါများ စီးပွားရေးနှင့်သံတမန်ရေးပိတ်ဆို့ဖိအားပေးမှုများဖြင့် တိုင်းပြည်အကျပ်အတည်းဖြစ်အောင်၊ တည်ငြိမ်မှုများပျက်ပြားအောင် လုပ်ဆောင်

**■ ရှေ့ဖုံးမှ**

ဒါပေမယ့် ပြည်တွင်းပြည်ပ အဖျက်သမားတွေက သက်ဝင်းအောင် သေဆုံးမှုကို ခုတုံးလုပ်အသုံးချပြီး ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်ကာ တည်ငြိမ်မှုပျက်ပြားအောင်၊ ဆူပူအုံကြွအကြမ်းဖက်မှုတွေ ဖြစ်ပွားလာအောင် ၁၉၈၈တုန်းက ၎င်းတို့လုပ်နေကျ နည်းလမ်းအတိုင်း လုပ်ဆောင်လာတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။

၁၉၈၈ ဆူပူအကြမ်းဖက်မှုမှာ ပါဝင်လှုပ်ရှားခဲ့သူတွေဟာ နိုင်ငံရေး အမြတ်ထုတ်ဖို့အတွက် ကြံတောသုသာန်မှာ သရဏဂုံတင် သဂြိုဟ်ပြီးခဲ့တဲ့ အုတ်ဂူထဲက ကွယ်လွန်သူတွေကိုပင် ပြန်လည်ဖော်ယူ အသုံးချခဲ့သလို အခုလည်း သက်ဝင်းအောင် သေဆုံးမှုကို လုပ်ကြံဖန်တီး အရင်းပြုပြီး နိုင်ငံရေးအမြတ်ထုတ်ဖို့ လုပ်ဆောင်နေကြတာပဲ ဖြစ်ပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

တိုင်းပြည်ပြိုကွဲပျက်စီးမယ့် အခြေအနေကြောင့် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့မှာ တပ်မတော်က နိုင်ငံတော်အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရပါတယ်။ အဲဒီအချိန်ကစပြီး တိုင်းပြည်ရဲ့ ယိုယွင်းပျက်စီးနေမှုတွေကို ထိန်းသိမ်းတည့်မတ်နိုင်ဖို့အတွက် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက်မှာ နိုင်ငံရေးဦးတည်ချက်(၄)ရပ် ချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဓိကအလေးထား ဖော်ဆောင်ပေးလျက်ရှိနေတာ သတင်းစာဆရာကြီးများ ကိုယ်တွေ့မျက်မြင်ပဲ ဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ လုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မရှိမဖြစ် လိုအပ်သော အချက်ဖြစ်ပါတယ်။

ဒါကြောင့်မို့ နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှုနဲ့ တရားဥပဒေစိုးမိုးမှုများ ပျက်ပြားအောင်၊ ဆူပူအကြမ်းဖက်မှုဖြစ်ပွားအောင် သွေးထိုးဖန်တီးလုပ်ဆောင်မှုတွေ၊ လုပ်ဆောင်သူတွေကို တားဆီးခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ထိန်းသိမ်းခြင်း၊ အရေးယူခြင်းများ ပြုလုပ်သွားရမှာပဲ ဖြစ်ပါတယ်။ ဒါဟာ အခြားနိုင်ငံများနည်းတူ ပြည်သူ့ဘဝ လုံခြုံအေးချမ်းရေး အတွက် ကာကွယ်ပေးရ စမြဲဖြစ်တဲ့ လုပ်ငန်းတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

ရဲချုပ် ရှင်းလင်းပြောကြားသွားတဲ့အတိုင်း အကျဉ်းထောင်များနဲ့ ပတ်သက်လို့လဲ ဆန့်ကျင်ဘက်အဖွဲ့တွေဟာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုအမျိုးမျိုး ပြုလုပ်နေကြပါတယ်။ ဒါပေမယ့် တကယ့်အမှန်မှာတော့ အကျဉ်းထောင်တာဝန်ရှိသူများသာ အကျဉ်းထောင်များဆိုင်ရာ အမိန့်နဲ့ညွှန်ကြားချက်များ၊ ထောင်လက်စွဲစာအုပ်များနဲ့အညီသာ အကျဉ်းသားအားလုံးကို ရသင့်ရထိုက်တဲ့ အခွင့်အရေးများ အပြည့်အဝပေးပြီး စည်းကမ်းနဲ့အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဒါ့အပြင် အကျဉ်းသားများကိုလည်း လူသစ်စိတ်သစ်ဖြင့် နိုင်ငံနဲ့ လူထုအကျိုး သယ်ပိုးဆောင်ရွက်သူများဖြစ်အောင် ရည်ရွယ်ပျိုးထောင်ပေးနေပါတယ်။ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားတချို့ကိုလည်း ဥပဒေနဲ့အညီ၊ ပေးသင့်ပေးထိုက်တဲ့ အခွင့်အရေးများနဲ့အညီ အကြိမ်ကြိမ်လွှတ်ပေးခဲ့တာကိုလည်း သတင်းစာဆရာကြီးများ အသိပဲဖြစ်ပါတယ်။

တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် စစ်မြေပြင်မှာ အကြိမ်ကြိမ်ရင်ဆိုင် တိုက်ခိုက်ရတဲ့ သောင်းကျန်းသူများအပေါ်မှာတောင် အမြင်မှန်ရပြီး ဥပဒေဘောင်အတွင်း ပြန်ဝင်လာတဲ့အခါမှာ ညီရင်းအစ်ကိုများ၊ နိုင်ငံ့အကျိုးပြုလုပ်ဖော်ကိုင်ဖက်များအဖြစ် ယုံယုံကြည်ကြည် ရင်းရင်းနှီးနှီး လက်တွဲပူးပေါင်းဆောင်ရွက်နေကြောင်း အားလုံးမျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။

ထို့အတူပဲ မြန်မာနိုင်ငံမှာ ဘာသာရေး အဆုံးအမများအတိုင်း လိုက်နာကျင့်သုံးမှုကြောင့် တစ်ပါးသူအပေါ်မှာ ညှဉ်းပန်းနှိပ်စက် ရက်စက်တဲ့ သဘောထားအပြုအမူများ မရှိသလောက် နည်းပါးပါတယ်။ ဒါ့ကြောင့်မို့ ရာဇဝတ်ပြစ်မှုကျူးလွန်သူတွေကို တရားဥပဒေနဲ့အညီ အပြစ်ပေးအရေးယူရခြင်း၊ အကျဉ်းထောင်ဥပဒေများနဲ့အညီ စနစ်တကျ ကြပ်မတ်ရခြင်းတို့မှအပ မတော်မတရား ညှဉ်းပန်းနှိပ်စက်ခြင်း မရှိကြောင်း အသိပေးပြောကြားလိုပါတယ်။

ဒါ့အပြင် ဥပဒေများအရ သေဒဏ်အပြစ် ချမှတ်ထားသော်လည်း တရားခံတစ်ဦးတစ်ယောက်ကိုမျှ သေဒဏ်စီရင်မှု မပြုခဲ့သေးတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားများကို နိုင်ငံတော်အတွက် အားထားရတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ပြုပြင်ပြောင်းလဲမှုများ၊ ဖေးမကူညီစောင့်ရှောက်မှုများဖြင့်သာ ကြပ်မတ်ဆောင်ရွက်လျက်ရှိနေပါတယ်။

ဒါတင်မကဘဲ နိုင်ငံတော်ရဲ့လမ်းညွှန်မှုနဲ့အညီ ပြည်တွင်းမှာရှိတဲ့ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပုဂ္ဂိုလ်များကလည်း အကျဉ်းသားများ အတွက် စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါးစသည်များ စဉ်ဆက်မပြတ် လှူဒါန်းထောက်ပံ့ပေးနေတာကို တွေ့ရှိနိုင်ပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

အဲဒီလို နိုင်ငံတော်အစိုးရက မည်သည့်ကိစ္စကိုမဆို သတ်မှတ်ထားသော ဥပဒေ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဆောင်ရွက်ပေးနေပေမယ့် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားတွေကတော့ ဥပဒေကိုဆန့်ကျင်ကျော်ခိုင်းပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ဖောက်ခွဲဖျက်ဆီးမှုတွေ၊ ဖိအားပေးအကျပ်ကိုင်မှုတွေ၊ ဆူပူအုံကြွမှုဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်မှုတွေကို ဟန်ချက်ညီညီ ပူးပေါင်းလုပ်ဆောင်နေကြပါတယ်။

၎င်းတို့အားလုံးရဲ့ ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ညင်သာချောမွေ့စွာ ဖော်ဆောင်ပေးနေတဲ့ တပ်မတော်အစိုးရကို ဖြုတ်ချပြီး ဖြတ်လမ်းမှ အာဏာရယူကာ နယ်ချဲ့သြဇာခံ နယ်ချဲ့နောက်လိုက် အစိုးရအဖြစ် ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ အဖျက်သမားတွေဟာ ၎င်းတို့ရဲ့ အဆိုပါ ရည်ရွယ်ချက်အောင်မြင်ဖို့အတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်လုပ်ဆောင်နေကြပါတယ်။

မဟာဗျူဟာကတော့ တစ်ဖက်က လူထုတိုက်ပွဲစီမံချက်နဲ့ ဆူပူအုံကြွအကြမ်းဖက်မှုများဖြင့် နိုင်ငံတော်အစိုးရအား ဖြုတ်ချရေးဖြစ်ပြီး အခြားတစ်ဖက်ကတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်အကောင်အထည်ဖော်ရေး၊ လွှတ်တော်ခေါ်ပေးရေး၊ တွေ့ဆုံဆွေးနွေးရေးနဲ့ သုံးပွင့်ဆိုင်ဆွေးနွေးရေးဆိုတာကို ဆုပ်ကိုင်တောင်းဆို အာဏာရယူရေးပဲ ဖြစ်ပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

ဖော်ပြပါမဟာဗျူဟာအရ နည်းဗျူဟာအမျိုးမျိုးသုံးပြီး လုပ်ဆောင်နေကြပါတယ်။ ဒီလုပ်ဆောင်နေမှုတွေကို မြင်သာအောင်ရှင်းပြရရင် အမေရိကန်နဲ့ အပေါင်းပါတွေက စီးပွားရေးနဲ့ သံတမန်ရေး ပိတ်ဆို့ဖိအားပေးမှုတွေနဲ့ တိုင်းပြည်မှာ အကျပ်အတည်းအခက်အခဲဖြစ်အောင်၊ တည်ငြိမ်မှုပျက်ပြားအောင် လုပ်ဆောင်နေပါတယ်။ ၎င်းတို့လက်ဝေခံ မီဒီယာအားလုံးကို အသုံးချပြီးလုပ်ကြံပုံဖျက်ထားတဲ့သတင်းမှားတွေနဲ့ ပြည်သူများ ဇဝေဇဝါဖြစ်အောင်၊ နိုင်ငံတကာက အထင်အမြင်လွဲမှားအောင် သွေးထိုးလှုံ့ဆော်ဖန်တီးနေပါတယ်။

ပြည်ပမှ ဂျင်းရှပ် (Gene Sharp) ဆိုသူ လာရောက်ပို့ချ နည်းပေးသွားတဲ့ နည်းတွေအတိုင်း နိုင်ငံရေးအန်တုမှု နည်းလမ်းမျိုးစုံကို ကျင့်သုံးပြီး အာဏာဖီဆန် ရေးလမ်းကြောင်းပေါ် တင်ပေးနေပါတယ်။ ဗကပယူဂျီလက်ကျန်တွေနဲ့ ပူးပေါင်းပြီး "ဒီမို–၂၀၀၆" ဆူပူအုံကြွမှုစာတမ်းပါ နည်းလမ်းတွေနဲ့ ဆူပူအုံကြွမှုဖြစ်အောင် နှိုးဆွပေးနေပါတယ်။

တပ်မတော်အတွင်း စည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲဖို့ ရေးသားဟောပြောမှုတွေ ပြုလုပ်နေပါတယ်။ သံဃာတော်များအတွင်းနဲ့ ကျောင်းသားလူငယ်များအတွင်း ထိုးဖောက်စည်းရုံးသိမ်းသွင်းမှုတွေ ပြုလုပ်နေပါတယ်။

မရှေးမနှောင်းမှာပဲ အမေရိကန်က ကုလသမဂ္ဂအားအသုံးချပြီး မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီအစီအစဉ်မှာ ထည့်သွင်းဆွေးနွေးဖို့ ဖိအားပေးလုပ်ဆောင်ခဲ့ပါတယ်။ ပြည်တွင်းမှ NLD နဲ့ အပေါင်းပါ ၈၈ မျိုးဆက်ကျောင်းသားဆိုသူများကလက်မှတ်ရေးထိုးလှုပ်ရှားမှု Signature Campaign၊ အဖြူရောင်လှုပ်ရှားမှု White Expression၊ ငြိမ်းချမ်းရေးဆုတောင်းဝတ်ပြုပွဲစတာတွေကို တစ်စတစ်စ သွေးတိုးစမ်းပြီး လုပ်ဆောင်နေကြပါတယ်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ကလည်း မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားခိုင်းစေမှုတွေရှိနေဆဲဖြစ်ကြောင်း စွပ်စွဲပြီးဖိအားပေးနေသလို ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်ဆိုသူကလည်း မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအခြေအနေတွေ ဆိုးရွားနေဆဲဖြစ်ကြောင်း မမှန်မကန် လုပ်ကြံပြောကြားနေပါတယ်။ သတင်းမီဒီယာဆိုင်ရာ အဖွဲ့အစည်း တစ်ခုကလည်း သတင်းလွတ်လပ်ခွင့်မရှိသော နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံပါဝင်ပါတယ်လို့ တစ်စိတ်ကိုတစ်အိတ်လုပ်ပြီး စွပ်စွဲပုတ်ခတ်နေပါတယ်။

ဒါတွေအားလုံးဟာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော်တို့အကြား စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ ပူးပေါင်းဆောင်ရွက်မှု စွမ်းပကားတွေ ချည့်နဲ့ပြိုကွဲပြီး ၎င်းတို့အာဏာရရှိရေးဖြစ်လာအောင် ပြည်တွင်းပြည်ပအဖျက်သမားများက ရည်ရွယ်ချက်ရှိရှိနဲ့ ဝိုင်းဝန်းထိုးနှက် သပ်လျှိုဖြိုခွဲနေတဲ့ နည်းဗျူဟာတွေပဲ ဖြစ်ပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

၂၀၀၆ ခုနှစ်ကို ရည်မှန်းကာလအဖြစ် သတ်မှတ်လုပ်ဆောင်နေတဲ့ NCUB ရဲ့ လူထုတိုက်ပွဲစီမံချက်မှာ မြေပေါ်တိုက်ကွက်၊ မြေအောက်တိုက်ကွက်နဲ့ ပြည်ပြေးတိုက်ကွက် စီမံချက်တွေပါဝင်ပါတယ်။ မြေပေါ်တိုက်ကွက်လုပ်ဖို့ ဥပဒေတွင်း လူထုတိုက်ပွဲကော်မတီမှာ ၈၈ မျိုးဆက်ကျောင်းသားဆိုသူတွေ၊ ဝါရင့်နိုင်ငံရေးသမားဆိုသူအချို့၊ CRPP အဖွဲ့ဝင်အချို့နဲ့ NLD မှ ဟန်ပြထုတ်ပယ်ထားတဲ့ ပါတီဝင်ဟောင်းအချို့နဲ့၊ NLD ပါတီအချို့ ပါဝင်တယ်ဆိုတဲ့ သတင်းများကိုလည်း အဆက်မပြတ်ရရှိခဲ့ပါတယ်။ ဥပဒေအတွင်း လူထုတိုက်ပွဲစီမံချက်ပုံပေါ်လာရင် NLD ကို ရှေ့တန်းတင်ပြီး ဝန်းရံလုပ်ဆောင်မယ့် အစီအစဉ်ချမှတ်ထားကြောင်းလည်း သတင်းများအရ သိရပါတယ်။

မီးကိုမလောင်ခင်က တားရမှာပဲဖြစ်ပါတယ်။ အကြမ်းဖက်အဖျက်အမှောင့်သမားတွေရဲ့ လက်ချက်ကြောင့် နိုင်ငံတော်နဲ့ပြည်သူအပေါ် ဘေးအန္တရာယ် မကျရောက်အောင် ကြိုတင်ကာကွယ်တားဆီးရမှာက အစိုးရတိုင်းရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှာ တစ်ဖက်နိုင်ငံရောက် ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင် ဇော်ဇော်အောင်(ဗကသ)ထံမှ ၎င်းအုပ်စုဝင် ကိုကိုကြီးထံရေးသားပေးပို့တဲ့ စာနဲ့ငွေတွေကို သိမ်းဆည်း ရမိချိန်မှစပြီး ၎င်းတို့ရဲ့လှုပ်ရှားမှုတွေကို မျက်ခြည်မပြတ်စောင့်ကြည့်ခဲ့ပါတယ်။

မင်းကိုနိုင်နဲ့ ကိုကိုကြီးတို့အုပ်စုဟာ ၈၈ ဆူပူအကြမ်းဖက်မှုကာလမှာ ကျောင်းသားအရေးနဲ့ နိုင်ငံရေးကိစ္စကို ရောထွေးဖော်စပ်ခဲ့လို့ လူသိများလာတဲ့သူတွေဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ နောက်ကွယ်က အခြေအနေမှန်တွေကိုတော့ လူသိနည်းခဲ့ပါတယ်။ ၈၈ ကာလတစ်ဝိုက်မှာကတည်းက ဦးရဲထွန်းဆိုသူနဲ့ ဆက်သွယ်မိပြီး အနောက်နိုင်ငံသံရုံးအချို့ဆီက ထောက်ပံ့ငွေတွေ ရယူခဲ့ကြပါတယ်။ မင်းဇေယျကိုယ်တိုင် အဲဒီသံရုံးတွေဆီက ထောက်ပံ့ငွေတွေ သွားရောက်ရယူခဲ့တာဖြစ်ပါတယ်။ ဗကပမွေးထားတဲ့ မိုးသီးဇွန်တို့နဲ့လည်း ပူးပေါင်းလှုပ်ရှားခဲ့ပါတယ်။ ဌေးကြွယ်ဟာ ၈၈အရေးအခင်းကာလမှာ အာဏာပိုင်တွေက အကျဉ်းထောင်အတွင်း ကျောင်းသူများအား အဓမ္မပြုကျင့်တယ်ဆိုတဲ့ လုပ်ကြံဇာတ်လမ်းကို ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂါးနက်၊ မအေးငြိမ်းသူတို့နဲ့ အတူ လုပ်ကြံဖန်တီးထုတ်လွှင့်ပြီး ဆူပူအုံကြွအောင် နှိုးဆွခဲ့သူ ဖြစ်ပါတယ်။

၎င်းတို့အားလုံးဟာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ (မကသ)ဆိုတဲ့ တရားမဝင်အဖွဲ့တွေဖွဲ့စည်းပြီး ၁၉၈၈ ဆူပူအုံကြွ အကြမ်းဖက်မှုကို ပိုမိုကူးစက်ပျံ့နှံ့အောင် သွေးထိုးလုပ်ဆောင်ခဲ့ကြသူတွေပဲ ဖြစ်ပါတယ်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့**









**"၈၈" မျိုးဆက်ကျောင်းသားအမည်ခံ မင်းကိုနိုင်နှင့်အဖွဲ့ အထိမ်းအမှတ်အမျိုးမျိုးသို့ နိုင်ငံရေးအရောင်ဆိုးကာ တက်ရောက်ခဲ့သည့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ**

# ပြည်တွင်းပြည်ပအဖျက်သမားများ ဥပဒေကိုကျော်ခွင်းပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ဆူပူအုံကြွမှုများဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်မှုများကို ပူးပေါင်းလုပ်ဆောင်နေ

စာမျက်နှာ ၃ မှ

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

၁၉၈၈ စက်တင်ဘာလ ၁၈ရက်နေ့မှာ တပ်မတော်က အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းပြီး နိုင်ငံတော်တာဝန်ကို ယူလိုက်တာမို့ မင်းကိုနိုင်၊ ကိုကိုကြီးနဲ့ မိုးသီးဇွန်တို့ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ ဗကသဟာ နိုင်ငံတော်ကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်ဖို့အတွက် တစ်ဝက်တစ်ပျက် မြေအောက်ယူဂျီလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန်၊ တရားဝင်နိုင်ငံရေးပါတီ ဖွဲ့စည်းလှုပ်ရှားရန်နဲ့ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်ရန်ဆိုတဲ့ မဟာဗျူဟာ (၃)ရပ်ကို ချမှတ်လုပ်ဆောင်ခဲ့ပါတယ်။

အဲဒီမဟာဗျူဟာအရ မြေအောက်ကနေ လက်နက်စွဲကိုင်တိုက်ခိုက်ဖို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးဆိုတဲ့ ABSDFအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို ဖွဲ့စည်းလှုပ်ရှားခဲ့တာ ဖြစ်ပါတယ်။

အဲဒီ မဟာဗျူဟာအရ မြေပေါ်မှာနိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းလှုပ်ရှားဖို့အတွက် မိုးသီးဇွန်ဦးဆောင်တဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)ကို ဖွဲ့စည်း လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ အဲဒီမဟာဗျူဟာအရ မင်းကိုနိုင်၊ကိုကိုကြီး၊ အောင်ဒင်တို့ဟာ ထိုစဉ်ကပင် တစ်ဝက်တစ်ပျက် မြေအောက်ယူဂျီလုပ်ငန်းတွေနဲ့ ဆူပူအုံကြွမှုတွေ ထပ်မံဖြစ်ပွားအောင် စည်းရုံးလှုပ်ရှားခဲ့ကြတာဖြစ်ပါတယ်။

၁၉၈၉ ခုနှစ် မတ်လ ၁၆ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း မင်းကိုနိုင်၊ ကိုကိုကြီး၊ အောင်ဒင်၊ စစ်ကိုနိုင်နဲ့ စိုးသိန်းတို့အုပ်စုဟာ ရန်ကုန်မြို့အတွင်းရှိ မြို့နယ် NLDရုံးအချို့မှာ နိုင်ငံတော်နဲ့တပ်မတော်အပေါ် ဆန့်ကျင်ဟောပြောမှုတွေ ဆက်တိုက်ပြုလုပ်ခဲ့ကြပါတယ်။ လူစုလူဝေးနဲ့ ဆူပူအုံကြွအကြမ်းဖက်မှုတွေဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်ခဲ့ကြပါတယ်။ အဲဒီလို ပြည်သူ့ဘဝလုံခြုံရေးကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်လာတာကြောင့် ၁၉၈၉ ခုနှစ်ကတည်းက မင်းကိုနိုင်၊ ကိုကိုကြီး၊ အောင်ဒင် စသူတို့ကို သက်ဆိုင်ရာက ဥပဒေနဲ့အညီ ဖမ်းဆီးအရေးယူခဲ့ရတာပဲ ဖြစ်ပါတယ်။

မိုးသီးဇွန် ဦးဆောင်တဲ့ DPNS ကလည်း တရားဝင်နိုင်ငံရေးပါတီ အမည်ခံခဲ့ပေမယ့် ၎င်းတို့ရဲ့ မူလမဟာဗျူဟာအတိုင်း သောင်းကျန်းသူအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်မှု၊ ဗကပယူဂျီတွေနဲ့ ပူးပေါင်း လှုပ်ရှားမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒါကြောင့်မို့ ၆–၁၂–၉၁ ရက်နေ့မှာ တရားဝင်နိုင်ငံရေးပါတီအဖြစ်က ပယ်ဖျက်ခြင်းခံခဲ့ရပါတယ်။

DPNSပါတီဝင်တွေဟာ နိုင်ငံတော်ကို ဆက်လက်ဆန့်ကျင် တိုက်ခိုက်ဖို့အတွက် တောခိုသွားကြပြီး နယ်စပ်ဒေသမှာ ၂၅–၅–၉၄ ရက်နေ့က DPNS အမည်နဲ့ပဲ လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ကို ဖွဲ့စည်းလှုပ်ရှားခဲ့ကြောင်း သတင်းစာဆရာကြီးများ အသိပဲဖြစ်ပါတယ်။

မင်းကိုနိုင်တို့နဲ့ ဗကသမှာ ပူးတွဲလှုပ်ရှားခဲ့တဲ့ အောင်ဒင်ကတော့ ၇–၇–၉၃ ရက်နေ့မှာ ပြစ်ဒဏ်ကျခံနေရာကနေ ပြန်လည်လွတ်မြောက်လာပြီး ကျောင်းဆက်တက်ခွင့်ရရေး အသနားခံစာတင်သွင်းခဲ့တဲ့အတွက် သက်ဆိုင်ရာက လိုက်လျောခွင့်ပြုခဲ့လို့ ၁၉၉၄ ခုနှစ်မှာ B.E ဘွဲ့ရရှိခဲ့ပါတယ်။ အဲဒီနောက် စင်ကာပူမှာ အလုပ်သွားလုပ်ဖို့ဆိုပြီး ထပ်မံအသနားခံခဲ့လို့ သက်ဆိုင်ရာက သဘောထားကြီးစွာနဲ့ နိုင်ငံကူးလက်မှတ်ထုတ်ပေးခဲ့ပါတယ်။

ဒါပေမယ့် အောင်ဒင်ဟာ နိုင်ငံတော်ကို ပြည်ပအားကိုးနဲ့ ဆန့်ကျင်ဖို့အတွက် စင်ကာပူမှတစ်ဆင့် အမေရိကန်ကို ရောက်သွားခဲ့ပါတယ်။ အခုအခါမှာ အောင်ဒင်ဟာ အမေရိကန်ရောက်ပြည်ပြေးတွေနဲ့ဖွဲ့ထားတဲ့ US Campaign for Burmaမှာ ဒါရိုက်တာလုပ်ပြီး နိုင်ငံတော်ကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်လျက်ရှိနေပါတယ်။

မင်းကိုနိုင်၊ ကိုကိုကြီးတို့နဲ့ တစ်ကျိတ်တည်းတစ်ဉာဏ်တည်းသမား အောင်ဒင် ဘာတွေလုပ်နေသလဲဆိုရင် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ဖို့ အမေရိကန်အစိုးရကို တောင်းဆိုခဲ့ပါတယ်။ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေနဲ့ ဆန့်ကျင်လှုပ်ရှားနေသူများအတွက် ထောက်ပံ့ငွေတွေ တောင်းခံပြီး လွှဲပြောင်းပေးပို့နေပါတယ်။ ပြည်တွင်းမှ မဟုတ်မမှန်သတင်းတွေ ရယူစုဆောင်းပြီး နိုင်ငံတကာက ထင်ယောင်ထင်မှားဖြစ်အောင် ထုတ်လွှင့်ဖြန့်ချိ နေပါတယ်။

အလားတူပဲ မင်းကိုနိုင်၊ ကိုကိုကြီးတို့နဲ့ ၁၉၈၈–၈၉ တုန်းက ဗကသမှာ လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့တဲ့ ဘိုကြည်ဟာ ပြည်ပြေးတွေနဲ့ ပေါင်းပြီး တစ်ဖက်နိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းဆိုတဲ့ AAPP ကို ဖွဲ့စည်းလှုပ်ရှားနေပါတယ်။ အဲဒီ AAPPက ဘာတွေလုပ်နေသလဲဆိုရင် ဆူပူအုံကြွ အကြမ်းဖက်မှုဖြစ်အောင် သွေးထိုးလှုံ့ဆော်တဲ့ တစ်ဝက်တစ်ပျက်ယူဂျီတွေ ဖမ်းဆီးအရေးယူ အပြစ်ပေးခံရတိုင်း၊ ပြည်တွင်းကို ခိုးဝင်ပြီး အဖျက်အမှောင့်လုပ်ငန်းတွေလုပ်တဲ့ အကြမ်းဖက်သောင်းကျန်းသူတွေ၊ ဥပဒေအရ ဖမ်းဆီးအရေးယူအပြစ်ပေးခံရတိုင်း ကျောင်းသားနဲ့ နိုင်ငံရေးသမားဆိုတဲ့ ခေါင်းစဉ်အောက်သွင်းပြီး အကာအကွယ်ပေးနေတာပဲဖြစ်ပါတယ်။ နိုင်ငံတကာက ယုန်ထင်ကြောင်ထင်ဖြစ်အောင် ဖုံးကွယ်လှည့်စားပေးနေတာပဲဖြစ်ပါတယ်။

ဗကသဟောင်းတွေရဲ့ မဟာဗျူဟာအရ မြေအောက်မှ လက်နက်စွဲကိုင်ဆန့်ကျင်တိုက်ခိုက်နေတဲ့ ABFSU တစ်ဖြစ်လဲ ABSDF အဖွဲ့က ဘာတွေလုပ်နေသလဲဆိုရင် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်ရာ မဟာပါသာဏ လိုဏ်ဂူတော်မှာ ဗုံးခွဲတဲ့အထိ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု အမျိုးမျိုးကို လုပ်ဆောင်ခဲ့ပါတယ်။ ရန်ကုန်မြို့ လူစည်ကားရာ သုံးနေရာမှာ အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရရှိအောင် ဗုံးထောင်ဖောက်ခွဲမှုကို အခြားသောင်းကျန်းသူတွေနဲ့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ NCUB နဲ့ DAB မှာပါဝင်ပြီး လူထုတိုက်ပွဲစီမံချက်ကို ရေးဆွဲချမှတ် လုပ်ဆောင်နေပါတယ်။ ယနေ့ထက်တိုင် အကြမ်းဖက်ဖောက်ခွဲရေးအဖွဲ့တွေကို ပြည်တွင်းသို့ စေလွှတ်နေဆဲဖြစ်ပါတယ်။

အခုရှင်းလင်းတင်ပြခဲ့တဲ့ ကြောင်းကျိုးဖြစ်စဉ်တွေကို ဆက်စပ်သုံးသပ်ကြည့်ရင် ၁၉၈၈ အရေးအခင်းကာလမှာ ဆူပူအုံကြွအကြမ်းဖက်မှုတွေ ကူးစက်ပြန့်ပွားအောင် လက်ဝဲလက်ယာပယောဂတွေနဲ့ သွေးထိုးလှုံ့ဆော်ခဲ့တဲ့ ဗကသအဖွဲ့ဝင်ဟောင်းတွေဟာ အကြမ်းဖက်သောင်းကျန်းသူတွေ အဖြစ်နဲ့လည်းကောင်း၊ ဆန့်ကျင်ဘက်ပြည်ပြေးအဖွဲ့တွေ အဖြစ်နဲ့လည်းကောင်း၊ တစ်ဝက်တစ်ပျက်ယူဂျီ အမာခံများအဖြစ်နဲ့လည်းကောင်း ပြည်တွင်းပြည်ပမှာ ဖြန့်ခွဲလှုပ်ရှားပြီး နိုင်ငံနဲ့ပြည်သူတွေ ဘေးအန္တရာယ်ကျရောက်အောင် ဟန်ချက်ညီညီချိန်ကိုက်လုပ်ဆောင်နေကြတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိနိုင်ပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

မင်းကိုနိုင်နဲ့ ကိုကိုကြီးတို့ဟာ ၂၀၀၅ ခုနှစ်မှာ ပြစ်ဒဏ်မှ လွတ်မြောက်ခဲ့ကြပါတယ်။ အလားတူ ပြစ်ဒဏ်မှလွတ်မြောက်လာတဲ့ ဌေးကြွယ်၊ ပြုံးချို၊ မင်းဇေယျစသူတွေနဲ့ ပြန်လည်ပူးပေါင်းမိခဲ့ကြပါတယ်။ သူတို့ကိုယ်သူတို့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့လို့ အမည်ခံခဲ့ပါတယ်။

အမှန်တကယ်တော့ မင်းကိုနိုင်တို့အဖွဲ့ဟာ ၈၈ မျိုးဆက်ကျောင်းသားလို့ အမည်ခံထားပေမယ့် အသက် ၄၀ ကျော် ၅၀ ပိုင်းအရွယ်ကို ရောက်ရှိနေသူ



များဖြစ်လို့ ကျောင်းသားတွေ မဟုတ်ကြတော့ပါဘူး။ သံခဲ ဦးစီးတဲ့ ABSDF အဖွဲ့ဟာလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးလို့ အမည်ခံထားပေမယ့် သူတို့ဟာ ကျောင်းသားတွေမဟုတ်တော့ဘဲ လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်နေတဲ့ သောင်းကျန်းသူတွေသာ ဖြစ်ကြပါတယ်။

လူတိုင်းလိုလိုဟာ တစ်ချိန်တစ်ခါက ကျောင်းသားဘဝကို ဖြတ်သန်းခဲ့ကြသူတွေချည်း ဖြစ်ပါတယ်။ မင်းကိုနိုင်တို့တစ်တွေက ၈၈ မျိုးဆက်ကျောင်းသားလို့ အမည်ခံနေတာဟာ ရိုးသားဖြူစင်တဲ့ ကျောင်းသူကျောင်းသားများကို အသုံးချနိုင်ဖို့ လုပ်ဆောင်တာပဲ ဖြစ်ပါတယ်။ ဒါဟာ မကြံစည်အပ်၊ မလုပ်ဆောင်အပ်တဲ့ကိစ္စ၊ ပညာရေးကိုထိခိုက်စေနိုင်တဲ့ကိစ္စ၊ ဘယ်သူသေသေ ငတေမာရင် ပြီးရော လုပ်တဲ့ ကိစ္စပဲ ဖြစ်ပါတယ်။

မင်းကိုနိုင်တို့အဖွဲ့ဟာ ပြည်တွင်းပြည်ပမှ အာရုံစိုက်လာစေဖို့နဲ့ အဆက်အသွယ်ဟောင်းများနဲ့ ပြန်လည်ချိတ်ဆက်မိဖို့ လှုပ်ရှားခဲ့ကြပါတယ်။ တစ်ချိန်တည်းမှာပဲ ပြည်ပအသံလွှင့်ဌာနများနဲ့ ဆက်သွယ်ပြောဆိုခြင်း၊ အနောက်နိုင်ငံသံရုံးအချို့နဲ့ ဝင်ထွက်ဆက်သွယ်ခြင်း၊ ဆန့်ကျင်ဘက်မြေအောက်အဖွဲ့အစည်းများနဲ့ ချိတ်ဆက်ခြင်း၊ ယခင်ဗကသကဲ့သို့ ကျောင်းသားသမဂ္ဂဖွဲ့စည်းဖို့ ကြိုးပမ်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။

ဆက်လက်ပြီး NLD နဲ့ ဝါရင့်နိုင်ငံရေးသမားတွေရဲ့ အထိမ်းအမှတ်အခမ်းအနား လှုပ်ရှားမှုတွေမှာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ၎င်းတို့နဲ့ ဆက်စပ်ပတ်သက်နေသူတွေရဲ့ သာရေး၊ နာရေး၊ လူမှုရေးအခမ်းအနားတိုင်းကို တက်ရောက်ပြီး နိုင်ငံရေးအမြတ်ထုတ်ခဲ့ကြပါတယ်။ နောက်ဆုံးအခြေအနေမှာ မင်းကိုနိုင်နဲ့ ကိုကိုကြီးတို့အုပ်စုဟာ NCUB ရဲ့ လူထုတိုက်ပွဲစီမံချက် အစိတ်အပိုင်းဖြစ်တဲ့ ဆူပူအုံကြွမှု ဖြစ်ပေါ်ရေးအတွက် လှုံ့ဆော်စည်းရုံးမှုတွေ ပြုလုပ်လျက်ရှိကြောင်း သတင်းများအရ သိရပါတယ်။

မင်းကိုနိုင်နဲ့ ကိုကိုကြီးတို့ဟာ မြန်မာ့နိုင်ငံအရေးကို ကုလသမဂ္ဂအတွင်း ရေးမူးချုပ် ကိုယ်တိုင်ကလည်းကောင်း၊ လုံခြုံရေးကောင်စီကလည်းကောင်း တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းပေးဖို့ အမေရိကန်သံရုံးမှတစ်ဆင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှာ တိုက်တွန်းအကြောင်းကြားစာတစ်စောင် ရေးသားပို့ခဲ့ကြောင်း သိရပါတယ်။

မင်းကိုနိုင်တို့နဲ့ တစ်ဖွဲ့တည်းသမား AAPP မှ ဘိုကြည်ဟာ ပြည်ပနိုင်ငံများရှိ ကျောင်းသားဟောင်းများနဲ့ NGO အဖွဲ့အစည်းအသီးသီးထံမှ အလှူငွေများကောက်ခံကာ ငွေကျပ်သိန်း ၂၅၀ကို ၂၀၀၆ခုနှစ် ဧပြီလ ဒုတိယပတ်အတွင်း ဗြိတိသျှသံရုံးမှတစ်ဆင့် မင်းကိုနိုင်ခေါင်းဆောင်တဲ့ ၈၈မျိုးဆက်ကျောင်းသားအဖွဲ့ထံ ပေးပို့ခဲ့ပါတယ်။ အဲဒီငွေတွေနဲ့ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဇော်မင်း၊ ပြုံးချိုတို့ဟာ လက်ကိုင်ဖုန်းလေးလုံး ဝယ်ယူကာ ပြည်ပနဲ့ ဆက်သွယ်ပြောဆိုခဲ့ကြပါတယ်။ အဖွဲ့ဝင်အားလုံး ဖုန်းဝယ်ယူသုံးစွဲနိုင်ရေးနဲ့ အဖွဲ့ပိုင်ကား ဝယ်ယူထားနိုင်ရေးတို့အတွက်လည်း AAPP က အလှူငွေများ ထပ်မံကောက်ခံပေးပို့သွားမည် ဖြစ်ကြောင်း သိရပါတယ်။

မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်တို့အဖွဲ့ဟာ အကျဉ်းထောင်အသီးသီးမှ နိုင်ငံရေးအကျဉ်းသားဆိုသူများကို ကူညီပံ့ပိုးဖို့ အလှူငွေများ စုဆောင်းလျက်ရှိကြောင်း၊ ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၄ရက်နေ့မှာ အမေရိကန်နိုင်ငံရှိ NGO အဖွဲ့တစ်ခုက ဌေးကြွယ်အား အမေရိကန်သံရုံးမှတစ်ဆင့် ဒေါ်လာသုံးသောင်း ပေးအပ်ခဲ့ကြောင်း သိရပါတယ်။

မင်းဇေယျဆီကိုလည်း အမေရိကန်ရောက် မကသဟောင်းတွေနဲ့ NDD အဖွဲ့ဝင် ခင်ဥမ္မာတို့က ငွေကျပ် ၂၅သိန်း ပေးပို့ခဲ့ကြောင်း သိရပါတယ်။

ဒါတွေကိုကြည့်ရင် ၈၈မျိုးဆက်ကျောင်းသား အမည်ခံထားတဲ့ မင်းကိုနိုင်တို့ ကိုကိုကြီးတို့အဖွဲ့ဟာ အနောက်နိုင်ငံသံရုံးကြီးများရဲ့ ကူညီပံ့ပိုးမှုကို ရယူနေသလို ပြည်ပြေးဗကသဟောင်းတွေ၊ မကသဟောင်းနဲ့ အချိတ်အဆက်ရှိပြီး အဲဒီပြည်ပြေးအဖွဲ့တွေကို ကျောထောက်နောက်ခံပြုလျက် ပြည်တွင်းမှာ လှုပ်ရှားဆောင်ရွက်နေတာဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

ဖော်ပြပါ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုရဲ့ လှုပ်ရှားမှုသတင်းတွေနဲ့ တစ်ဆက်တစ်စပ်တည်းမှာပဲ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဖြစ်တဲ့ ABSDF ကလည်း ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးနဲ့ အဖျက်အမှောင့်လုပ်ငန်းတွေ လုပ်ဆောင်ဖို့အတွက် လှုပ်ရှားဆောင်ရွက်နေကြောင်း သတင်းများ စဉ်ဆက်မပြတ်ဖော်ထုတ်စုံစမ်းရရှိခဲ့ပါတယ်။

စက်တင်ဘာလအတွင်း NCGUB၊ NCUB၊ ABSDFနှင့် VBSWတို့ဟာမြန်မာနိုင်ငံအခြေအနေပြောင်းလဲရေးအတွက် ပြည်တွင်းမှာဖောက်ခွဲမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ရဟန်းသံဃာ၊ တပ်မတော်၊ ကျောင်းသားများနှင့် သက်ဆိုင်သည့် အဆောက်အအုံများကို အဓိကထားဖောက်ခွဲမည်ဖြစ်ကြောင်း၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ အနီးတစ်ဝိုက်တွင်ဖောက်ခွဲရန်စီစဉ်ထားကြောင်း သတင်းရရှိခဲ့ပါတယ်။

အောက်တိုဘာလ ၁၅ရက်နေ့ညမှာ NCUB ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင် မဲဆောက်မြို့သို့ ရောက်ရှိလာပြီး မိုးကြိုးသတင်းစာအယ်ဒီတာ ဇီဝစိုး၊ ABSDF မှ အောင်ကျော်စိုး၊ ထောက်လှမ်းရေးတာဝန်ခံ မင်းလွင်တို့နှင့် တွေ့ဆုံခဲ့ကြောင်း၊ NCUB နှင့် ABSDF ဥက္ကဋ္ဌ သံခဲတို့၏ ညွှန်ကြားချက်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်မည့် မောင်မောင်မြင့်၊ အောင်မိုးရွှေ၊ သန်းငွေစိုးတို့ သုံးဦးအား အောက်တိုဘာလ ၁၉ရက်နေ့တွင် ပြည်တွင်းသို့ စေလွှတ်မည့် အစီအစဉ်ကို ပြောကြားခဲ့ကြောင်း သတင်းရရှိခဲ့ပါတယ်။

အောက်တိုဘာလ ၁၇ရက်က မဲဆောက်မြို့ရှိ ABSDFရုံးခွဲမှာ ခိုင်စိုးနိုင်အောင်ဟာ မင်းလွင်၊စံငွေ၊ ကျွဲကြီး(ခေါ်)ညိုဝင်းနှင့်သန်းသန်းဝင်းတို့အား တွေ့ဆုံပြီး အောက်တိုဘာ လအတွင်း ကျောက်တံခါးမြို့ဗုံးဖောက်ခွဲနှစ်ခုနှင့်ပတ်သက်ပြီး ၎င်းတို့စေလွှတ်လိုက်သော နီလာဝင်းရဲ့ လုပ်ဆောင်ချက်အောင်မြင်သည်ဟု ပြောကြားကြောင်း သတင်းရရှိခဲ့ပါတယ်။

အဲဒီသတင်းတွေနဲ့တစ်ဆက်တည်းမှာပဲ ABSDF အဖွဲ့က ၈၈မျိုးဆက်ကျောင်းသား မင်းကိုနိုင်ရဲ့ မွေးနေ့ပွဲသဝဏ်လွှာတစ်စောင်ကို တရားဝင်ထုတ်ပြန်ပေးပို့ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ၎င်းသဝဏ်လွှာကို မင်းကိုနိုင်တိုက်ပွဲဝင် ညီအစ်ကိုများနှင့်အဖွဲ့အစည်းအသီးသီးသို့ပေးပို့သော သဝဏ်လွှာလို့ ဖော်ပြထားပါတယ်။ ABSDFအဖွဲ့က မင်းကိုနိုင်နဲ့အတူ တစ်သားတည်း တစ်ထပ်တည်း ရပ်တည်နေကြောင်း ရေးသားထားပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

ဒီနေရာမှာABSDF ၊ NCGUB နဲ့ FTUB အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊ ယင်းအဖွဲ့များနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များသည် တရားဥပဒေစိုးမိုးရေးကိုသော်လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်ရေးကိုလည်းကောင်း အနှောင့်အယှက်အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆရတဲ့အတွက် နိုင်ငံတော်က မတရားအသင်းများ အက်ဥပဒေပုဒ်မ (၁၆)အရ ဖော်ပြပါအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းများနှင့်ဆက်နွယ်သည့် အခြားအဖွဲ့ အစည်းများအား မတရားအသင်းများ အက်ဥပဒေပုဒ်မ (၁၅)၊ ပုဒ်မခွဲ(၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းဖြစ်ကြောင်း ၂၀၀၅ခုနှစ် ဩဂုတ်လ ၂၈ရက်နေ့ကတည်းက အတိအလင်းကြေညာထားခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ABSDF၊ NCGUB၊ FTUB၊ DPNS နဲ့ NLD/LAအဖွဲ့နဲ့ ၎င်းအဖွဲ့ဝင်တွေကို အကြမ်းဖက်သူများ Terrorists အဖြစ် နိုင်ငံတော်က တရားဝင်ကြေညာထားခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဖော်ပြပါသတင်းဖြစ်စဉ်များ၊ သက်ဆိုင်ရာ လူပုဂ္ဂိုလ်နဲ့အဖွဲ့အစည်းများရဲ့ ဆက်သွယ်လှုပ်ရှားမှုများအားလုံးရဲ့ ကြောင်းကျိုးဆက်နွယ်နေမှုတွေကို ဆက်စပ်သုံးသပ်ကြည့်မယ်ဆိုရင် ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင် မင်းကိုနိုင်နဲ့ အပေါင်းပါလေးဦးကို သက်ဆိုင်ရာက ဘာကြောင့်ခေါ်ယူစစ်ဆေးမေးမြန်းနေရတယ်ဆိုတဲ့ အဖြေကို ပေါ်လွင်ထင်ရှားစွာ သိသာမြင်သာနေပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

# ပါးစပ်က ငြိမ်းချမ်းရေးလို့ပြောနေပေမယ့် လက်တွေ့တကယ်လုပ်နေတာက ရရှိဖြစ်ထွန်းနေသည့် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်လုပ်ဆောင်

စာမျက်နှာ ၄ မှ

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

ဒါပေမယ့် ၎င်းတို့အဖွဲ့ရဲ့ နောက်ခံသမိုင်းကြောင်းနဲ့ မဟာဗျူဟာအရ ချမှတ်လုပ်ဆောင်နေမှုတွေကို မသိရှိသူတွေအပေါ်မှာ ထပ်မံလှည့်စားဖို့အတွက် ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင်တွေဟာ မင်းကိုနိုင်နဲ့ လေးဦး လွတ်မြောက်ရေးအတွက်ဆိုပြီး လူထုဆန္ဒပြုလွှာလက်မှတ်ရေးထိုးမှု Signature Campaign ကို ဗန်းပြလှုပ်ရှားခဲ့ကြပြန်ပါတယ်။

အဲ့ဒီ Signature Campaign လှုပ်ရှားမှုကို ထုံးစံအတိုင်း ပြည်တွင်းပြည်ပ အဖျက်သမားတွေက မဟုတ်မမှန်သတင်းများနဲ့ ဝိုင်းဝန်းလှုံ့ဆော်ခဲ့ကြပါတယ်။ ပြည်ပအသံလွှင့်ဌာနတွေက လူထုဆန္ဒ ဆန္ဒပြုလွှာလက်မှတ်ရေးထိုးရာမှာ စာပေသမားများ၊ အနုပညာရှင်များ၊ ဆရာဝန်များ၊ ရှေ့နေများအပြင် ရဟန်း၊ သံဃာများလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ လက်မှတ်ပေါင်း ငါးသိန်းကျော်ရခဲ့ကြောင်း ဘေးတီးထုတ်လွှင့်ပေးခဲ့ကြပါတယ်။

အဲ့ဒီ ကိန်းဂဏန်းအရေအတွက်ဟာ အမှန်ကိန်းဂဏန်းတွေမဟုတ်ဘဲ လုပ်ကြံဖန်တီးထားတာတွေ ဖြစ်ပါတယ်။ အဲ့ဒီလိုဖြစ်ကြောင်း သာဓကပြရရင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိခေမာအနောက်ရပ် ထီးလင်းကျောင်းတိုက်မှ သံဃာတော်များက ၎င်းတို့ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းမရှိကြောင်း၊ နိုင်ငံရေးနဲ့ဆက်နွှယ်မှုရှိတဲ့ ဘုန်းကြီးအမည်ခံအချို့မှလွဲပြီး သာသနာအကျိုးသယ်ပိုးနေကြသော သံဃာတော်တိုင်းက လက်မှတ်ရေးထိုးကြမှာ မဟုတ်ကြောင်း၊ သံဃာတော်များကို ခုတုံးလုပ်တဲ့အနေနဲ့ သံဃာ့ဘွဲ့အမည်၊ ကျောင်းတိုက်အမည်၊ လက်မှတ်စသည် တို့ကို အတုရေးထိုးကာ အရေအတွက်များပြားအောင် လိမ်လည်စာရင်းသွင်းပြီး မမှန်မကန် သတင်းထုတ်လွှင့်သွားခြင်းသာဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အလားတူပဲ ပြည်ကြီးတံခွန်မြို့နယ် မဟာဝိဇိတာရာမကျောင်းတိုက်မှ သံဃာတော်များကလည်း ၎င်းတို့ပရိဝုဏ်အတွင်း၌ မည်သည့်သံဃာမျှ လက်မှတ်ရေးထိုးသည်ကို မတွေ့မိ မကြားမိကြောင်း၊ ဘာသာရေးကို ကြည်ညိုလေးစားကြတဲ့ပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် မလိမ့်တပတ်ခုတုံးလုပ်ကာ လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သံဃာစစ် သံဃာမှန်များဟာ သာသနာတော် ထွန်းကားပြန့်ပွားတည်တံ့ရေးအတွက် ကြိုးပတ်အားထုတ်နေကြသူများဖြစ်လို့ ယခုကဲ့သို့ ပါဝင်လက်မှတ်ရေးထိုးမှာမဟုတ်ကြောင်း၊ သံဃာတော်များအနေနဲ့ တစ်ဦးတစ်ယောက်၊ ပါတီတစ်စုတစ်ဖွဲ့အတွက် အသုံးချခံမှာ မဟုတ်ကြောင်း၊ လက်မှတ်တုများဖြင့် ဘာသာရေးကို ခုတုံးလုပ် အမြတ်ထုတ်လှုံ့ဆော်မှုသည် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူလူထုက သံဃာတော်များအပေါ် ကြည်ညိုလေးစားမှု ကင်းမဲ့စေသည့်လုပ်ရပ်ဖြစ်၍ လက်သင့်မခံကြောင်း သုံးသပ်ပြောကြားခဲ့တယ်လို့ သိရှိရပါတယ်။

အောက်တိုဘာလ ၁၁ ရက်နေ့က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ ခမောက်ရွှေမောင်ဆိုသူဟာ မြရည်နန္ဒာရပ်ကွက်ရှိ ၎င်းနဲ့ ရင်းနှီးတဲ့ အိမ်တစ်အိမ်သို့သွားရောက်ပြီး အသင့်ယူဆောင်လာတဲ့ စာရွက်အဖြူပေါ်မှာ ရေးသားထားတဲ့ စာသားတွေကိုမပြဘဲ လက်မှတ်ရေးထိုးခိုင်းကြောင်း၊ လက်မှတ်ရေးထိုးမှုအတွက် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း ပြောဆိုခဲ့လို့ အဲ့ဒီဇနီးမောင်နှံက အားနာပြီး လက်မှတ်ရေးထိုးပေးခဲ့ကြောင်း။

ဒါ့အပြင် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေအချို့ကိုလည်း လက်မှတ်ရေးထိုးခိုင်းပေးဖို့ အကူအညီတောင်းလို့ အိမ်နီးချင်းနှစ်ဦးကို လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ နောက်တစ်ရက်ကျမှ ခမောက်ရွှေမောင်ဟာ မန္တလေးအရှေ့တောင်မြို့နယ် NLD ပါတီဝင်တစ်ဦးဖြစ်ပြီး ၈၈မျိုးဆက်ကျောင်းသား ဆိုသူတွေ ပြန်လည်လွတ်မြောက်ရေးအတွက် ဆန္ဒပြုလက်မှတ် ရေးထိုးခိုင်းခဲ့ခြင်းဖြစ်ကြောင်းသိရလို့ လက်မှတ်ရေးထိုးမိခဲ့တဲ့သူတွေက ခမောက်ရွှေမောင်ကို နောင်တွင် ယခုကဲ့သို့မလိမ့်တပတ်မလုပ်ရန်နဲ့ ၎င်းတို့အိမ်သို့ ဝင်ထွက်သွားလာမှု မလုပ်ဖို့ ရန်တွေ့ပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

အောက်တိုဘာလ ၂၀ ရက်နေ့က မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ခေမာဇလရပ်ကွက်နေ မန္တလေးတိုင်း NLD စည်းရုံးရေးမှူး ဦးမောင်မောင်သန်းရဲ့အိမ်မှာ တိုင်းစည်းရုံးရေးအဖွဲ့ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း၊ အစည်းအဝေးမှာ မန္တလေးတိုင်း NLDစည်းရုံးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းနိုင်က လူထုဆန္ဒပြုလွှာများကို အောက်တိုဘာလ ၂၂ရက်နောက်ဆုံးထားပြီး ရယူကြဖို့ NLD ဗဟိုက ညွှန်ကြားထားကြောင်း၊ ဒါ့ကြောင့် ဆန္ဒပြုလွှာများကို အချိန်မီပေးပို့ကြဖို့ ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း၊ လက်မှတ်ရေးထိုးရေးဆောင်ရွက်ရာမှာ အမည်နဲ့ လက်မှတ် မှန်ကန်ရန်မလိုဘဲ အရေအတွက်များပြားရေးကိုသာ အဓိကထားဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

အောက်ဘိုဘာလ ၂၂ရက်ကလည်း ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်မှ NLDပါတီဝင်အချို့က ပါတီမှတာဝန်ပေး၍ လက်မှတ်ရေးထိုးခြင်းကိစ္စကို ၎င်းတို့ကူညီဆောင်ရွက်ပေးခဲ့ရကြောင်း၊ ဒါပေမယ့် အချို့သော ပါတီဝင်တွေဟာ အမည်တု၊ လက်မှတ်တုတွေနဲ့၊ စာရင်းလိမ်ပြနေကြောင်း NLD အနေဖြင့် အလားတူ လက်မှတ်ရေးထိုးလှုပ်ရှားမှုမျိုးကို ယခင်ကလည်း ပြုလုပ်ခဲ့ဖူးကြောင်း၊ သို့ရာတွင် အောင်မြင်မှုမရရှိခဲ့ကြောင်း ဝေဖန်ပြောကြား နေကြတယ်လို့ သိရှိရပါတယ်။

အောက်တိုဘာ ၂၄ရက်က ရန်ကုန်မြို့ လသာမြို့နယ်(၂၁)လမ်းနေ NlD ပါတီဝင်ဟောင်း ဦးခင်စိုးဟာ မျက်မှန်လုပ်ရန် ရွှေဘုံသာလမ်းထိပ်သို့ ရောက်ရှိစဉ် နိုင်ငံရေးပွဲစားလုပ်နေသည့် လှအောင်ဆိုသူနှင့် ဆုံမိကြောင်း၊ လှအောင်က ဦးခင်စိုးအား လူထုဆန္ဒပြုလွှာတွင် လက်မှတ်ရေးထိုးရန် အတင်းအကျပ်ပြောဆိုခဲ့ရာ ဦးခင်စိုးက ယခုလုပ်ရပ်သည် ပုဂ္ဂိုလ်ရေးကို ရှေ့တန်းတင်ပြီး ကြောင်းကျိုးဆင်ခြင်မှုကင်းစွာ အဓိပ္ပာယ်မဲ့လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံနဲ့ပြည်သူကို အကျိုးပြုသည့် လုပ်ဆောင်မှုမျိုးမဟုတ်သဖြင့် လက်မှတ်ထိုးမပေးနိုင်ကြောင်း ပြင်းပြင်းထန်ထန် ငြင်းဆိုခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာလ ၂၅ ရက်က ပျော်ဘွယ်မြို့နယ် NLD အတွင်းရေးမှူး ဦးအောင်သန်းရဲ့ တာဝန်ပေးစေခိုင်းချက်အရ မြင်းပတ်ရပ်ကွက်နေ ဂျော်နီ(ခေါ်) ကျားကြီးဆိုသူဟာ ရွှေပြည်ရန်အောင်ရပ်ကွက်ရှိ အိမ်တစ်အိမ်သို့သွားရောက်ပြီး အိမ်ရှင်ဇနီးမောင်နှံအား လူထုဆန္ဒပြုလွှာ လက်မှတ်ရေးထိုးခိုင်းသော်လည်း ရေးထိုးပေးခြင်းမရှိလို့ အနီးရှိအိမ်တစ်အိမ်သို့ သွားရောက်ပြီး အကျိုးအကြောင်း ရှင်းလင်းပြောကြားမှုမရှိဘဲ မလိမ့်တပတ်ဖြင့် အိမ်ရှင်အမျိုးသမီးတစ်ဦးထံမှ လက်မှတ်ရယူသွားကြောင်း သိရပါတယ်။

ဖော်ပြပါ သာဓကအချို့ကို ကြည့်ရုံနဲ့ ၎င်းတို့ရဲ့ Signature Campaign ဆိုတာမှာပါတဲ့ လက်မှတ်အများစုဟာ မလိမ့်တပတ်နဲ့ ရယူထားတဲ့ လက်မှတ်တွေ၊ လိမ်ညာရေးထိုးထားတဲ့ လက်မှတ်အတုတွေသာ ဖြစ်နေတယ်ဆိုတာ သုံးသပ်တွေ့ရှိနိုင်ပါတယ်။ အဲဒီလက်မှတ်ရေးထိုးမှုမှာ ပါဝင်လက်မှတ်ရေးထိုးခဲ့သူတွေဟာလည်း လက်တစ်ဆုပ်စာမျှသာဖြစ်ပြီး ဟိုးယခင် NLDရဲ့ Signature Campaign လုပ်ရပ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြတဲ့ ဒီပုတ်ထဲကဒီပဲ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲသမားတွေပဲဖြစ်ကြောင်းလေ့လာတွေ့ရှိနိုင်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ပြည်သူလူထုက အဲဒီ Signature Campaign အပေါ်မှာ ဘယ်လိုသဘောထားသလဲဆိုတာကို သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

အဲဒီလှုပ်ရှားမှုနဲ့ တစ်ဆက်တည်းမှာပဲ အဖြူရောင်လှုပ်ရှားမှု White Expression ဆိုတာ ကိုလည်း အဲဒီအဖွဲ့က ဆက်လုပ်ခဲ့ပြန်ပါတယ်။ ဒါဟာ အေးချမ်းတည်ငြိမ်စွာ နေထိုင်လုပ်ကိုင်စားသောက်လိုတဲ့ ပြည်သူလူထုကို ၎င်းတို့ရဲ့ အရုပ်တော်ပုံအတွင်း အတင်းအဓမ္မ ဆွဲသွင်းနေခြင်းပဲဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း မြန်မာလူမျိုးများဟာ အဖြူရောင်ကို ရိုးသားဖြူစင်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကြည်လင်ဖြောင့်မတ်ခြင်း သဘောထားနဲ့ ဝတ်စားဆင်ယင်ခဲ့တာဟာ မြန်မာ့ထုံးဓလေ့တစ်ရပ်လိုပင် ဖြစ်နေခဲ့ပါတယ်။




**“၈၈” မျိုးဆက်ကျောင်းသားအဖွဲ့သို့ ပြည်ပမှ ငွေကြေးထောက်ပံ့မှု အခြေအနေပြဇယားကို တွေ့ရစဉ်။** (မြန်မာ့အလင်း)

ကော်လာကတုံးအင်္ကျီဖြူနဲ့ တိုက်ပုံဝတ်ဆင်မှုဟာ မြန်မာအမျိုးသားဝတ်စုံပဲဖြစ်ပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုမ္ပဏီလုပ်ငန်းဝန်ထမ်းများ၊ ဆရာ ဆရာမနှင့် ကျောင်းသူ ကျောင်းသား စသူများ နေ့စဉ် ရုံးတက်ကျောင်းတက်ကြရာမှာ အဖြူရောင်အင်္ကျီအပါအဝင် တူညီဝတ်စုံများကို အမြဲတစေဝတ်ဆင်ကြပါတယ်။ သူနာပြုဆရာမများဆိုရင် ရာထူးအဆင့်အလိုက် လုံချည်ရောင်သာကွဲပြားသွားပြီး အင်္ကျီအဖြူကို ဝတ်ဆင်ကြစမြဲ ပြစ်ပါတယ်။ သက်ကြီးရွယ်ကြီးပိုင်း ပုဂ္ဂိုလ်တွေဆိုရင်လည်း အဖြူရောင်အင်္ကျီကိုပဲ ဝတ်ဆင်လေ့ရှိကြပါတယ်။ တရားအားထုတ်သူ သူတော်စင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဥပါသကာများဆိုရင်လဲ အဖြူရောင်ကိုသာ ဝတ်ဆင်ကြပါတယ်။

အဲဒီလို ပြည်သူအများစုရဲ့ နိစ္စဓူဝ အဖြူရောင်ဝတ်စားဆင်ယင်မှုကို ခုတုံးလုပ်အမြတ်ထုတ်နေသူ နိုင်ငံရေးအတ္တအကျဉ်းသမားတွေရဲ့ မဟားတရားလုပ်ရပ်ကြောင့် ပြည်သူလူထုအတွင်းမှာ အင်္ကျီအဖြူရောင်ဝတ်ဆင်ရ မှာကိုပင် စနောင့်စနင်းနဲ့ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း သတင်းစာဆရာကြီးများလည်း ကြားသိကြရမှာဖြစ်ပါတယ်။

ဒါကြောင့် တာဝန်သိစာနယ်ဇင်းသမားတွေက အဲဒီ ၈၈မျိုးဆက်ကျောင်းသားတွေနဲ့ နိုင်ငံရေးသမားတွေရဲ့ အဖြူရောင်လှုပ်ရှားမှုဆိုတာဟာ ပြည်သူတွေရဲ့ နေ့စဉ်လူနေမှုဘဝကိုတောင် ထိပါးစော်ကားရာရောက်နေကြောင်း ဝေဖန်ရေးသားလာကြတာကို တွေ့ရှိရပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

၈၈ မျိုးဆက်ကျောင်းသားဆိုသူများနဲ့ အပေါင်းအပါတွေရဲ့ နောက်တစ်ဆင့်တက်လာတဲ့ လုပ်ရပ်ကတော့ ငြိမ်းချမ်းရေးဝတ်ပြုဆုတောင်းပွဲများ ကျင်းပခြင်းဆိုတာပါပဲ။ အချိန်ကာလကိုလည်း ရက်သတ္တတစ်ပတ် သတ်မှတ်ထားတယ်လို့ဆိုပါတယ်။ ဒါဟာ ဘာသာပေါင်းစုံ အတူယှဉ်တွဲပြီး အေးချမ်းစွာကိုးကွယ်မှုပြုနေကြတဲ့ မြန်မာနိုင်ငံသားအားလုံးကို တစ်ဆင့်တက်ပြီး ထိပါးစော်ကားလိုက်တာပဲ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများအားလုံးသိကြတဲ့အတိုင်း မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာဝင်တွေက အခါကြီးရက်ကြီးနဲ့ ဥပုသ်နေ့တွေမှာ သီတင်းသီလ ဆောက်တည်လေ့ရှိကြပါတယ်။ ထို့အတူပဲ မွတ်စလင်ဘာသာဝင်တွေကလည်း သောကြာနေ့တိုင်းမှာ ဝတ်ပြုဆုတောင်းမြဲ ဖြစ်ကြပါတယ်။ ခရစ်ယာန်ဘာသာဝင်တွေကလည်း တနင်္ဂနွေနေ့တိုင်းမှာ ဝတ်ပြုဆုတောင်းမြဲဖြစ်ပါတယ်။ ဒါကြောင့် ၈၈ မျိုးဆက်ကျောင်းသား အမည်ခံတွေရဲ့ လုပ်ဆောင်မှုဟာ မိရိုးဖလာကိုးကွယ် ရာဖြစ်တဲ့ ဘာသာရေးဆိုင်ရာ ဝတ်ပြုဆုတောင်းမေတ္တာပို့သသူတွေကို ၎င်းတို့အား ထောက်ခံရာရောက်အောင် လူပေါ်လူဇော်လုပ်လိုက်တာပါပဲ။

ဒါ့အပြင် ယခုကာလဟာ မြန်မာ့ရိုးရာတန်ဆောင်တိုင်ပွဲတော်နဲ့ ကထိန်သင်္ကန်းကပ်လှူပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေတဲ့ကာလပဲ ဖြစ်ပါတယ်။ ရုံးဌာနတွေ၊ ကုမ္ပဏီလုပ်ငန်းတွေ၊ ဘာသာရေးအသင်းအဖွဲ့တွေ စုပေါင်း၍လည်းကောင်း၊ မိသားစုအလိုက်လည်းကောင်း ကထိန်သင်္ကန်းကပ်လှူပွဲတွေကို နေ့စဉ်နဲ့အမျှ ကျင်းပနေကြပါတယ်။

ဒီလိုအခါသမယမှာ ဘာသာရေးဝတ်ပြုဆုတောင်းပွဲကျင်းပဖို့ ဥပါယ်တံမျဉ်နဲ့ လှုံ့ဆော်နေတာဟာ ဘာသာရေးနဲ့ နိုင်ငံရေးကို ထွေးရောယှက်တင် ခုတုံးလုပ်အသုံးချနေတာပဲ ဖြစ်ပါတယ်။ ဒါတွေ အားလုံးဟာ **Gene Sharp** ဆိုသူရဲ့ နိုင်ငံရေးအံတုမှု နည်းလမ်းတွေအတိုင်း လိုက်ပါလုပ်ဆောင်နေတာ ဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။

**ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–**

ဒီနေရာမှာ အဖျက်သဘောနဲ့အပြုသဘော၊ အပြောနဲ့လက်တွေ့လုပ်ရပ်၊ လိမ်ညာဝါဒဖြန့်ချိမှုနဲ့ စေတနာရှေ့ထားဆောင်ရွက်မှုတို့ရဲ့ မတူခြားနားကွဲပြားနေတဲ့ ရည်ရွယ်ချက်တွေကို သတိပြုလေ့လာသုံးသပ်နိုင်ဖို့အတွက် သတင်းစာဆရာကြီးများမှ တစ်ဆင့် အသိပေးပြောကြားလိုပါတယ်။

အခု ၈၈မျိုးဆက်ကျောင်းသားဆိုသူများနဲ့ အပေါင်းအပါတွေက ၎င်းတို့ ငြိမ်းချမ်းရေးဝတ်ပြုဆုတောင်းမှုပြုလုပ်ရတဲ့ ပထမရည်ရွယ်ချက်က တိုင်းပြည်ရဲ့ မငြိမ်းချမ်းနိုင်သော ပြဿနာရပ်များကို မေတ္တာရှေ့ထား၍ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန်အတွက်လို့ ဆိုပါတယ်။

ဒါကြောင့်မို့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိဖို့နဲ့ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးရရှိအောင် နိုင်ငံတော်က ဘယ်လိုလက်တွေ့ ကြိုးပမ်း အကောင်အထည်ဖော်နေပြီး အဖျက်သမားတွေက ဘယ်လိုကဖျက်ယဖျက် လုပ်နေကြတယ်ဆိုတာကို နှိုင်းယှဉ်ချိန်ထိုးကြည့်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ပါးစပ်ကငြိမ်းချမ်းရေးလို့ ပြောနေပေမယ့် ၎င်းတို့လက်တွေ့တကယ်လုပ်နေတာကတော့ တိုင်းပြည်မှာ ရရှိဖြစ်ထွန်းနေတဲ့ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားအောင်၊ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပွားအောင် လုပ်ဆောင်နေခြင်းသာ ဖြစ်တယ်ဆိုတာကို သုံးသပ်တွေ့ရှိနိုင်ပါတယ်။

တပ်မတော်အစိုးရဟာ နိုင်ငံတော်တာဝန်ယူခဲ့ချိန်မှစပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရတဲ့ အကြောင်းရင်းတွေကို လေ့လာသုံးသပ်ခဲ့ပါတယ်။ နှစ်ပေါင်း ၄၀ကျော် ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် နှစ်ဦးနှစ်ဖက်စလုံး လူ့စွမ်းအား အရင်းအမြစ်တွေ ပြုန်းတီးခဲ့ရကြောင်း၊ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်အေးချမ်းမှုမရှိလို့ ဖွံ့ဖြိုးတိုးတက်အောင်ဇောက်ချပြီး မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒါ့ကြောင့် ငြိမ်းချမ်းရေးကို ဦးစွာပထမတည်ဆောက်ပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ထူထောင်ရမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိခဲ့ပါတယ်။

အဲဒီသုံးသပ်တွေ့ရှိချက်အတိုင်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်ရရှိအောင် စိတ်သဘောထားဖြူစင်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်မို့ ယခင်အစိုးရအဆက်ဆက်မှာ မတည်ဆောက်နိုင်ခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး(၁၇)ဖွဲ့နဲ့ အဖွဲ့ငယ်အများအပြားဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပါတယ်။ အချို့အဖွဲ့တွေဆိုရင် လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲတဲ့အထိ ရောက်ရှိခဲ့ပါတယ်။

နှစ်ပေါင်း ၄၀ကျော် တိုက်ပွဲတွေ၊ ဆူပူသောင်းကျန်းမှုတွေ ထာဝစဉ်ထူပြောပြီး ဆင်းရဲနွမ်းပါးခဲ့တဲ့ နယ်စပ်ဒေသအများအပြားမှာ အခုဆိုရင် ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်အေးချမ်းမှုရလဒ်တွေ ရရှိခံစားနေကြရပြီဖြစ်ပါတယ်။ နိုင်ငံတော်က တည်ငြိမ်အေးချမ်းမှုနဲ့တစ်ပါတည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ယှဉ်တွဲမြှင့်တင်ဆောင်ရွက်ပေးခဲ့ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနဲ့ ဒေသခံပြည်သူများရဲ့ အားတက်သရော ပါဝင်ပူးပေါင်းကြိုးပမ်းမှုကြောင့် အဲဒီဒေသတွေအားလုံးမှာ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို အတွင်းပိုင်း မြို့ကြီးပြကြီးတွေနဲ့မခြား ရရှိခံစားနေနိုင်ကြပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၉ ကော်လံ ၁

# “ ၈၈ ” မျိုးဆက်ကျောင်းသားအဖွဲ့က ဦးဆောင်ပြီး ဘာသာပေါင်းစုံဝတ်ပြုဆုတောင်းပွဲများ ဗမာပြည်ကွန်မြူနစ်ပါတီယူဂျီတွေ ပူးဝင်လှုပ်ရှားဆောင်ရွက်နေကြောင်းသိသာထင်ရှား

✳ *ကျော်ဖုံးမှ*

ဒီဖြစ်စဉ်မှာ အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅(ည)၊ ပုံနှိပ်အက် ၁၇/၂၀၊ မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)၊ လဝက ၁၃(၁) ပြစ်မှုများအရ စုစုပေါင်း ထောင်ဒဏ်(၅၇)နှစ် ပြစ်ဒဏ်ကျခံနေတဲ့ သက်ဝင်းအောင်ဟာ မန္တလေးမြို့ အကျဉ်းထောင်ဆေးရုံဆောင်မှာ ဆေးရုံတက် ဆေးဝါးကုသမှု ခံယူနေစဉ် ၁၆-၁၀-၂၀၀၆ရက်နေ့ ၀၇၄၀နာရီအချိန်မှာ နှလုံးကြွက်သား ရောင်ရမ်းတဲ့ သဘာဝရောဂါနဲ့ သေဆုံးခဲ့ပါတယ်။ အဲဒီသေဆုံးမှုနဲ့ ပတ်သက်ပြီး တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါတယ်။

**ညှို့သည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား-**

သက်ဝင်းအောင်ဟာ ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေလေးရပ်ကွက် သမိန်ဗရမ်းလမ်း အမှတ်(၈၂)နေ (ဘ)ဦးဝင်းမောင်၊ (မိ)ဒေါ်မြမြအေးတို့ရဲ့ သားသမီးငါးဦးအနက် အငယ်ဆုံးသားဖြစ်ပြီး ၁၉၇၁ခုနှစ်မှာ ရန်ကုန်မြို့မှာ မွေးဖွားခဲ့ပါတယ်။ ငယ်စဉ်က တာမွေမြို့နယ် အမက(၃)နဲ့ အထက(၅)တို့မှာ ပညာသင်ကြားခဲ့ပြီး ၁၉၉၂-၁၉၉၃ခုနှစ်မှာ ဒသမတန်းအထိ ပညာသင်ကြားပြီး ကျောင်းထွက်ခဲ့သူ ဖြစ်ပါတယ်။

**သက်ဝင်းအောင်ဟာ နိုင်ငံအတွင်းမှာ မတည်မငြိမ်မှုတွေနဲ့ အပျက်အစီးတွေ များစွာဖြစ်ပေါ်ခဲ့ရတဲ့ ၁၉၈၈ခုနှစ် ဩဂုတ်လ အရေးအခင်းကာလမှာ တာမွေမြို့နယ် အထက(၅)၊ နဝမတန်းမှာ ပညာသင်ကြားနေစဉ် ကျောင်းသားသမဂ္ဂဖွဲ့စည်းရာမှာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ၁၉၈၉ခုနှစ် ဇွန်လ ကျောင်းပြန်ဖွင့်ချိန်မှာတော့ တာမွေမြို့နယ် အခြေခံကျောင်းသားသမဂ္ဂအဖြစ် ပြင်ဆင်ဖွဲ့စည်းရာမှာ ပါဝင်ခဲ့ပါတယ်။**

**၁၉၈၉ခုနှစ် အခြေခံကျောင်းသားသမဂ္ဂ (ရန်ကုန်ခရိုင်)မှာ ဦးဆောင်ပါဝင်လှုပ်ရှားခဲ့ပြီး ၁၉၉၇ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့မှာ သမဂ္ဂအဖွဲ့ခေါင်းဆောင် မင်းဇင်နဲ့အတူ ရန်ကုန်၊ လှိုင်ကော်၊ ဒီမောဆိုမှတစ်ဆင့် တောလမ်းအတိုင်း ထိုင်းနိုင်ငံ မယ်စလင်းမြို့သို့ တရားမဝင်သွားရောက်ခဲ့ပြီး မယ်စလင်းရှိ ABSDF ရုံးမှာ အကြမ်းဖက်သောင်းကျန်းသူ ABSDF အဖွဲ့နဲ့ စတင်တွေ့ဆုံ ဆက်သွယ်ခဲ့ပါတယ်။**

**ABSDF** အဖွဲ့ဆိုတာဟာ ညှို့သည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများ သိပြီးဖြစ်တဲ့အတိုင်း ကျောင်းသားဆိုတဲ့ သန့်ရှင်းတဲ့အမည်ကို အလွဲသုံးစားပြုပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်နေတဲ့ အဖွဲ့ဖြစ်ပါတယ်။ သူ့ရဲ့မူလဗီဇရုပ်သွင်ဟာ အစိုးရကို လက်နက်စွဲကိုင်ဆန့်ကျင်တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်း၊ မိုင်းထောင်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူသတ်ခြင်းစတဲ့ အကြမ်းဖက်လုပ်ရပ်များကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။**

**ဒါ့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ABSDF အဖွဲ့နှင့် အဖွဲ့ဝင်တွေကို ၁၂-၄-၂၀၀၆နေ့မှာ ကြေညာချက်အမှတ် ၁/၂၀၀၆ နဲ့ အကြမ်းဖက်သူများနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့တာဖြစ်ပါတယ်။ သက်ဝင်းအောင်ဟာ အဲဒီလိုအကြမ်းဖက်လုပ်ရပ်များလုပ်နေတဲ့ ABSDF အဖွဲ့နဲ့ တွေ့ဆုံဆက်သွယ်ခဲ့ပြီးနောက်ပိုင်း ABSDF တပ်ဖွဲ့ဝင် တစ်ဦးအဖြစ် ၁၉၉၇ခုနှစ် ဒီဇင်ဘာလမှာ ဗန်ကောက်မြို့သို့ ရောက်ရှိခဲ့ပြီး ၁၉၉၈ခုနှစ် ဩဂုတ်လ ၉ရက်နေ့မှာ ခေါင်းဆောင်မင်းဇင်ရဲ့ တာဝန်ပေးစေလွှတ်ချက်အရ ပြည်တွင်းမှာ လူထုဆူပူအုံကြွမှုဖြစ်ရေး၊ နိုင်ငံတော်အစိုးရကို ဘက်ပေါင်းစုံမှ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးစတဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ တရားမဝင် ပြန်လည်ဝင်ရောက်လာခဲ့သူဖြစ်ပါတယ်။**

အကြမ်းဖက် သောင်းကျန်းသူ ABSDF တပ်ဖွဲ့ဝင် သက်ဝင်းအောင်ဟာ မြန်မာနိုင်ငံကို တရားမဝင် ပြန်လည်ရောက်ရှိခဲ့ပြီးနောက် ပြည်တွင်းဆူပူမှုများ ဖြစ်ပေါ်စေရန် တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ ၎င်းအပါအဝင် (၂၄)ဦးအဖွဲ့ဟာ ရိုးသားတဲ့ကျောင်းသားထုအတွင်း အဖျက်လုပ်ငန်းပြုလုပ်ရန် စည်းရုံးမှုပြုခြင်း၊ နိုင်ငံတော်အစိုးရဆန့်ကျင်သည့်စာများရေးသားရိုက်နှိပ်ဖြန့်ဝေခြင်းများလဲ စီစဉ်ပြုလုပ်ခဲ့ကြပါတယ်။

**၎င်းအပြင် သူတို့အဖွဲ့ဟာ လူထုအုံကြွမှုဖြစ်စေရန် အစိုးရကိုဆန့်ကျင်တဲ့ ကြွေးကြော်သံများနဲ့ ၂၄-၈-၉၈ ရက်နေ့ ၁၂း၂၅နာရီအချိန်မှာ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအနီးမှာ အနီရောင် ခွပ်ဒေါင်းအလံများ ကိုင်ဆောင်ပြီး အော်ဟစ်ဆူပူ ဆန္ဒပြခြင်း၊ လူစုလူဝေးဖြင့် ရန်းရင်းဆန်ခတ် ဖြစ်ပေါ်အောင်ကြိုးစားခြင်း၊ ၂၂-၉-၉၈ ရက်နေ့ ညနေ ၄နာရီခွဲအချိန်မှာ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနဲ့လမ်း၃၀ထောင့်ရှိ နီလာဒံပေါက်ဆိုင်ရှေ့မှာ အနီရောင်ခွပ်ဒေါင်းအလံများကိုင်ပြီး အော်ဟစ်ဆူပူ ဆန္ဒပြခြင်း၊ ဆန္ဒပြနေစဉ်မှာ အစိုးရဆန့်ကျင်တဲ့စာများဝေငှခြင်း၊ ကြဲချခြင်း စသည်ဖြင့် လူစုလူဝေးတွေ ဖြစ်ပေါ်စေပြီး မငြိမ်မသက်ဖြစ်အောင် ပြုလုပ်ခဲ့ကြပါတယ်။**

**ညှို့သည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား-**

သက်ဝင်းအောင်ရဲ့ အဲဒီလုပ်ဆောင်ချက်တွေဟာ-

- **နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားမှုကိုထိခိုက်စေရန် အများပြည်သူ၏ သို့မဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကို ဖြစ်စေ၊ အပြုအမူကိုဖြစ်စေ၊ ဖောက်လွဲဖောက်ပြန် ဖြစ်စေရန် ကြံရွယ်၍ လုပ်ဆောင်ရာရောက်ကြောင်းတွေ့ရှိရတဲ့အပြင် လူစုလူဝေးဖြစ်အောင်၊ ဆန့်ကျင်ဆူပူမှုများ ဖြစ်အောင် တမင်ရည်ရွယ်ပြီး အစိုးရဆန့်ကျင်တဲ့ စာများကို ရေးသားစီစဉ်ရိုက်နှိပ်ကြဲချခြင်း၊ ဟောပြောစည်းရုံးခြင်း များကိုလည်း ပြုလုပ်ခဲ့ခြင်း၊**
- **မြန်မာနိုင်ငံအတွင်းမှ တရားမဝင် ထွက်ခွာသွားခဲ့ပြီး ဆန့်ကျင်ဘက် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခဲ့ခြင်း၊ ကိုယ်တိုင်အကြမ်းဖက် သောင်းကျန်းသူတပ်ဖွဲ့ဝင်ဖြစ်ခဲ့ခြင်း၊ အဲဒီနောက် ထိုင်းနိုင်ငံမှတစ်ဆင့် တည်ဆဲဥပဒေနဲ့ဆန့်ကျင်ပြီး မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ပြန်လည်ဝင်ရောက်လာခြင်း၊ နိုင်ငံအတွင်းမှာလဲ ငြိမ်ဝပ်ပိပြားမှုပျက်ပြားအောင်နဲ့ လူထုဆူပူအုံကြွမှုတွေ ဖြစ်ပွားအောင် နည်းမျိုးစုံနဲ့ စဉ်ဆက်မပြတ်ဦးဆောင်လှုံ့ဆော်ဆောင်ရွက်ခြင်းစတဲ့ လုပ်ရပ်တွေကို အကြိမ်ပေါင်းများစွာ ပြုလုပ်လာခဲ့တဲ့အတွက် တရားစွဲတင် အရေးယူဖို့ ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ရာမှာ ပြစ်မှုကြီး ကိုးမှုကို ကျူးလွန်ကြောင်း ထင်ရှားတာကြောင့် သက်ဝင်းအောင်ကို ၁၅-၁-၁၉၉၉နေ့မှာ ထောင်ဒဏ် စုစုပေါင်း ၅၇နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ရတာ ဖြစ်ပါတယ်။**

**ညှို့သည်တော်ကြီးများနဲ့သတင်းစာဆရာကြီးများခင်ဗျား-**

သက်ဝင်းအောင် ပြစ်ဒဏ်ကျခံရချိန်က အင်းစိန်ဗဟိုအကျဉ်းထောင်မှာ လူများကျပ်တည်းနေတဲ့အတွက် အကျဉ်းသား ၈၆ဦးတို့ကို အကျဉ်းထောင် အသီးသီးသို့ ဖြန့်ခွဲပြောင်းရွှေ့ခဲ့ရာမှာ သက်ဝင်းအောင်လည်း အင်းစိန်ထောင်မှ ကလေးအကျဉ်းထောင်သို့ ၁၁-၄-၁၉၉၉ရက်နေ့မှာ ပြောင်းရွှေ့ခဲ့ရပါတယ်။



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်းပြောကြားစဉ်။**
(မြန်မာ့အလင်း)

**သက်ဝင်းအောင်ဟာ သူ့ပြစ်မှုအတွက် အကျဉ်းကျခံနေရတဲ့ အချိန်တွေမှာလဲ အကျဉ်းထောင်အတွင်း စည်းမျဉ်း၊ စည်းကမ်းတွေကို လိုက်နာသူမဟုတ်ဘဲ ထောင်သက်တမ်းတစ်လျှောက်တွင် တစ်ခုမဟုတ်တစ်ခု ပြဿနာရှာနေသူလို့ ပြောရမှာဖြစ်ပါတယ်။** ကလေးအကျဉ်းထောင်မှာ ပြစ်ဒဏ်ကျခံနေရစဉ် ကျန်းမာရေးနဲ့ပတ်သက်ပြီး သာမန်အရေပြား ယားနာရောဂါ၊ အဖျားရောဂါ၊ သွေးတိုးရောဂါ၊ ရင်ခေါင်းအောင့်ရောဂါ၊ နှာစေးချောင်းဆိုးရောဂါများ ဖြစ်ပွားခဲ့တဲ့အတွက် အလှည့်ကျဆရာဝန်များနဲ့ ဆေးကုသမှု ၁၈ကြိမ်ပြုလုပ်ပေးခဲ့ပါတယ်။ လေ့လာနိုင်ဖို့အတွက် ဆေးမှတ်တမ်းများကို ဘုတ်တွေမှာ စနစ်တကျ ပြသထားပါတယ်။ သက်ဝင်းအောင်ဟာ တင်ပြခဲ့ပြီးဖြစ်သလို အကျဉ်းထောင်တွင်း စည်းမျဉ်း၊ စည်းကမ်းတွေကို အကြိမ်ကြိမ်ချိုးဖောက်နေတာမို့ အကျဉ်းထောင် လုပ်ထုံးလုပ်နည်းနဲ့အညီ ကလေးအကျဉ်းထောင်ကနေ ၂၁-၅-၂၀၀၂ရက်နေ့မှာ ခန္တီးအကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့ရပါတယ်။

**သက်ဝင်းအောင်ဟာ ခန္တီးအကျဉ်းထောင်ကို ရောက်ရှိပြီးတဲ့နောက်ပိုင်းမှာ စနစ်တကျ ဂရုတစိုက် ပြုစုကျွေးမွေးခဲ့သော်လဲ အစာကောင်းမွန်စွာမစားခြင်း၊ မအိပ်ဘဲနေခြင်းစတာတွေ ပြုလုပ်နေတာကြောင့် ဆေးကုသမှု ၂၂ကြိမ် ပြုလုပ်ပေးခဲ့တဲ့အပြင် စိတ်ရောဂါအထူးကုဆရာဝန်ကြီးနဲ့ပါ ပြသကုသပေးနိုင်ရေး အတွက် ၅-၁၂-၂၀၀၃ရက်နေ့မှာ မန္တလေး ဗဟိုအကျဉ်းထောင်ကြီးသို့ လေကြောင်းခရီးဖြင့် ပို့ဆောင်ပြောင်းရွှေ့ပေးခဲ့ပါတယ်။**

အဲဒီနောက် သက်ဝင်းအောင်ကို ၅-၁-၂၀၀၄ရက်နေ့မှစလို့ မန္တလေး အကျဉ်းထောင်ဆေးရုံဆောင်မှာထားပြီး ဆေးဝါးများ ကုသပေးခဲ့ပါတယ်။ ဒါ့အပြင် ထပ်မံပြီး ထိထိရောက်ရောက်ကုသနိုင်ဖို့အတွက် အထွေထွေရောဂါ အထူးကုဆရာဝန်ကြီးရဲ့ ဆေးမှတ်ချက်အရ ၂၀-၅-၂၀၀၅ရက်နေ့မှာ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးခဲ့ပါတယ်။ ၂၃-၅-၂၀၀၅ ရက်နေ့မှာ ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးနောက်ပိုင်းမှာ အကျဉ်းထောင်ဆေးရုံမှာ ဆက်လက်ဆေးကုသပေးခဲ့ပါတယ်။ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးရဲ့ စစ်ဆေးတွေ့ရှိချက်အရ ဦးနှောက်ငယ် (Cerebellum) ယိုယွင်းခြင်းကြောင့် အထွေထွေအာရုံကြောအားနည်းခြင်း၊ အာရုံကြောမကြီးရဲ့ ထိသိမှုပျက်စီးခြင်း ရောဂါဖြစ်တယ်လို့ သိရှိရပါတယ်။

**ညှို့သည်တော်ကြီးများနဲ့သတင်းစာဆရာကြီးများခင်ဗျား-**

**မန္တလေးမြို့ ဗဟိုအကျဉ်းထောင်မှာ သက်ဝင်းအောင်ကို လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝပေးပြီး ကုသပေးခဲ့ရာ ၂၀၀၄ခုနှစ် အတွင်း အကျဉ်းထောင်တာဝန်ခံ ဆရာဝန်ကြီးက နေ့စဉ်စမ်းသပ်ကုသပေးခဲ့တဲ့ အပြင် ပြင်ပအထူးကုများဖြစ်တဲ့ စိတ်အထူးကု ဆရာဝန်ကြီးဖြင့် ၁၂ကြိမ်နဲ့ ပြင်ပအထွေထွေ ရောဂါကုဆရာဝန်ကြီးဖြင့် ပြသခြင်းများကိုပါ လိုအပ်သလို စစ်ဆေးကုသပေးခဲ့ကြောင်း တွေ့ရှိပါတယ်။ ဆေးကုသပေးခဲ့တဲ့ မှတ်တမ်းများလဲ လေ့လာနိုင်အောင် ဘုတ်မှာ ပြသထားပါတယ်။**

၂၀၀၅ခုနှစ်ကာလကို လေ့လာကြည့်ပါကလဲ ပြင်ပဆရာဝန်ကြီးများဖြစ်ကြတဲ့ စိတ်အထူးကုဆရာဝန်ကြီးနဲ့ ကိုးကြိမ်၊ ပြင်ပဆေးရုံကြီးမှာ အထွေထွေရောဂါကု ဆရာဝန်ကြီးများနဲ့ နှစ်ကြိမ်စစ်ဆေးကုသပေးခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ ဒါ့အပြင် ၂၀၀၆ခုနှစ်မှာဆိုရင် မကွယ်လွန်မီအထိ အကျဉ်းထောင် ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာဦးစောလွင်က နေ့စဉ်သွေးပေါင်ချိန်ခြင်း၊ သွေးခုန်နှုန်းတိုင်းခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်းများ စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဂရုတစိုက်ပြုလုပ်ပေးခဲ့ပြီး လိုအပ်သလို စစ်ဆေးကုသမှုများကိုလဲ ပြုလုပ်ပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါတွေကို ပြောပြရနေခြင်းဟာ အကျဉ်းထောင်က တာဝန်ရှိသူများအနေနဲ့ အကျဉ်းသားတိုင်းကို လုပ်ထုံးလုပ်နည်းနဲ့အညီ စောင့်ရှောက်မှုတွေ ပြုလုပ်နေတယ်ဆိုတာကို ဖြစ်ရပ်မှန်အတိုင်း သိစေချင်လို့ ဖော်ပြရခြင်းဖြစ်ပါတယ်။

အဲဒီအတောအတွင်း ၁၄-၁၀-၂၀၀၆ရက်နေ့မှာ သက်ဝင်းအောင်ဟာ ခြေထောက်များ ထုံကျဉ်ခြင်း၊ ဖောရောင်ခြင်းများ ဖြစ်ပွားခဲ့တဲ့အတွက် တာဝန်ခံဆရာဝန်ကြီးကိုယ်တိုင် ကြပ်မတ်စစ်ဆေး ကုသပေးခဲ့ပါတယ်။ အဲဒီလိုအကျဉ်းသား သက်ဝင်းအောင်ကို နှစ်အလိုက်စနစ်တကျပြုစုကုသပေးနေစဉ်မှ ၁၆-၁၀-၂၀၀၆ ရက်နေ့ ၀၇း၂၅နာရီမှာ မန္တလေးအကျဉ်းထောင်က ဒုထောင်မှူး ဦးအေးကြူက သက်ဝင်းအောင် သတိလစ်နေကြောင်း သတင်းပို့မှုကြောင့် တာဝန်ခံဆရာဝန်ကြီးက ချက်ချင်းသွားရောက်စစ်ဆေး ကြည့်ရှုကုသပေးခဲ့ပါတယ်။

ဒါပေမယ့် ၀၇း၄၀နာရီမှာ သက်ဝင်းအောင်ဟာ ပြုစုကုသနေစဉ်ကြားက သေဆုံးသွားခဲ့ပါတယ်။ သေဆုံးသူ အကျဉ်းသား သက်ဝင်းအောင်ရဲ့ ရုပ်အလောင်းကို မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဦးစောလွင်က မန္တလေးမြို့ အထွေထွေရောဂါဆေးရုံကြီးနဲ့ မှုခင်းဆရာဝန်ကြီးရုံးကိုပေးပို့ပြီး သေဆုံးရခြင်းအကြောင်းရင်းကို စစ်ဆေးပေးပါရန် ဆေးစာနဲ့ အဲဒီနေ့ ၁၄း၂၀နာရီမှာပဲ လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပါတယ်။

**ညှို့သည်တော်ကြီးများနဲ့သတင်းစာဆရာကြီးများခင်ဗျား-**

သက်ဝင်းအောင်ရဲ့ အလောင်းကို မှုခင်းဆရာဝန်ကြီးရုံးခန်းမှာ မှုခင်းဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးမျိုးမင်း၊ မှုခင်းဆရာဝန်ကြီးရဲ့ ပထမလက်ထောက်ကထိက ဒေါက်တာဦးသောင်းလင်း၊ လက်ထောက်မှုခင်းဆရာဝန် ကထိကဒေါက်တာဦးကျော်ကျော်ဦးနှင့် ဒေါက်တာဦးဌေးတင်ချစ်တို့ ပါဝင်တဲ့ အဖွဲ့က ၁၆-၁၀-၂၀၀၆ရက်နေ့ မွန်းလွဲ ၂နာရီမှ ညနေ၄နာရီအထိ ရင်ခွဲစစ်ဆေးချက်အမှတ် ၇၂၁/၀၆အရ ရင်ခွဲစစ်ဆေးခဲ့ပါတယ်။

**မှုခင်းဆရာဝန် ပါမောက္ခကြီး ဒေါက်တာဦးမျိုးမင်းရဲ့ ရင်ခွဲစစ်ဆေးချက်အရ အလောင်းရဲ့အပြင်ဘက်နဲ့အတွင်းတို့မှာ မသင်္ကာဖွယ်ရာ မည်သည့်ဒဏ်ရာ ဒဏ်ချက်မျှမတွေ့ရှိရကြောင်းနဲ့ အဆုတ်နှစ်ဖက်စလုံးမှာ အရည်တည်ရှိပြီး နှလုံးမှာလည်း နဂိုအရွယ်အစားထက်ကြီးမားကာ လက်ဝဲဘက်အခန်းဟာ ကျယ်နေကြောင်း၊ အသည်းရဲ့ အတွင်းပိုင်းမှာ (Nut Meg Liver)လို့ခေါ်တဲ့ နှလုံးရောဂါကြာရှည်စွဲကပ်တဲ့ လက္ခဏာများကို တွေ့ရှိရကြောင်းနဲ့ သေဆုံးရတဲ့ အကြောင်းရင်း (Cause of Death)မှာ သဘာဝရောဂါကြောင့်ဖြစ်ပြီး နှလုံးကြွက်သားရောင်ရမ်းသောရောဂါ (Congestive Cardiomyopathy) ကြောင့် နှလုံးလုပ်ငန်းရပ်ဆိုင်းပြီး(Congestive Cardiac Failure) သေဆုံးရခြင်းဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ပါတယ်။ ဆရာဝန်ကြီးရဲ့ ရင်ခွဲစစ်ဆေးချက်မှတ်တမ်းများနှင့် ခန္ဓာကိုယ်တစ်ခုလုံးမှာ မည်သည့်ဒဏ်ရာဒဏ်ချက်မျှ မရှိကြောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းလိုက် အသေးစိတ်စစ်ဆေးထားချက်တွေကိုလဲ ဘုတ်တွေမှာ ညှို့သည်တော်ကြီးများ လေ့လာနိုင်အောင် ပြသထားပါတယ်။**

**သက်ဝင်းအောင် ကွယ်လွန်ပြီးနောက် ၁၇-၁၀-၂၀၀၆ရက်နေ့ ၁၀း၄၅နာရီမှ ၁၁း၁၀နာရီအထိ သက်ဝင်းအောင်ရဲ့ဖခင် ဦးဝင်းမောင်နဲ့ အစ်ကိုဖြစ်သူ ဦးအောင်တိုးတို့ကို မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသာဦး၊ ထောင်တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဦးစောလွင်တို့က လက်ခံတွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုတွေ့ဆုံရာမှာ ဦးသာဦးက သက်ဝင်းအောင်ကို ထောင်တာဝန်ခံ ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနဲ့ အစွမ်းကုန်ကုသပေးခဲ့ကြကြောင်း၊ အပိုရိက္ခာများကိုလဲ အစဉ်အမြဲပံ့ပိုးကျွေးမွေးခဲ့ကြောင်းနဲ့ သူ့ရဲ့ရောဂါအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဖခင်ဖြစ်သူ ဦးဝင်းမောင်က ဆေးကုသပေးတာကို သိရှိပါကြောင်းနဲ့ အဲဒီလိုဂရုတစိုက် ဆေးဝါးကုသပေးခဲ့တဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်းကိုပါ ကာယကံရှင် မိသားစုအနေနဲ့ ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရပါတယ်။**

အဲဒီနောက် သက်ဝင်းအောင်ရဲ့ ရုပ်အလောင်းကို ၁၇-၁၀-၂၀၀၆ရက်နေ့ ၁၅း၀၀နာရီမှာ မန္တလေးဆေးရုံကြီးကနေ ပုသိမ်ကြီးမြို့နယ် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ဂူသွင်းသင်္ဂြိုဟ်ခဲ့ပါတယ်။

အဲဒါကြောင့် အကျဉ်းသားသက်ဝင်းအောင် အကျဉ်းထောင်ဆေးရုံအတွင်း သေဆုံးခဲ့ရမှုဟာ သဘာဝရောဂါကြောင့်သာ သေဆုံးခဲ့ရခြင်းဖြစ်တယ်ဆိုတာ သိသာထင်ရှားကြောင်း တင်ပြလိုပါတယ်။ အကျဉ်းထောင်တာဝန်ရှိသူများ အနေနဲ့ သွေးရင်းသားရင်းသဖွယ် နေ့စဉ်မပြတ် နွေးထွေးစွာ ဆက်ဆံပြီး တတ်ကျွမ်းနားလည်တဲ့ ထောင်တာဝန်ခံ ဆရာဝန်ကြီးအပြင် ပြင်ပက သမားတော်ကြီးများနဲ့ပါ ရက်ရှည်လများ ဆေးဝါးကုသပေးခဲ့တယ် ဆိုတာလည်း မှတ်တမ်းမှတ်ရာပိုင်းအရ ခိုင်မာထင်ရှားလှပါတယ်။ ဒါပေမယ့်လဲ အဲဒီလို သက်ဝင်းအောင် သေဆုံးရခြင်းနဲ့ ပတ်သက်ပြီး ၂၀-၁၀-၂၀၀၆ရက်နေ့ ဗွီအိုအေ သတင်းမှာ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Ian Mc Cartney က သက်ဝင်းအောင်ကို ထောင်ထဲမှာ တရားလွန် နှိပ်စက်ညှဉ်းပန်းကြတယ်လို့ မျက်မှန်းရမ်းတုတ် ပြောဆိုစွပ်စွဲခဲ့ပါတယ်။ အလားတူပဲ အကြမ်းဖက်သောင်းကျန်းသူ ABSDF အဖွဲ့ကလဲ ၁၇-၁၀-၂၀၀၆ရက်စွဲနဲ့ သတင်းထုတ်ပြန်ခဲ့ရာမှာ သက်ဝင်းအောင်ဟာ စစ်ကြောရေးစခန်းနဲ့ အကျဉ်းထောင်ထဲမှာ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကို ခံခဲ့ရတယ်လို့ လုပ်ကြံစွပ်စွဲဖော်ပြခဲ့ပါတယ်။ ပြည်ပအခြေစိုက်စာနယ်ဇင်းများကလဲ အလားတူ နှိပ်စက်ညှဉ်းပန်းခံရလို့ သေဆုံးခဲ့ကြောင်း စွပ်စွဲပြောဆိုခဲ့တာကြောင့် ဖြစ်ရပ်မှန်ကို သတင်းစာဆရာကြီးများ သိရှိအောင် ယခုလို အကျယ်တဝင့် ရှင်းပြရခြင်းပဲ ဖြစ်ပါတယ်။

တကယ်တော့ ပြည်ပမီဒီယာတွေ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အကြောင်းရင်းမှန် တစ်စုံတစ်ရာကိုမသိဘဲ သက်ဝင်းအောင်ဟာ အကျဉ်းထောင် အတွင်း နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ ရိုက်နှက်ခံရခြင်းကြောင့် သေဆုံးရတာ

***စာမျက်နှာ ၇ ကော်လံ ၁***

*စာမျက်နှာ ၆ မှ*

ဖြစ်တယ်လို့ စွပ်စွဲခြင်းများဟာ လုံးဝ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်များသာ ဖြစ်ပါတယ်။ သာမန်ဖြစ်စဉ်တစ်ခုအပေါ် ယုတ်မာကောက်ကျစ်တဲ့နည်းနဲ့ နိုင်ငံရေးအမြတ်ထုတ်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

သက်ဝင်းအောင်ဟာ နှိပ်စက်ညှဉ်းပန်းမှုကြောင့် သေဆုံးခဲ့ရတာဖြစ်လို့ တာဝန်ရှိအစိုးရကို လူထုတစ်ရပ်လုံးက ဆူပူအုံကြွပြီး လူထုတိုက်ပွဲနဲ့ ဆန့်ကျင်ကြဖို့ဆိုပြီး သွေးထိုးလှုံ့ဆော်မှုပြုခဲ့ကြတာတွေကလည်း အကြမ်းဖက်အဖွဲ့အစည်း ဖြစ်တဲ့ ABSDF နဲ့ ပြည်တွင်း/ပြည်ပ ဆန့်ကျင်ဖက်အဖွဲ့အစည်းများ စနစ်တကျ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း ABSDF ရဲ့ ၁၇-၁၀-၂၀၀၆ရက်နေ့ရက်စွဲပါ ကြေညာချက်နဲ့ ဆက်စပ်ကြည့်ရင် ပုံပေါ်လာမှာဖြစ်ပါတယ်။

**ညှိသည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား-**

ကျွန်တော့်အနေနဲ့ သက်ဝင်းအောင်ရဲ့ ဖြစ်ရပ်မှန်ကိုရှင်းလင်းပြပြီးနောက်မှာ အဲဒီအခြေအနေနဲ့ တစ်ဆက်တည်း အကျဉ်းထောင်များအပေါ် စွပ်စွဲပြောဆိုနေမှု အခြေအနေများကို ဆက်လက်တင်ပြလိုပါတယ်။ ပြည်ပမီဒီယာများနဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းများဟာ အစဉ်သဖြင့် ကျွန်တော်တို့နိုင်ငံအပေါ် မျက်စိစုံမှိတ်ပြီး မဟုတ်မဟတ် လုပ်ဇာတ်ခင်းကာ စွပ်စွဲပုတ်ခတ်နေကြတာဟာ စဉ်ဆက်တစ်လျှောက်လုံးလို့ ပြောရမှာဖြစ်ပါတယ်။ တကယ်တော့ အကျဉ်းထောင်များမှာ အချိန်အခါအခြေအနေနှင့် လိုက်လျောညီထွေမှုရှိတဲ့ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ထားတဲ့အပြင် ထောင်လက်စွဲစာအုပ်(Jail Manual)ဆိုတာ ရှိပြီးဖြစ်လို့ အကျဉ်းထောင်များဟာ အကျဉ်းသားအားလုံးအပေါ် ရသင့်ရထိုက်တဲ့ အခွင့်အရေးများ အပြည့်အဝပေးပြီး စည်းကမ်းနှင့်အညီ အုပ်ချုပ်ထိန်းသိမ်းနေတဲ့ အဖွဲ့အစည်းတစ်ခုသာဖြစ်ပါတယ်။

**အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အကျဉ်းထောင်လက်စွဲစာအုပ်များမှာ အကျဉ်းသားကို နှိပ်စက်ညှဉ်းပန်းခြင်း၊ ဥပဒေမဲ့ဆောင်ရွက်ခြင်းများကို ပြုလုပ်ဖို့ လုံးဝခွင့်ပြုထားခြင်းမျိုး မရှိပါဘူး။ ဒါ့အပြင် ကျွန်တော်တို့ဟာ လွတ်လပ်တဲ့နိုင်ငံ၊ လွတ်လပ်တဲ့လူမျိုးဖြစ်လို့ သခင်ကနေ ကျွန်ကိုအုပ်ချုပ်နေတာမဟုတ်ဘဲ ကိုယ့်လူမျိုးအချင်းချင်းကိုသာ အုပ်ချုပ်နေတာဖြစ်လို့ တရားမဲ့ အနိုင်ကျင့်နှိပ်စက်ညှဉ်းပန်းခြင်း၊ ဖိနှိပ်ခြင်းများကိုပြုလုပ်စရာအကြောင်းမရှိဘူး ဆိုတာကိုလည်း သိစေချင်ပါတယ်။ ဒါ့အပြင် အကျဉ်းသားဆိုတာ ဥပဒေကို ချိုးဖောက်မိလို့၊ အများကိုကျူးလွန်မိလို့ ထိုက်သင့်တဲ့ပြစ်ဒဏ်ခံရသူတွေဖြစ်တာကြောင့် မှားတာကို မှန်အောင်ပြင်ပေးမယ်ဆိုတဲ့ သဘောတရားနဲ့ ထောင်များက အုပ်ချုပ်ထိန်းသိမ်းနေတာပဲဖြစ်ပါတယ်။ အကျဉ်းထောင်ရဲ့ လုပ်ထုံး လုပ်နည်းနဲ့ လက်စွဲစာအုပ်များမှာ အကျဉ်းသားများကို လျှော့ရက်ပေးခြင်း၊ ညှိတွေ့ခွင့်ပေးခြင်း၊ ကိုယ်လက်လှုပ်ရှားကစားခွင့်ပေးခြင်း၊ ဘောလုံး၊ ခြင်းလုံး၊ စစ်တုရင် စတဲ့ အားကစားနည်းများဖြင့် အပန်းဖြေခွင့်ပေးခြင်း၊ သတင်းစာဖတ်ခွင့်၊ တီဗွီကြည့်ရှုခွင့်များပေးခြင်း၊ အစားအသောက်များကို အာဟာရဖြစ်အောင်၊ ကျန်းမာရေးနဲ့ညီညွတ်အောင် ချက်ပြုတ်ကျွေးမွေးခြင်း၊ ကျန်းမာရေးအတွက် အကျဉ်းထောင်ဆရာဝန်ဖြင့်သာမက လိုအပ်ပါက အထူးကုသမားတော်ကြီးများကို ပင့်ဖိတ်၍ ကုသပေးခြင်းများ စတာတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။**

ဒီအချက်များနဲ့ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲက အကျဉ်းထောင်**များကို စာရိတ္တပြုပြင်ရေးစခန်းအဖြစ် ထူထောင်ပေးရန်၊ အကျဉ်းသားများအား အကျဉ်းကျခံစိတ်ဓာတ် ပျောက်အောင်လုပ်ပေးရန်၊ ထောင်သား အကျဉ်းသား အဖြစ် အောက်ကျနောက်ကျနေထိုင်ရသည့်ဘဝမှ နိုင်ငံ့သားကောင်းဖြစ်အောင် ထူထောင်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ထိန်းသိမ်းပြုပြင်ပေးကြဖို့ လမ်းညွှန်ချက်များလည်း ချမှတ်ပေးထားပါတယ်။**

**ဒါ့အပြင် လုပ်အားရှင်အကျဉ်းသားများဆိုရင် အလုပ်ပါးသောရာသီမှာ မိသားစုများနဲ့ တွေ့ဆုံနိုင်ရန်အတွက် ခွင့်ပေးခြင်း၊ ခွင့်ပေးချိန်မှာ ၎င်းတို့အတွက် ခရီးသွားဝရမ်းနဲ့ စားသောက်စရိတ်ငွေအချို့ကို ထုတ်ပေးခြင်း၊ နှစ်ရှည် အကျဉ်းသားများကိုဆိုရင် အထူးခွင့်များပေးခြင်းစတဲ့ အခွင့်အရေးများလည်း ခွင့်ပြုထားကြောင်း သိရှိရပါတယ်။**

**ညှိသည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးခင်ဗျား-**

လက်တွေ့အခြေအနေမှာ အကျဉ်းဦးစီးဌာနရှိ အကျဉ်းထောင်အသီးသီးရဲ့ စားသောက်မှု၊ ဆောင်ရွက်မှုများနှင့်ပတ်သက်လို့ အကျဉ်းသား၊ အချုပ်သားများရဲ့ နေထိုင်စားသောက်မှုစရိတ်၊ ထိန်းသိမ်းမှုစရိတ်များကို နိုင်ငံတော်ကနေ ခွဲဝေချထားပေးတဲ့ ရန်ပုံငွေအပြင်၊ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းသားများ လုပ်အားအသုံးပြုရေး လုပ်ငန်းရန်ပုံငွေများနဲ့ပါ ပေါင်းစပ်ပြီး အကျဉ်းဦးစီးဌာန အစီအစဉ်များနဲ့ ဖြည့်စွက်ထောက်ပံ့ ကျွေးမွေးလျက်ရှိပါတယ်။

ဒါ့အပြင် ပြင်ပက လူမှုရေးအဖွဲ့အစည်းများဖြစ်တဲ့ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစတဲ့ အဖွဲ့အစည်းများ၊ ပြင်ပစေတနာရှင်ပုဂ္ဂိုလ်များကလည်း အကျဉ်းထောင်၊ အကျဉ်းစခန်းများကို ဝင်ရောက်ပြီး လိုအပ်ချက်များကို ပံ့ပိုးနိုင်အောင် ဆက်သွယ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြကြောင်းကို တွေ့ရှိရပါတယ်။

အဲဒီလိုဆက်သွယ်ညှိနှိုင်းမှုများအပေါ် ပြည်ထဲရေးဝန်ကြီးဌာနထံ တင်ပြခွင့်ပြုချက် တောင်းခံပြီးအကျဉ်းထောင်၊ အလုပ်စခန်းအသီးသီးသို့ လူမှုရေးအဖွဲ့အစည်းအသီးသီးက ဝင်ရောက်လေ့လာကာ လိုအပ်ချက်များကို ကူညီစောင့်ရှောက်ထောက်ပံ့မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြပါတယ်။ အထောက်အထားဓာတ်ပုံမှတ်တမ်းများကို ညှိသည်တော်ကြီးများ၊ သတင်းစာဆရာကြီးများ လေ့လာနိုင်အောင် ဘုတ်မှာပြထားပါတယ်။

အကျဉ်းထောင်များရဲ့ စားသောက်ရေးနှင့် ပတ်သက်လို့ နိုင်ငံတော်ရဲ့ စရိတ်ကျခံမှုများအပြင် လူမှုရေးအဖွဲ့အစည်းများကလည်း အကျဉ်းထောင်၊ အလုပ်စခန်းများမှာရှိတဲ့ အကျဉ်းသား၊ အချုပ်သားများရဲ့ သောက်ရေသန့်များ လုံလောက်စွာ သောက်သုံးခွင့်ရအောင် လှူဒါန်းခြင်း၊ ချိုးရေ၊ သုံးရေ လုံလောက်မှုရှိအောင် ဆောင်ရွက်ပေးခြင်း ပြုလုပ်လျက်ရှိပါတယ်။ ဒီလိုဖြည့်ဆည်းကူညီမှုတွေကြောင့် နေ့စဉ်ပုံမှန် ချက်ပြုတ်ကျွေးမွေးမှုများအပြင် ခုနစ်ရက်တစ်ပတ်မှာ အနည်းဆုံးတစ်ကြိမ် အထူးဟင်းလျာ ချက်ပြုတ်ကျွေးမွေးနိုင်ခြင်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုတို့ကို အပြည့်အဝ ရရှိခံစားခြင်း၊ အားလပ်ချိန်များမှာ အပန်းဖြေ အနားယူတဲ့အနေနဲ့ စာအုပ်စာပေတွေကို ဖတ်ရှုခွင့်ရခြင်း၊ ကိုယ်လက်လှုပ်ရှားကစားရခြင်း၊ မိသားစုနှင့် အဆက်အသွယ်မပြတ်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ဒီနေ့အကျဉ်းသားများ ရရှိခံစားနေပြီ ဖြစ်ပါတယ်။

လူမှုရေးအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိက စေတနာရှင်များကလည်း အကျဉ်းသား၊ အချုပ်သားတွေကို ယခုလို ကူညီစောင့်ရှောက်ရခြင်းကို မြန်မာနိုင်ငံသားတွေပီပီ အထူးကျေနပ်အားရလျက် ရှိကြပါတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင်ထဲအတွက် ရေသန့်စက်လှူဒါန်းခဲတဲ့ အလှူရှင်တစ်ဦးဟာ အကျဉ်းသားများအပေါ် သဒ္ဓါများ ပိုမိုထက်သန်ပြီး သာယာဝတီအကျဉ်းထောင်ကိုလည်း ရေသန့်စက် ထပ်မံလှူဒါန်းခဲ့ကြောင်း တွေ့ရပါတယ်။ အလားတူ လားရှိုးအကျဉ်းထောင်မှာလည်း အလှူရှင်တစ်ဦးက အကျဉ်းသူတွေကို သန့်ရှင်းစင်ကြယ်တဲ့ဘဝဖြစ်စေလိုတယ်ဆိုတဲ့ ဆန္ဒနဲ့ အမျိုးသမီးဆောင်အတွက် ငွေကျပ်၁၅သိန်းတန် ရေသန့်စက် တစ်လုံးလှူဒါန်းခဲ့တယ်လို့ သိရပါတယ်။

**ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနမှာ အကျဉ်းထောင် ၄၂ ခုနဲ့ အလုပ်စခန်း ၉၁ ခုရှိတဲ့အနက် အကျဉ်းထောင် ၄၂ ခုနဲ့ အလုပ်စခန်း ခုနစ်ခုတို့ကို မြန်မာနိုင်ငံလူမှုရေးအဖွဲ့အစည်း အသီးသီးက ၂၀၀၅ ခုနှစ် အောက်တိုဘာလမှ ၂၀၀၆ ခုနှစ် အောက်တိုဘာလ ကုန်တဲ့အထိ ဝင်ရောက်ကြည့်ရှုလေ့လာပြီး အကျဉ်းသား၊ အချုပ်သားများနဲ့ တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းလှူဒါန်းခဲ့ကြပါတယ်။ အစားအသောက်၊ လူသုံးဆေးဝါး၊ ဝတ္ထုဂျာနယ်၊ မဂ္ဂဇင်းများနှင့် အခြားလိုအပ်တဲ့ ပစ္စည်းများ စုစုပေါင်း ငွေကျပ်သိန်း ၇၀၀ ကျော်ဖိုးအထိ လှူဒါန်းထောက်ပံ့ခဲ့ကြကြောင်း မှတ်တမ်းမှတ်ရာများအရ သိရှိရပါတယ်။**

# အကျဉ်းထောင်၊ အလုပ်စခန်းများသို့ လူမှုရေးအဖွဲ့ များဝင်ရောက်လေ့လာ လိုအပ်သောကူညီထောက်ပံ့မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိ

**ညှိသည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား-**

ကျွန်တော့်အနေနဲ့ သက်ဝင်းအောင်ရဲ့ သေဆုံးမှုနဲ့စပ်လျဉ်းပြီး အကျဉ်းထောင်တွေအပေါ် မဟုတ်မမှန် လုပ်ကြံပြောဆိုခဲ့တဲ့ ပြည်ပမီဒီယာများရဲ့ အခြေအနေကို ရှင်းပြပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အင်အားစုများ၊ မြေပေါ် မြေအောက် အကြမ်းဖက်အဖွဲ့အစည်းများနဲ့ ပြည်ပမီဒီယာများ ပေါင်းစပ်ပြီးတော့ နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာစေရန် စီစဉ်ဆောင်ရွက်လျက်ရှိနေကြပုံကိုပါ ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

အကြမ်းဖက် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ABSDF အဖွဲ့ဟာ သူတို့ရဲ့ ပြည်တွင်းယူဂျီလို့သတ်မှတ်ထားတဲ့ "၈၈"မျိုးဆက်ကျောင်းသားအဖွဲ့ အပါအဝင် ဆန့်ကျင်ဘက်အဖွဲ့အစည်းအချို့နဲ့ ချိတ်ဆက်ပြီး ပြည်တွင်း မငြိမ်မသက်ဖြစ်အောင်နဲ့ လူထုအုံကြွမှုတွေဖြစ်အောင် ဆောင်ရွက်နေသလို တစ်ဖက်ကလည်း ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ ဖော်ထုတ်သိရှိပြီး ဖြစ်ပါတယ်။

ABSDF အဖွဲ့ဆိုတာ ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ ပြည်ပကို ခိုလှုံပြီး လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်ကို ဆောင်ရွက်နေတဲ့ ဗကသ၊ မကသ၊ ရကသစတဲ့ ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်ဟောင်းတွေ စုစည်းဖွဲ့စည်းထားတာဖြစ်ပြီး အဲဒီအဖွဲ့နဲ့ ဟန်ချက်ညီဆောင်ရွက်နိုင်ဖို့အတွက် ပြည်တွင်းမှာရှိတဲ့ "၈၈"မျိုးဆက်ကျောင်းသားအဖွဲ့ဆိုတာကလည်း လက်ကျန် ဗကသ၊ မကသ၊ ရကသဟောင်းတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်တွင်းဆူပူလှုပ်ရှားဖောက်ခွဲဖျက်ဆီးမှုတွေကို မြေပေါ်အဖွဲ့အဖြစ်ဆောင်ရွက်မယ့် "၈၈"မျိုးဆက်ကျောင်းသားအဖွဲ့ဟာ ပြည်ပဆန့်ကျင်ဘက်အဖွဲ့အစည်းများထံမှ ငွေကြေးအပါအဝင် ထောက်ပံ့မှုမျိုးစုံကို ရယူခံစားနေကြကြောင်း သတင်းမှတ်တမ်း ထွက်ဆိုချက်များ ရရှိထားပြီးဖြစ်ပါတယ်။

**ဒါ့အပြင် ရရှိထားတဲ့သတင်းများအရ အနောက်နိုင်ငံမှ အမျိုးသမီးတစ်ဦးဟာ လက်ရှိအစိုးရကို ထိပ်တိုက်ရင်ဆိုင်ရန်အတွက် ပြည်ပအတိုက်အခံ အဖွဲ့အစည်းများ မွေးမြူသလို ပြည်တွင်းမှာလဲ မင်းကိုနိုင်တို့ကို နိုင်ငံရေးဇာတ်ခုံပေါ် တင်ပေးခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီအမျိုးသမီးဟာ ဒလိုင်းလားမား၊ US Campaign for Burma USCB က အောင်ဒင် စတဲ့သူတွေကို အစိုးရဆန့်ကျင်ရေးအတွက် နိုင်ငံရေးဇာတ်ခုံပေါ်တင်ပေးခဲ့တဲ့ ရာဇဝင်ရှိသူတစ်ဦး ဖြစ်ပါတယ်။ ဒါတွေကို အချိန်အခါသင့်တဲ့အခါ လူသိရှင်ကြား ထုတ်ဖော်ပြောကြားသွားမှာ ဖြစ်ပါတယ်။**

ဒါကြောင့် မင်းကိုနိုင်၊ ကိုကိုကြီးတို့ရဲ့ ပြည်တွင်းမှ"၈၈"မျိုးဆက်ကျောင်းသားအဖွဲ့ဟာ အကြမ်းဖက်ဖောက်ခွဲရေးအဖွဲ့နဲ့ ဆက်စပ်ပြီး ပြည်ပအထောက်အပံ့နဲ့ ရှင်သန်ရပ်တည်နေတဲ့ အဖွဲ့အစည်းတစ်ခုသာဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ ယခုတလောရရှိတဲ့ သတင်းအချို့ကို အကျဉ်းချုပ်တင်ပြရရင် ၂၀၀၆ခုနှစ် မေလအတွင်းက ABSDF ဥက္ကဋ္ဌ သံခဲရဲ့ အစီအစဉ်နဲ့ ပြည်တွင်းမှာ ဖောက်ခွဲရေးပြုလုပ်ရန် ABSDF ရင်း(၉)မှ ဗိုလ်အဆင့်ရှိ ကျော်နိုင် ခေါင်းဆောင်ပြီး ဖောက်ခွဲရေးသမားခြောက်ဦးကို တစ်ဖက်နိုင်ငံ နယ်စပ်မှာ အဆင့်မြင့်ဖောက်ခွဲရေး နည်းပညာများ ခုနစ်ရက်သင်တန်း ပို့ချပေးခဲ့ကြောင်းနဲ့ အနောက်နိုင်ငံသား နည်းပြဟာ သင်တန်းအပြီးမှာ ဒေါင်းဂွင်စခန်းရှိ ABSDF စစ်ဦးစီးအဖွဲ့များနဲ့ တွေ့ဆုံခဲ့ပြီး ပြည်တွင်းရှိ ၎င်းတို့ရဲ့ အမာခံ "၈၈" မျိုးဆက်အဖွဲ့များနဲ့ ဆက်စပ်ပြီး အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ဖို့ စီမံခဲ့ကြောင်း သိရပါတယ်။

ဩဂုတ်လ ၂၈ရက်နေ့မှာ ဖောက်ခွဲရေး ပစ္စည်းအပြည့်အစုံ သယ်ဆောင်လာတဲ့ သန်းအေးခေါင်းဆောင်တဲ့ ကျား ၁၂ဦး၊ မ သုံးဦး စုစုပေါင်း ၁၅ဦးအဖွဲ့ဟာ ABSDF ဌာနချုပ် ဒေါင်းဂွင်ကနေ ရန်ကုန်၊ ပျဉ်းမနားဒေသဝန်းကျင် ဖောက်ခွဲ ဖျက်ဆီးရန် ပြည်တွင်းအင်အားစုများ၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်းရှိ ၎င်းတို့အမာခံ "၈၈" ကျောင်းသားများနဲ့ စုဖွဲ့စီစဉ်ခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် စက်တင်ဘာလ ၂၃ရက်နေ့ ၁၀း၀၀နာရီမှ ၁၂း၀၀နာရီအထိ မယ်လမတ် ဒုက္ခသည်စခန်းမှာ ABSDF တပ်ရင်း(၃)မှ ရဲဘော် အောင်နိုင်စိုး ပါဝင်တဲ့ အဖွဲ့ဝင်သုံးဦးနဲ့ နိုင်ငံခြားသားသုံးဦးတို့တွေ့ဆုံပြီး ကမမောင်းမြို့နယ်ခွဲရှိ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း အပါအဝင် သံလွင်မြစ် တစ်လျှောက် ထိုင်းနိုင်ငံ နယ်စပ်အတွင်းရှိ ရေကာတာများကိုပါ ဖောက်ခွဲဖျက်ဆီး ရန် နိုင်ငံခြားသားသုံးဦးက ဖောက်ခွဲရေးပစ္စည်းများနဲ့ နည်းပညာများကို လက်တွေ့သရုပ်ပြ သင်ပြပေးရန် ကိစ္စများဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

အောက်တိုဘာလ ၁၁ရက်နေ့ ၀၉း၃၀ နာရီမှာ ABSDF အတွင်းရေးမှူး ကျော်ကိုဟာ ဒေါင်းဂွင်မှ တစ်ဆင့် နယ်စပ်ရှိ ABSDF ရုံးခွဲသို့ ရောက်ရှိလာပြီး ပြည်တွင်းမှာ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်တို့အား ဖမ်းဆီးထားတဲ့အတွက် လက်တုံ့ပြန်တဲ့အနေနဲ့ ပြည်တွင်း ဖောက်ခွဲဖျက်ဆီးရေးများလုပ်ရန် အောက်တိုဘာလ ၁၇ရက်နေ့မှာ အမျိုးသမီးတစ်ဦးကို စေလွှတ်ဖို့ စီစဉ်ခဲ့ကြောင်း သိရပါတယ်။

အောက်တိုဘာလ ၁၇ရက်နေ့ ၁၀း၀၀နာရီမှာ တစ်ဖက်နိုင်ငံ နယ်စပ်ရှိ ABSDF ရုံးခွဲမှာ ALP ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်ဟာ မင်းလွင်၊ စံငွေ၊ ကျွဲကြီးနဲ့ သန်းသန်းဝင်း စတဲ့ ပုဂ္ဂိုလ်များနဲ့တွေ့ဆုံခဲ့ပြီး အောက်တိုဘာလ ၁၆ရက်နေ့ ကျောက်တံခါး ဗုံးပေါက်ကွဲမှုမှာ ထိခိုက်မှုမရှိပေမယ့် အမျိုးသားညီလာခံကျင်းပစဉ်ကာလအတွင်း ဆန့်ကျင်မှုကို ပြသရာရောက်ကြောင်းနဲ့ ပြည်သူတစ်ရပ်လုံးအတွက် တပ်လှန့်နှိုးဆော်ချက်တစ်ခု ဖြစ်တာမို့ အခြေအနေရ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ကြောင်း ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် အောက်တိုဘာလ ၁၅ရက်နေ့ ၀၈း၀၀နာရီခန့်က NCUB ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်ဟာ မဲဆောက်မြို့မှာ မိုးကြိုးသတင်း အယ်ဒီတာ ဇီဝဇိုး၊ ABSDF အဖွဲ့ဝင် အောင်ကျော်ဦး၊ ထောက်လှမ်းရေးတာဝန်ခံ မင်းလွင်တို့နဲ့တွေ့ဆုံပြီး NCUB နဲ့ ABSDF ဥက္ကဋ္ဌ သံခဲရဲ့ ညွှန်ကြားချက်အရ အောက်တိုဘာလ ၁၉ရက်နေ့တွင် ဖောက်ခွဲဖျက်ဆီးရေးသမားသုံးဦးကို ယာဉ်တန်းနဲ့စေလွှတ်ရန် အစီအစဉ်များကို ပြောကြားခဲ့ကြောင်း သိရှိရပါတယ်။ **အဲဒီဖောက်ခွဲဖျက်ဆီးရေးသမားသုံးဦးအနက် မောင်မောင်မြင့်ဆိုသူဟာ မာနယ်ပလော၊ ခွေးအိပ်တောင်တိုက်ပွဲမှာ တပ်ကြပ်ကြီးအဆင့်နဲ့ ပါဝင်ခဲ့ကာ ၂၀၀၅ ခုနှစ် မေလ ၇ရက် ရန်ကုန်မြို့ နေရာသုံးနေရာမှာ ဗုံးဖောက်ခွဲခဲ့သူဖြစ်ပြီး ရန်ကုန်မြို့ ဖောက်ခွဲဖျက်ဆီးရေးလှုပ်ရှား တာဝန်ပေးအပ်ခံထားရသူဖြစ်ကြောင်း သိရှိရပါတယ်။ အဲဒီဖောက်ခွဲရေးသမားများဟာ ပြည်တွင်းမှာရှိတဲ့ သူတို့ရဲ့ ယူဂျီ "၈၈"မျိုးဆက်အဖွဲ့များနဲ့ပေါင်းစပ်ပြီး အကြမ်းဖက်လုပ်ငန်းတွေ ပြုလုပ်နေတယ်ဆိုတာကို သိရှိအောင် တင်ပြရခြင်းဖြစ်ပါတယ်။**

**ညှိသည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား-**

အဖျက်အမှောင့်လုပ်ငန်းများနှင့်ပတ်သက်လို့ ဗကပများကလည်း သူတို့ရေးဆွဲထားတဲ့ ဒီမို ၂၀၀၆ လူထုအုံကြွမှု အစီအမံအရ ၂၀၀၆ခုနှစ် မကုန်မီမှာ လူထုအုံကြွမှုတစ်ရပ် ဖြစ်ပေါ်လာဖို့ ပြည်တွင်းရှိ ယူဂျီများနဲ့ ဆက်စပ်ထိုးဖောက်လှုပ်ရှားလျက်ရှိကြောင်း၊ အောက်တိုဘာ ၂၉ရက်နေ့မှာ "၈၈" မျိုးဆက်ကျောင်းသားများ ဦးဆောင်ပြုလုပ်ခဲ့တဲ့ ရွှေတိဂုံရင်ပြင် ဘာသာပေါင်းစုံ ဆုတောင်းပွဲမှာ သူတို့ရဲ့ယူဂျီများကလည်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားရင်ပြင်ပေါ်မှာ မေတ္တာပို့ဝတ်ပြု ဆုတောင်းနေတဲ့ "၈၈" မျိုးဆက်ကျောင်းသားများ အပါအဝင် လှုပ်ရှားသူများကို အာဏာပိုင်များက အကြမ်းဖက်တုံ့ပြန်နှိမ်နင်းခဲ့ရင် ဘာသာတရားကိုင်းရှိုင်းတဲ့ မြန်မာလူမျိုးတို့ရဲ့ ရင်တွင်းမှာ နာကြည်းချက်များ ကိန်းအောင်းသွားစေရန် ရည်ရွယ်ခဲ့ကြောင်း။

ရဟန်းသံဃာ၊ ကျောင်းသား၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနဲ့ ရပ်မိရပ်ဖများအတွင်းသို့လည်း ထပ်မံထိုးဖောက်စည်းရုံးလျက်ရှိကြောင်းကို ပြည်တွင်းမှာရှိတဲ့ယူဂျီများက ဗကပဗဟိုသို့ အစီရင်ခံစာ တင်ပြခဲ့တယ်လို့ သိရှိရပါတယ်။

**ဒီစာတွေကိုလည်း ကျွန်တော်တို့လက်ဝယ် ရရှိထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် "၈၈" မျိုးဆက်ကျောင်းသားအဖွဲ့က ဦးဆောင်ပြုလုပ်နေတဲ့ Signature Campaign, White Expression Campaign နှင့် ဘာသာရေးခုတုံးလုပ်ဆောင်ရွက်တဲ့ ဘာသာပေါင်းစုံဝတ်ပြု ဆုတောင်းပွဲများမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ယူဂျီတွေပါဝင်လှုပ်ရှားဆောင်ရွက်နေကြောင်း သိသာထင်ရှားနေတဲ့အတွက် "၈၈" မျိုးဆက်ကျောင်းသား အဖွဲ့ရဲ့ ပြုမူဆောင်ရွက်ချက်တွေဟာ တိုင်းပြည်ရဲ့ တည်ငြိမ်မှုကို ပျက်ပြားစေခြင်း၊ လူမှုရေးအသင်းအဖွဲ့များကို မထီမဲ့မြင် စော်ကားခြင်း၊ ဘာသာဝင်တိုင်းရဲ့ အထွတ်အမြတ်ထားရာနေရာတွေကို နိုင်ငံရေးစင်မြင့်သဖွယ် အသုံးပြုနေခြင်း၊ ဘာသာ၊ သာသနာကို စော်ကားခြင်းများ ပြုလုပ်နေခြင်းပဲဖြစ်ပါတယ်။ အဲဒီလုပ်ရပ်တွေအပေါ် လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနဲ့ ရိုးသားသော ကျောင်းသားလူငယ်များ မိမိတို့ရဲ့လုပ်ငန်းသဘာဝအရ သမားရိုးကျအတိုင်း ရိုးသားစွာဝတ်ဆင်နေကြတဲ့ ဝတ်စုံဖြူကို ဂုဏ်သိက္ခာကျအောင် စော်ကားမော်ကား ပြုခြင်းခံနေရတဲ့ ဝန်ထမ်းလောကသားများကပါ မိမိတို့ကို ခုတုံးလုပ်၊ အသုံးချမှုများအပေါ် မကျေမနပ် ဝေဖန်ပြစ်တင်မှုတွေ၊ တန်ပြန်အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်ဖို့ စီမံနေကြတယ်ဆိုတဲ့ သတင်းများလည်း ဖြစ်ပေါ်နေပါကြောင်း အလျဉ်းသင့်လို့ ညှိသည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများကို အသိပေး တင်ပြလိုပါတယ်။**

**ညှိသည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား-**

**ဒီဖြစ်စဉ်များကို ခြုံငုံသုံးသပ်ကြည့်လိုက်ရင် ကျောင်းသားအမည်ခံအဖွဲ့အစည်းများ၊ ဆန့်ကျင်ဘက်ပြည်တွင်း၊ ပြည်ပ အင်အားစုများဟာ ပြည်ပမီဒီယာများနှင့်ချိတ်ဆက်ပြီး နိုင်ငံတော်အစိုးရအပေါ် ခေါင်းစဉ်အမျိုးမျိုးနဲ့ အကြောင်းအမျိုးမျိုးပြပြီး ကောလာဟလများ ထုတ်လွှင့်ခြင်း၊ လုပ်ကြံဖန်တီးထားသည့် သတင်းများထုတ်ပြန်ခြင်း၊ လူထုအကြည်ညိုပျက်စေမည့် စွပ်စွဲပုတ်ခတ်မှုများ ပြုလုပ်၍ ဝါဒဖြန့်ချိခြင်းများကို ပြုလုပ်နေသကဲ့သို့ အခြားတစ်ဖက်၌လည်း အကြမ်းဖက်အဖျက်လုပ်ရပ်များ၊ ဖောက်ခွဲဖျက်ဆီးခြင်းများ၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေမည့် လူထုဆူပူအုံကြွလှုပ်ရှားမှုများ ဖြစ်ပေါ်လာစေရန် စနစ်တကျ စီမံချက်ချလျက် ဆောင်ရွက်နေကြခြင်းအပေါ် ပြည်သူတစ်ရပ်လုံးက အသိတရား ရှိရှိနဲ့ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းပေးကြပါလို့ ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။** (သတင်းစဉ်)

## ● ကျောဖုံးမှ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်တွင်းရေးရာ အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ၏ တိုးတက်ဖြစ်ထွန်းမှု အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း ပဏာမ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာမှစတင်ပြီး အများပြည်သူတို့သိသင့်သိထိုက်သော သတင်းအချက်အလက်များကို ပုံမှန်သတင်းစာရှင်းလင်းပွဲများဖြင့် လည်းကောင်း၊ အထူးသတင်းစာ ရှင်းလင်းပွဲများဖြင့် လည်းကောင်း ကျင်းပ အသိပေးလျက်ရှိသည်ကို သတင်းစာ ဆရာကြီးများအားလုံး သိရှိပြီးဖြစ်ကြောင်း။

ထို့အတူပင် ဒေသအလိုက် သတင်းဖြစ်ပွားမှုအခြေအနေများအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် လေ့လာရေးခရီးစဉ်များနှင့် သတင်းစာရှင်းလင်းပွဲများ ပူးတွဲကျင်းပပေးခဲ့သကဲ့သို့ ပြီးခဲ့သည့် အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင်လည်း အမျိုးသားညီလာခံနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြမှုများ ပြုလုပ်ပေးခဲ့ကြောင်း။

ယနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်းရေးရာ အခြေအနေများနှင့် ပတ်သက်ပြီး ပုံမှန်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲဖြစ်ကြောင်းကို ဦးစွာ ပြောကြားလိုကြောင်း။

ယခု သတင်းစာရှင်းလင်းပွဲတွင် မိမိအနေဖြင့် ရှေးဦးစွာ ကျင်းပနေဆဲဖြစ်သည့် အမျိုးသားညီလာခံ၏ တိုးတက်ဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းပြောကြားသွားမည် ဖြစ်ကြောင်း၊ ခေတ်မီအေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နိုင်ရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလမှစတင်ပြီး ကျင်းပခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုအခါ စတုတ္ထအကြိမ်မြောက် အမျိုးသားညီလာခံကို အောက်တိုဘာ ၁၀ ရက်တွင် စတင်ကျင်းပလျက်ရှိကြောင်း။

ယခုကျင်းပဆဲ အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့က ကိုယ်စားလှယ် စုစုပေါင်း ၁၀၈၁ ဦး ပါဝင် တက်ရောက် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ယင်းအထဲက နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် နိုင်ငံရေးပါတီ ရှစ်ပါတီမှ ကိုယ်စားလှယ်များလည်း ပါဝင်ကြောင်း၊ ထူးခြားချက်အနေဖြင့် ယခင် အမျိုးသားညီလာခံများ ကျင်းပစဉ်က ၎င်းတို့၏ ကျန်းမာရေး၊ စီးပွားရေး အခြေအနေများကြောင့် တက်ရောက်နိုင်ခြင်းမရှိခဲ့သည့် ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ ညီလာခံ ကိုယ်စားလှယ်များသည် ယခု အမျိုးသားညီလာခံတွင် ပြန်လည်တက်ရောက်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

ယခု အမျိုးသားညီလာခံတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ အမျိုးသားညီလာခံစုံညီ အထူးအစည်းအဝေးကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ကျင်းပခဲ့ကြောင်း၊ ယင်းအမျိုးသားညီလာခံစုံညီ အထူးအစည်းအဝေးတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန်ဆိုပြီး ဖိအားပေးလုပ်ဆောင်ခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ လုပ်ရပ်နှင့်ပတ်သက်ပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို တင်ပြခဲ့ကြကြောင်း၊ ယင်းနောက်တွင် ကိုယ်စားလှယ်အားလုံးက အမေရိကန်ပြည်ထောင်စု၏ လုပ်ရပ်ကို ရှုတ်ချကြောင်းနှင့်အမေရိကန်ပြည်ထောင်စု၏ စွပ်စွဲချက်များသည် လုံဝမှန်ကန်မှု မရှိကြောင်း ဖော်ပြထားသည့် အဆိုလေးရပ်ကို အတည်ပြုချမှတ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဆက်လက်ပြုလုပ်သည့်အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းသော ဆွေးနွေးချက်စာတမ်းများကို အလှည့်ကျ သဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြခြင်း၊ အလှည့်ကျ သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းတင်ပြချက်များအနက် သီးခြားအကြံပြုချက်များနှင့် ပတ်သက်ပြီး ကိုယ်စားလှယ် အစုအဖွဲ့အသီးသီး၏ သဘောထားများရယူခြင်း၊ ထို့နောက် သက်ဆိုင်ရာအခန်းအလိုက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် ပတ်သက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခြင်းနှင့် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်ခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုအချိန်တွင် အထက်ပါတင်ပြခဲ့သည့် အခန်းများနှင့် ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ ချမှတ်ခဲ့သည့် အသေးစိတ်အခြေခံရမည့် မူများကိုလည်း ပြည်သူများနှင့်တကွ ပြည်တွင်းပြည်ပ လေ့လာသူများ ပြည့်ပြည့်စုံစုံ သိရှိနိုင်ကြရန်အတွက် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှ စဉ်ဆက်မပြတ် သတင်းများ ထုတ်လွှင့်ဖော်ပြ အသိပေးခဲ့ပြီးလည်း ဖြစ်ကြောင်း။

ယခုဆက်လက်ပြီး အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက်များက ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ညီလာခံကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ယင်းတင်ပြချက်များအပေါ် ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးက လေ့လာသုံးသပ်ပြီး ဆွေးနွေးချက်စာတမ်းများကို ညှိနှိုင်းဆွေးနွေး ရေးသား တင်ပြသွားကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံ၏ တိုးတက်ဖြစ်ထွန်းမှု အခြေအနေများကို သတင်းစာ ဆရာကြီးများ သုံးသပ်ရရှိမည်ဟု မျှော်လင့်ပါကြောင်း။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆)တွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများကို ပြည်တွင်း ပြည်ပ သတင်းစာဆရာများနှင့် ဂျာနယ်၊ မဂ္ဂဇင်း တာဝန်ခံများ ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

ယခုနှစ် မိုးရာသီတွင် ယခင်နှစ်များကထက် မိုးရွာသွန်းမှု ပိုမိုများပြားခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ ဒေသအသီးသီး၌ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခြင်း၊ စိုက်ပျိုးမြေများ ရေနစ်မြုပ်ခြင်းနှင့် ရပ်ကွက်၊ ကျေးရွာများ ရေနစ်မြုပ်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းကဲ့သို့ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်သွားခဲ့သော နေရာများတွင် ဒေသခံ အာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများကနေ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်အောင် ကူညီဆောင်ရွက်ပေးခြင်း၊ ပျက်စီးသွားသော လမ်း တံတားများကို အမြန်ဆုံး ပြန်လည် ကောင်းမွန်အောင် ပြင်ဆင်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် ယခုအချိန်တွင် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ အလားတူပင် ရေဘေးဒဏ်ကြောင့် ရွှေ့ပြောင်းခဲ့ရသည့် ပြည်သူများကိုလည်း ဘေးကင်းရာ နေရာများသို့ ရွှေ့ပြောင်းပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ရေကျသွားချိန်တွင် ပြန်လည်နေရာချထားရေးအတွက် ကူညီပေးခြင်းများကို ဒေသခံ အာဏာပိုင်များ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းများအဖွဲ့၊ စေတနာရှင် ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့သည့် အခြေအနေများကိုလည်း သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့ကနေ ဖော်ပြခဲ့ပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် ရေကျသွားပြီ ဖြစ်သည့်အတွက် ရွှေ့ပြောင်းထားရသည့် ပြည်သူများကို ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ယင်းသို့ ရေကြီးပျက်စီးမှုများ ဖြစ်ပွားခဲ့သည့်နေရာတွင် ဒေသခံအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပြီး ကြိုတင်အသိပေးခြင်း၊ ကာကွယ်ခြင်း၊ ကယ်ဆယ်နေရာချထားခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အချို့နိုင်ငံများ၌ ဖြစ်ပွားခဲ့သည့် သဘာဝဘေးဒဏ်များကဲ့သို့ ထိခိုက်ပျက်စီးမှု များများစားစားမရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အလားတူပင် မိုးရွာသွန်းမှုများပြားခြင်းကြောင့် စိုက်ပျိုးမြေများ ရေနစ်မြုပ်ခဲ့မှုများလည်းရှိခဲ့ကြောင်း၊ အထူးသဖြင့် ရေကြီးမှုများကြောင့် စစ်ကိုင်းတိုင်း၌ စပါးစိုက်ဧက နှစ်ထောင်ကျော်၊ မန္တလေးတိုင်း၌ စပါးစိုက်ဧက တစ်သောင်း သုံးထောင်ကျော်နှင့် ဧရာဝတီတိုင်းတွင် စပါးစိုက်ဧက တစ်သောင်းခုနစ်ထောင်ကျော် ထိခိုက်မှုရှိခဲ့ကြောင်း၊ သို့သော်လည်း ယင်းစိုက်ဧကများသည် ပျက်စီးသွားခြင်းမဟုတ်ကြောင်း၊ ရေနစ်မြုပ်မှုကြောင့် စပါးပင်များ အချိန်အတိုင်းအတာတစ်ခုအထိ ရေနစ်မြုပ်နေခဲ့ခြင်းသာဖြစ်ကြောင်း၊ ယခု ရေပြန်ကျသွားချိန်တွင် ယင်းသို့ ရေနစ်မြုပ်နေခဲ့မှုကြောင့် စပါးထွက်နှုန်းကို မထိခိုက်စေရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒေသခံ အာဏာပိုင်များနှင့် တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြောင်းနှင့် ရေထုတ်မြောင်းများ ပြုပြင်ခြင်း၊ နွံဆေးခြင်းနှင့် ကန်သင်းတင်ခြင်းများကို လုပ်ဆောင်သကဲ့သို့ လိုအပ်သည့်မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံးကိရိယာများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများကလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ပါဝင်ပူးပေါင်း အကူအညီပေးရန်လည်း ဆောင်ရွက်လျက်ရှိကြောင်းကို စတင် ပံ့ပိုးကူညီဆောင်ရွက်ပေးနေပြီလည်း ဖြစ်ကြောင်း။

ထို့ကြောင့် ယခု မိုးရာသီတွင် သာမန်ထက် ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပျက်စီးမှု၊ စပါးနှင့် အခြားသီးနှံစိုက်ဧကများ ရေနစ်မြုပ်ခဲ့မှုရှိသော်လည်း တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့အားလုံး ပူးပေါင်းဆောင်ရွက်မှုကြောင့် ပျက်စီးမှုအတိုင်းအတာ ကြီးမားမှုမရှိခဲ့ကြောင်း အသိပေးပြောကြားရင်း ပဏာမ ရှင်းလင်းပြောကြားချက်ကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက တည်ဆဲဥပဒေများ ဖောက်ဖျက်ကျူးလွန်မှုကြောင့် မန္တလေးအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသော သက်ဝင်းအောင် ကွယ်လွန်ခဲ့သည့် ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**[မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။]**

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်တွင်းရေးရာအခြေအနေတို့နှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ် ရှင်းလင်းပြောကြားသည်။

**[သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ခြုံငုံသုံးသပ် ရှင်းလင်းပြောကြားချက်များကို သီးခြားဖော်ပြထားပါသည်။]**

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာကြသော ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များက သိရှိလိုသည်များကို မေးမြန်းကြရာ ယင်းမေးမြန်းချက်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆)ကို မွန်းလွဲ ၁၂ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် သတင်းစာဆရာများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များသည် သတင်းစာရှင်းလင်းပွဲ၌ ပြသထားသော "၈၈"မျိုးဆက် ကျောင်းသားအမည်ခံမင်းကိုနိုင်နှင့်အဖွဲ့၏ အထိမ်းအမှတ်အခမ်းအနားအမျိုးမျိုးသို့ နိုင်ငံရေးအရောင်ဆိုးကာ တက်ရောက်ခဲ့သည့် လှုပ်ရှားမှုပုံရိပ်များ၊ လူ့အခွင့်အရေး အပြည့်အဝပေးသည့် ဒီမိုကရေစီနိုင်ငံကြီးဟု ကြွေးကြော်နေသော အမေရိကန်နိုင်ငံ၏ အဘူခါရက် အကျဉ်းထောင်အတွင်းမှ ငရဲခန်း မှတ်တမ်းဓာတ်ပုံများ၊ ပြည်တွင်းရှိ NGO အဖွဲ့အစည်းများက အကျဉ်းထောင်များသို့ ဆက်သွယ်ဝင်ရောက် ကြည့်ရှုကြပြီး ကျန်းမာရေး၊ စားသောက်ရေးနှင့် အခြားလိုအပ်သည့် လူမှုရေးအကူအညီများကို စေတနာထက်သန်စွာ ပံ့ပိုးကူညီပေးခဲ့ကြသည့် မှတ်တမ်း ဓာတ်ပုံများ၊ ကျောင်းသားအမည်ခံ ABSDF အကြမ်းဖက်အဖွဲ့နှင့် ပြည်ပအခြေစိုက် ဆန့်ကျင်ဘက်အင်အားစုများ၊ သောင်းကျန်းသူများ၏ ၂၀၀၆ ခုနှစ်အတွင်း အပြစ်မဲ့ပြည်သူများအား အကြမ်းဖက် ဗုံးဖောက်ခွဲမှုဖြစ်စဉ်များ၊ သက်ဝင်းအောင် (ဘ) ဦးဝင်းမောင်အား ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ထောင်ထဲ၌ ဆေးဝါးကုသပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ထောင်တွင်း သေဆုံးခဲ့သော သက်ဝင်းအောင်(ဘ) ဦးဝင်းမောင်၏ အလောင်းအား ရင်ခွဲ စစ်ဆေးချက် မှတ်တမ်းဓာတ်ပုံများ၊ "၈၈" မျိုးဆက်ကျောင်းသားအဖွဲ့နှင့် ပြည်ပရှိ ဆန့်ကျင်ဘက်/အကြမ်းဖက်အဖွဲ့များ ဆက်သွယ်မှုအခြေအနေ၊ "၈၈" မျိုးဆက်ကျောင်းသားအဖွဲ့သို့ ပြည်ပမှ ငွေကြေးထောက်ပံ့မှုအခြေအနေ၊ ဆန့်ကျင်ဘက်/အကြမ်းဖက် အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်အချို့ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**



## မြစ်ကြီးနားအကျဉ်းဦးစီးဌာနသို့ ရေသန့်စက်နှစ်လုံးနှင့် ဆေးပစ္စည်း၊ စောင်နှင့် စားသုံးကုန်ပစ္စည်းများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မြစ်ကြီးနား အကျဉ်းဦးစီးဌာနသို့ ရေသန့်စက်နှစ်လုံး၊ ဆေးပစ္စည်း၊ စောင်နှင့် စားသုံးကုန်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၁၁ နာရီခွဲတွင် မြစ်ကြီးနား အကျဉ်းဦးစီးဌာနရိပ်သာ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ရဲမှူးကြီးစန်းလွင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကချင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ရဲမှူးကြီးစန်းလွင်က အမှာစကားပြောကြားပြီး ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ယာယီအတွင်းရေးမှူး ဦးချစ်ဦးက ပစ္စည်းများလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရေသန့်စက်နှစ်လုံး၊ ဆေးပစ္စည်း၊ စောင်နှင့် စားသောက်ဖွယ်ရာများကို ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်နယ်အသင်း ယာယီအတွင်းရေးမှူးတို့က ပေးအပ်လှူဒါန်းရာ မြစ်ကြီးနား အကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြသိန်းက လက်ခံယူသည်။ **(အပေါ်ပုံ)**

ယင်းနောက် ထောင်ပိုင်ကြီး ဦးမြသိန်းက ကျေးဇူးတင်စကားပြောကြားပြီး အကျဉ်းသား၊ အကျဉ်းသူ အချုပ်သားများအား စားသောက်ဖွယ်ရာများကို ဝေငှပေးသည်။

အဆိုပါ လှူဒါန်းမှုပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၃၁၀၇၄၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅ မှ

အဲဒီဖြစ်စဉ်တွေကို နမူနာထား အားကျပြီး ငြိမ်းချမ်းရေးတည်ဆောက်ဖို့ နိုင်ငံတော်နဲ့ ညှိနှိုင်းဆွေးနွေးနေတဲ့ လက်ကျန်သောင်းကျန်းသူအဖွဲ့အချို့လည်း ရှိပါတယ်။ ဒါပေမယ့် မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းသွားမှာကို မလိုလားဘဲ သောင်းကျန်းသူအချို့ကို လောင်စာစနက်တံအဖြစ် ဖောက်ခွဲဖို့ အရန်ထားရှိလိုတဲ့ ပြည်ပပယောဂများကြောင့် တစ်တိုင်းပြည်လုံးငြိမ်းချမ်းရေး မရရှိသေးတာပဲ ဖြစ်ပါတယ်။

ဆူပူသောင်းကျန်းမှုတွေကင်းဝေးပြီး တည်ငြိမ်အေးချမ်းမှုနဲ့အတူ ဖွံ့ဖြိုးတိုးတက်လာတဲ့ အဲဒီဒေသတွေရဲ့ ဧရိယာအကျယ်အဝန်းဟာ စတုရန်း မိုင်ပေါင်း ၈၃၄၁၅မိုင်ရှိပါတယ်။ အဲ့ဒီမြို့နယ် ၆၈မြို့နယ်မှာ မှီတင်းနေထိုင်ကြတဲ့ ဒေသခံ တိုင်းရင်းသားဦးရေ ၅ဒသမ ၃သန်းခန့်ရဲ့ လူနေမှုဘဝ တစ်မှုဟုတ်ချင်းပြောင်းလဲ တိုးတက်လာတာကို စာနာထောက်ထားပြီး မုဒိတာပွားများနိုင်တာနဲ့အမျှ နိုင်ငံတော် အစိုးရရဲ့ စေတနာမှန်သော၊ မေတ္တာရှေ့ထားသော ငြိမ်းချမ်းရေး တည်ဆောက်မှုကို သတိပြုနိုင်ကြမှာ ဖြစ်ပါတယ်။

### ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

၎င်းတို့ ဝတ်ပြုဆုတောင်းပွဲတွေကျင်းပရတဲ့ ဒုတိယရည်ရွယ်ချက်ကတော့ ပြည်သူများအားလုံး ဆင်းရဲကျပ်တည်းခြင်းမှ လွတ်ကင်းရေးအတွက်ဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင်တွေနဲ့ အပေါင်းအပါတွေက အသံကောင်း ဟစ်နေကြပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို ဆင်းရဲကျပ်တည်းမှုဖြစ်အောင် ပြည်ပရင်းနှီး မြှုပ်နှံမှု၊ ကုန်သွယ်မှု၊ မြန်မာ့ထွက်ကုန်နဲ့ ကမ္ဘာလှည့်ခရီးသည်များ တားမြစ်ပိတ်ပင်ထားမှုကို အားပေးထောက်ခံတောင်းဆိုနေသူတွေဟာ အဲဒီအုပ်စုတွေပဲ ဖြစ်ပါတယ်။

၎င်းတို့ရဲ့ သူခိုးဓားရိုးကမ်းသလို တောင်းဆိုမှုကြောင့် အမေရိကန်က မြန်မာ့ထွက်ကုန်တွေကို ပိတ်ပင်တားမြစ်ခဲ့တာ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့စနက်ကြောင့် မြန်မာနိုင်ငံမှာ အထည်ချုပ်စက်ရုံ ၁၆၀ခန့် ပိတ်သိမ်းခဲ့ရပြီး အထည်ချုပ်စက်ရုံ ၄၀ကျော်မှ အလုပ်သမားတွေကို လျှော့ချခဲ့ရပါတယ်။ဒါကြောင့် အလုပ်သမားပေါင်းသိန်းနဲ့ချီပြီး အလုပ်လက်မဲ့ဖြစ်ခဲ့ရပါတယ်။ အဲဒီအလုပ်သမားတွေကို မှီခိုနေရတဲ့ မိသားစုဝင်များရဲ့ လူမှုစီးပွားရေးဘဝ နိမ့်ကျယိုယွင်းခဲ့ရပါတယ်။

အဲဒီအလုပ်ရုံစက်ရုံ၊ အလုပ်သမားတွေနဲ့ ဆက်စပ်ပြီး အသက်မွေးဝမ်းကျောင်းပြုနေရတဲ့ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းတွေလည်း ရပ်ဆိုင်းသွားခဲ့ရပါတယ်။ အလုပ်လက်မဲ့ဖြစ်ခဲ့ရသူတွေထဲမှာ အမျိုးသမီးအလုပ်သမ ၈၀၀၀၀ ကျော် ပါဝင်ခဲ့ပါတယ်။ ၎င်းတို့ဟာ ကြုံရာကျပန်း လက်လုမ်းမီရာ အလုပ်အကိုင်ရှာဖွေရင်း အချို့ဆိုရင် လူကုန်ကူးသူတွေရဲ့ သားကောင်ဘဝအထိ ကျရောက်ခဲ့ကြရပါတယ်။

ဒါကြောင့် ပြည်သူများအားလုံး ဆင်းရဲကျပ်တည်းခြင်းမှ လွတ်ကင်းအောင်ဆိုပြီး ပါးစပ်ကအသံကောင်းဟစ်နေသူတွေကသာ ပြည်သူတွေဆင်းရဲကျပ်တည်းအောင် လုပ်ဆောင်နေကြတာဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

### ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ဒီနေရာမှာ အလျဉ်းသင့်လို့ နိုင်ငံတော်အကြီးအကဲအနေနဲ့ နိုင်ငံတော်ကို နောင်လာနောက်သားများ လက်ဝယ် ထားရစ်ခဲ့တဲ့အခါမှာ မိမိတို့ စတင်တာဝန်ယူခဲ့တဲ့အချိန်ကလို အဘက်ဘက်မှ ယိုယွင်းဆုတ်ယုတ်ပြီး ဖရိုဖရဲပြိုကွဲ ပျက်စီးမှု အခြေအနေနဲ့ မချန်ထားခဲ့ဘဲ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနဲ့ပြည့်စုံပြီး တည်ငြိမ်အေးချမ်းသာယာသည့် ခေတ်မီနိုင်ငံတော်ကြီးအဖြစ်သာ ထားရစ်ခဲ့နိုင်စေရအောင် စေတနာရှေ့ထားကြဖို့၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်ကြဖို့ အခါမလပ် မှာကြားဖြည့်ဆည်းလမ်းညွှန်လျက်ရှိကြောင်း ဖော်ပြလိုပါတယ်။

အဲဒီလမ်းညွှန်မှာကြားချက်နဲ့အညီ စေတနာရှေ့ထားပြီး ကြိုးပမ်းအားထုတ်လုပ်ဆောင်နေကြတာမို့ ယနေ့မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကာလတစ်လျှောက်လုံးမှာအတည်ငြိမ်ဆုံး၊ အငြိမ်းချမ်းဆုံးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးကာလကို ရောက်ရှိနေကြောင်း သိသာထင်ရှားစွာ တွေ့ရှိနိုင်ပါတယ်။

ယနေ့မြန်မာနိုင်ငံရဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြည့်မယ်ဆိုရင် ပုဂ္ဂလိကအခန်းကဏ္ဍဟာ ကျယ်ကျယ်ပြန့်ပြန့် ရပ်တည်ပါဝင်နေပါတယ်။ နိုင်ငံရဲ့ အမျိုးသားစီးပွားရေးအခြေအနေ တိုးတက်လာနေသလို ပုဂ္ဂလိကစီးပွားရေးအနေအထားလည်း မြင့်မားလျက်ရှိကြောင်း တွေ့ရှိနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ GDP တန်ဖိုးပမာဏဟာ နှစ်အလိုက်ဈေးနှုန်းများအရ ၁၉၈၈–၈၉ခုနှစ်၌ ကျပ် ၇၆ ဘီလီယံကျော်သာရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်မှာ ကျပ် ၁၂၁၆၂ ဘီလီယံခန့်အထိ မြင့်မားတိုးတက်လာခဲ့ပါတယ်။

ထို့အတူ လူတစ်ဦးစီရဲ့ ပျမ်းမျှဝင်ငွေဟာ ၁၉၈၈–၈၉ခုနှစ်မှာ ကျပ် ၁၉၄၀ သာရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ ခုနှစ်မှာ ကျပ်နှစ်သိန်းနှစ်သောင်းကျော် အထိ တိုးတက်လာခဲ့ပါတယ်။ အလားတူပဲ နိုင်ငံတော်ရဲ့ GDPတန်ဖိုးပမာဏမှာ ပုဂ္ဂလိက ကဏ္ဍပါဝင်မှုအချိုးအစားဟာ ၁၉၈၈–၈၉ ခုနှစ်က ၇၁ ရာခိုင်နှုန်းကျော်သာရှိခဲ့ပါတယ်။ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော်အထိ မြင့်မြင့်မားမား ပါဝင်နေပြီ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရက ဆန်စပါး၊ ဝါ၊ ကြံစတဲ့ စိုက်ပျိုးရေးထုတ်ကုန်သီးနှံများကိုလည်း ဝင်ရောက်ကန့်သတ်ဝယ်ယူမှု လုံးဝမပြုတော့ဘဲ ပုဂ္ဂလိကများအား လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့် ပြုခဲ့ပါတယ်။ ရော်ဘာ၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ကြက်သွန်နီတို့ကိုလည်း ပြည်ပသို့ တိုးချဲ့တင်ပို့ခွင့်ပေးလျက်ရှိပါတယ်။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းကိစ္စများနဲ့စပ်လျဉ်းပြီး ရှုံးအဆင့်ဆင့် မသွားရအောင် စာရွက်စာတမ်းပုံစံမျိုးမျိုး မဖြစ်ရအောင် စီမံပေးထားပါတယ်။ One Stop Service ပီပြင်အောင်လည်း ကြိုးပမ်းစီမံဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းကို ရန်ကုန်ပင်လယ်ထွက်ပေါက်တစ်ခုတည်းမှမဟုတ်ဘဲ နယ်စပ်ဒေသများမှတစ်ဆင့် ကုန်းလမ်းထွက်ပေါက်များအတိုင်း ပုံမှန်ကုန်သွယ်နိုင်ဖို့ တိုးချဲ့ဖွင့်လှစ်ပေးထားပါတယ်။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို တိုးချဲ့ဖွင့်လှစ်ပေးထားတဲ့ တရားဝင်လမ်းကြောင်းများအတိုင်း လိုက်နာလုပ်ကိုင်ကြသူတွေနဲ့ ဥပဒေစည်းမျဉ်း၊ စည်းကမ်းလိုက်နာသူတွေကို နိုင်ငံတော်က ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါတယ်။

တိုင်းပြည်ရဲ့ ပို့ကုန်၊ သွင်းကုန်လုပ်ငန်း မြန်ဆန်သွက်လက်လာတာနဲ့အမျှ နိုင်ငံတော်ရဲ့ ပြည်ပကုန်သွယ်မှုပမာဏဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေပါတယ်။ ၂၀၀၂–၂၀၀၃ ခုနှစ်မှစပြီး နိုင်ငံခြားကုန်သွယ်မှုရှင်းတမ်းမှာ ပို့ကုန်တန်ဖိုးဟာ သွင်းကုန်တန်ဖိုးထက် ပိုမိုများပြားလာပါတယ်။ နှစ်စဉ်ကုန်သွယ်မှုပိုငွေများပြနေပြီဖြစ်ပါတယ်။

# ပြည်တွင်းပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်မှုအဖုံဖုံကြားက အနာဂတ်နိုင်ငံတော်အတွက် အလားအလာကောင်းများကို ပုံဖော်ပေးလျက်ရှိ

ယခင်က နိုင်ငံတော်ရဲ့ ပြည်ပကုန်သွယ်မှုပမာဏမှာ ဒေါ်လာသန်း တစ်ထောင်အထိရှိဖို့ပင် မလွယ်ကူခဲ့ပါဘူး။ သွင်းကုန်က ပို့ကုန်ထက်များပြီး အမြဲလိုငွေပြခဲ့ပါတယ်။ ယခုအခါ ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း(၅၀၀၀) ကျော်အထိ ရှိလာခဲ့ပါတယ်။ ယခု ၂၀၀၆–၂၀၀၇ ခုနှစ်မှာ ဒေါ်လာသန်း ခုနစ်ထောင်ခန့်အထိ ဖြစ်ပေါ်လာနိုင်တဲ့ အလားအလာများ ရရှိနေပြီဖြစ်ပါတယ်။

ယနေ့ကာလမှာ ခေတ်သစ်စနစ်သစ်နဲ့အတူ အတွေးသစ်၊ အမြင်သစ်များ မွေးမြူထားရှိဖို့ လိုအပ်ပါတယ်။ ရေရှည်တည်တည်တန့်တန့်နဲ့ အကျိုးဖြစ်ထွန်းမယ့် စီးပွားရေးလုပ်ငန်းများကို စွဲစွဲမြဲမြဲ တီထွင်ကြံဆလုပ်ကိုင်သွားကြဖို့လဲ လိုအပ်ပါတယ်။ နိုင်ငံတော်ရဲ့အကျိုးနဲ့ ပုဂ္ဂလိကတစ်ဦးချင်း၏အကျိုးကို မျှမျှတတချင့်ချိန် လုပ်ကိုင်တတ်ပြီး သိက္ခာသမာဓိရှိသည့် စီးပွားရေးလုပ်ငန်းရှင်များအဖြစ်လည်းကောင်း၊ ကမ္ဘာကိုတက်လှမ်းပြီး ယှဉ်ပြိုင်နိုင်အားရှိသည့် စီးပွားရေးလုပ်ငန်းဖြစ်ရန်အထိလည်းကောင်း နိုင်ငံတော်က မျှော်မှန်းအားပေးလျက် ရှိနေပါတယ်။

ထို့အတူပဲ စပါးစိုက်ပျိုးထုတ်လုပ်မှုကို နှစ်စဉ် တင်းသန်း(၁၅၀၀) အထိ ရရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးနေပါတယ်။ ၂၀၀၅–၂၀၀၆ခုနှစ် မတ်လကုန်မှာ စပါးစိုက်ပျိုးထုတ်လုပ်မှုဟာ တင်းသန်းပေါင်း (၁၃၀၀)ကျော်အထိ ရှိလာခဲ့ပါတယ်။ ပြည်တွင်းစားသုံးမှု တင်းသန်းပေါင်း ၇၈၀ ကျော်ခန့်ရှိပြီး မျိုးနဲ့အလေအလွင့် တင်းသန်းပေါင်း ၉၄သန်းရှိတာမို့ စပါးတင်းသန်း လေးရာကျော် ပိုလျှံနေပြီ ဖြစ်ပါတယ်။

နိုင်ငံတော်နဲ့ပြည်သူတွေရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုလည်း အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ၁၉၈၈–၈၉ ခုနှစ်တုန်းက အသုံးပြုသော လျှပ်စစ်ဓာတ်အားဟာ ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂၂သာရှိခဲ့ပါတယ်။ ယခုအခါ ကီလိုဝပ်နာရီသန်းပေါင်း ၅၃၂၅ အထိ တိုးမြှင့်သုံးစွဲနေနိုင်ပြီ ဖြစ်ပါတယ်။

ဒါတွေဟာ နိုင်ငံတော်အစိုးရက အနာဂတ်မှာတိုးပွားလာမယ့် နောင်လာနောက်သား မျိုးဆက်များအတွက်ပါ ရည်မှန်းချက်ထားရှိပြီး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေ၊ အလားအလာကောင်းတွေကို တည်ဆောက်ဖန်တီး ဖော်ဆောင်ပေးနေတာဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

### ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

သို့ရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာအောင်၊ ပြည်တွင်းပြည်ပ အဖျက်သမားတွေနဲ့ ပူးပေါင်းလုပ်ဆောင်နေသူတွေက ၎င်းတို့ရဲ့ တတိယရည်ရွယ်ချက်ကိုလည်း မစားရဝခမန်း ပြောကြားနေပါတယ်။ အဲဒါကတော့ ရေဘေးသင့်ခံရတဲ့ ပြည်သူများ လူမှုဒုက္ခအဝဝမှ လွတ်မြောက်စေဖို့အတွက် ဝတ်ပြုဆုတောင်းရတာလို့ ဆိုပါတယ်။ အခုလို မိုးတစ်လုံးလေတစ်လုံး ပြောနေပေမယ့် အဲဒီအဖွဲ့ဟာ ရေဘေးသင့်သူပြည်သူတွေအတွက် လက်တွေ့ကူညီမှုဘာတစ်ခုမျှ ပြုလုပ်ခဲ့ကြတာ မဟုတ်ပါဘူး။

အောက်တိုဘာလ ပထမပတ်အတွင်း တောင်တရုတ်ပင်လယ်ပြင်မှာ ဖြစ်ပေါ်ခဲ့တဲ့မုန်တိုင်းကြောင့် ဒေသတွင်းနိုင်ငံများနည်းတူ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနဲ့ စစ်ကိုင်းတိုင်းတို့မှာ နေရာအနှံ့အပြား မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါတယ်။ မြစ်ချောင်းများ ရေလျှံတက်ပြီး အနိမ့်ပိုင်းကျတဲ့ နေရာဒေသအချို့မှာ ရေဝင်နစ်မြုပ်ခဲ့ပါတယ်။ မိုးလေဝသသတင်းကို ကြိုတင်ကြေညာ အသိပေးနိုင်ခဲ့ပြီး ရေဝင်ရောက်လာတာနဲ့ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာများနဲ့ လူမှုရေးအသင်းအဖွဲ့ဝင်များဟာ နယ်မြေလူထုနဲ့ပူးပေါင်းပြီး ရေလွတ်ရာနေရာဒေသများကို ရွှေ့ပြောင်းပေးနိုင်ခဲ့ပါတယ်။ လိုအပ်သော ကူညီစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရေဝင်ရောက်မှုကြောင့် ရွှေ့ပြောင်းရသူများအတွက် လူမှုရေးအသင်းအဖွဲ့များနဲ့ စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ် ၄၃၂ သိန်းနဲ့ ဆန် ၃၆၇ တင်းကူညီထောက်ပံ့လှူဒါန်းခဲ့ကြပါတယ်။ ရွာသွန်းတဲ့မိုးကြောင့် ဒေသအတွင်းရှိ ဆည်တမံများသို့ ရေဝင်ရောက်ခဲ့ပေမယ့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိလို့ အနိမ့်ပိုင်းသို့စီးဝင်မယ့်ရေများကိုပင်ထိန်းထားပေးနိုင်ခဲ့ပါတယ်။ တစ်ပါတည်းမှာပဲ ရေအားလျှပ်စစ်ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အပြင် ဆည်ရေသောက်ဧရိယာများအတွက် ရေအပြည့်အဝ သိုလှောင်ထားနိုင်တဲ့ အခြေအနေကောင်းတွေ ရရှိခဲ့ပါတယ်။

ရေစီးဝင်မှုကြောင့် ပျက်စီးသွားသော လမ်းတံတားများကိုပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိပါတယ်။ ခရီးသွားပြည်သူများပုံမှန်ကူးသန်းသွားလာနိုင်ရေးအတွက်ဆက်သွယ်ပို့ဆောင်မှုစနစ်များ အစားထိုးဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ ရေလွှမ်းပြီးပျက်စီးသွားတဲ့ သီးနှံစိုက်ခင်းတွေပြန်လည်အစားထိုးစိုက်ပျိုးနိုင်ဖို့အတွက် သက်ဆိုင်ရာက နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ဒါဟာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ဒဏ်ခံရသူ ပြည်သူများကို နိုင်ငံတော်က အရေးပေါ်ပြန်လည်ထူထောင် ကူညီမှုများပဲဖြစ်ပါတယ်။

ဒါပေမယ့် ရေဘေးသင့်သူမြန်မာပြည်သူများကို ခုတုံးလုပ်ပြီးနိုင်ငံရေး၊ စီးပွားရေး အမြတ်ထုတ်သူတွေရှိနေတာကိုလည်း လေ့လာတွေ့ရှိနိုင်ပါတယ်။ မကြာသေးခင်က အမေရိကန်နိုင်ငံမေရီလန်းပြည်နယ်မှာ မြန်မာ့ဒီမိုကရေစီ လှုပ်ရှားသူများအဖွဲ့တစ်ဖွဲ့က ရေဘေးသင့်သူများအတွက် ဆုတောင်းပွဲတစ်ခုပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အဲဒီဆုတောင်းပွဲကနေ သက်ဆိုင်ရာ NGO တွေဆီမှာ မျှောက်ပြဆန်တောင်းသလို လုပ်ကြဦးမှာ ဖြစ်ပါတယ်။ ဒါဟာ ဒုက္ခသည်စခန်းဗန်းပြပြီး နိုင်ငံတကာ ကူညီထောက်ပံ့မှုကို အလွဲသုံးစားလုပ်နေတဲ့ ပြည်ပြေးအကြမ်းဖက်သမားတွေ၊ သောင်းကျန်းသူတွေလုပ်နေကျ လုပ်ရပ်မျိုးပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ၈၈ မျိုးဆက်ကျောင်းသားဆိုသူများက ပြည်ပလက်ဝေခံ အသံလွှင့်ဌာနတွေနဲ့ ချိတ်ဆက်ပြီး ၎င်းတို့ငြိမ်းချမ်းရေးဆုတောင်းပွဲသတင်းကို မဟုတ်မမှန်လုပ်ကြံ ထုတ်လွှင့်ခဲ့တာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

အောက်တိုဘာလ ၂၉ ရက်မှာ DVB အသံလွှင့်ဌာနက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ရိုမန်ကက်သလစ်ဂိုဏ်းချုပ် ခရစ်ယာန်ဘုရားကျောင်းဖြစ်တဲ့ စိန်မေရီကက်တီရီယယ်မှာ ယနေ့ငြိမ်းချမ်းရေးမေတ္တာပို့ဆုတောင်းပွဲ ကျင်းပခဲ့ရာ ခရစ်ယာန်ဘာသာဝင် တစ်သိန်းကျော်တက်ရောက်ခဲ့ကြောင်း မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်သွားပါတယ်။

အဲဒီသတင်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာက စုံစမ်းအတည်ပြုခဲ့ရာမှာ တနင်္ဂနွေနေ့ဖြစ်လို့ ဘာသာဝင်များ ဘုရားကျောင်းတက်ရက်ဖြစ်ခြင်း၊ ခရစ်ယာန် ထုံးတမ်းစဉ်လာအရ ဘုန်းတော်ကြီးငါးပါးသိက္ခာခံပွဲပြုလုပ်ခြင်း၊ ဂိုဏ်းချုပ်ဆရာကြီးရဲ့ မွေးနေ့ဖြစ်ခြင်း စတဲ့ဘာသာရေးပွဲတွေနဲ့ ဘုရားကျောင်းတက်ရက် တိုက်ဆိုင်နေ၍ ခရစ်ယာန်ဘာသာဝင် ၁၀၀၀ ခန့်တက်ရောက်ပြီး ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ဘာသာရေးအခမ်းအနား ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ “၈၈” မျိုးဆက်ကျောင်းသားများ၊ နိုင်ငံရေးသမားများနှင့် ဆက်နွှယ်နေသူ တစ်ဦးတစ်ယောက်မျှ တက်ရောက်ခြင်းမရှိကြောင်း သိရှိရပါတယ်။

အလားတူပဲ အောက်တိုဘာ ၂၉ ရက်နေ့က “၈၈”မျိုးဆက်ကျောင်းသား အုပ်စုဝင်များနဲ့ အပေါင်းအပါ နိုင်ငံရေးသမားတစ်စုဟာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရဲ့ခွင့်ပြုချက်မရရှိဘဲ ရွှေတိဂုံကုန်းတော်အောင်မြေမှာ ၎င်းတို့ရဲ့ ငြိမ်းချမ်းရေး ဝတ်ပြုဆုတောင်းပွဲဆိုတာကို ပြုလုပ်သွားပါတယ်။ အဲဒီလုပ်ရပ်နဲ့ စပ်လျဉ်းပြီး ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့အနေနဲ့ ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းများအရ တရားစွဲဆိုနိုင်ကြောင်း သိရပါတယ်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ထုတ်ပြန်ထားတဲ့ တရားပွဲနှင့် အခြားအခမ်းအနားဆိုင်ရာ စည်းကမ်း၊ ဂေါပကအဖွဲ့စည်းမျဉ်းအပိုဒ် ၇၇(ဏ) အပိုဒ်ခွဲ (၁၀)မှာ “အခမ်းအနားပြုလုပ်လိုသူများသည် မိမိတို့ပြုလုပ်လိုသည့် အခမ်းအနား အစီအစဉ်နှင့် ရည်ရွယ်ချက်၊ ကြီးကြပ်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များနှင့် အခမ်းအနားတွင် ဟောပြောမည့် ပုဂ္ဂိုလ်စာရင်းများကို ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရယူပြီးမှ အခမ်းအနားကို ပြုလုပ်ခွင့်ရှိသည်။ ကြိုတင် တင်ပြထားခြင်းမရှိလျှင် ဂေါပကအဖွဲ့၏ အရေးယူခြင်းခံရမည်” လို့ ဖော်ပြထားကြောင်း သိရှိရပါတယ်။

### ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ဆက်လက်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်နှင့် နောင်တွင်ကျင့်သုံးမည့် စီမံခန့်ခွဲရေးယန္တရားကိုမျှော်မှန်းပြီး အုပ်ချုပ်ရေးပုံသဏ္ဍာန် ပြောင်းလဲဖွဲ့စည်းမှုကို ဆောင်ရွက်နေကြောင်း အသိပေးပြောကြားလိုပါတယ်။

ဒါဟာပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနဲ့ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးဖော်ဆောင်ရေးအတွက် အခြေခံကောင်းများ၊ အလားအလာကောင်းများ ဖန်တီးတည်ဆောက်ရင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကိုပါ အံဝင်ခွင်ကျ လိုက်ပါဖော်ဆောင်ပေးနေတာပဲ ဖြစ်ပါတယ်။

အခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကျင်းပပြီး အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ပေးနေသလို နောင်အနာဂတ်မှာဖြစ်ပေါ်လာမယ့် နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဍာန်နဲ့အညီ လိုက်လျောညီထွေဖြစ်မယ့် အုပ်ချုပ်မှုပုံသဏ္ဍာန်ကို ယခုကတည်းက ပြောင်းလဲပြင်ဆင် ဖွဲ့စည်းပေးနေကြောင်း သတင်းစာဆရာကြီးများ ကြားသိကြပြီး ဖြစ်ပါတယ်။

အနာဂတ်နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုပုံသဏ္ဍာန်၊ အနှစ်သာရနဲ့ လိုက်လျောညီထွေဖြစ်အောင် ရပ်ကွက်နဲ့ ကျေးရွာအုပ်စုတွေမှာ အများပြည်သူများ လေးစားကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်တာဝန်ပေးအပ်လျက်ရှိနေပါတယ်။ ရပ်ကွက်နဲ့ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးအတွက် ဖြစ်နိုင်ပါက ဘွဲ့ရပြီးသူနှစ်ဦးကို ရပ်မိရပ်ဖများနဲ့ ဒေသခံများက ရွေးချယ်ပေးကြပါတယ်။ အဲဒီပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦးက ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး တစ်ဦးကို အဖွဲ့ဝင်အဖြစ် ဆောင်ရွက်စေမှာ ဖြစ်ပါတယ်။

မြို့နယ်အဆင့် အုပ်ချုပ်ရေးမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ခရိုင်အဆင့် အုပ်ချုပ်ရေးမှာ ဥက္ကဋ္ဌအဖြစ် ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ အဖွဲ့ဝင်အဖြစ် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် အတွင်းရေးမှူးအဖြစ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးတို့ကလည်းကောင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်နယ်၊ တိုင်းအဆင့်အုပ်ချုပ်ရေးမှာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပြည်နယ်တိုင်း အုပ်ချုပ်ရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ပြည်နယ်၊ တိုင်းရဲတပ်ဖွဲ့မှူးနဲ့ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန ပြည်နယ်၊ တိုင်းဦးစီးမှူးတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

အဲဒီအုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များကိုလည်း ပြည်သူများယုံကြည်ကိုးစားသော အုပ်ချုပ်ရေးယန္တရားကို ဦးဆောင်လည်ပတ်ပေးနိုင်ဖို့အတွက် လိုအပ်တဲ့ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက် ရှိနေပါတယ်။

ဒါဟာ လက်ရှိမှာရော အနာဂတ်မှာပါ သန့်ရှင်းသည့်၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်(Good Governance) ဖြစ်လာအောင်၊ ပြည်သူယုံကြည် လေးစားအားကိုးတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်တည်လာအောင် ပြုပြင်ပြောင်းလဲ ဖော်ဆောင်ပေးနေတာပဲ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ပြည်သူလူထုအပေါ် အုပ်ချုပ်ရေးအဖွဲ့များအပိုင်းက ဖိစီးမှု၊ အနိုင်အထက်ပြုကျင့်မှု၊ သြဇာအာဏာပြမှု၊ မထီမဲ့မြင် မလေးမစားပြုမှု၊ ရန်ပုံငွေကောက်ခံမှု စသည်များ ပြုလုပ်မိမမှားရအောင် ထိန်းသိမ်းကြပ်မတ် ပြုပြင်ပေးနေခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။

### ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

နိုင်ငံတော်အစိုးရဟာ ပြည်တွင်းပြည်ပအဖျက်သမားတွေရဲ့ နှောင့်ယှက်မှုအဖုံဖုံကြားက နိုင်ငံနဲ့ ပြည်သူများရဲ့ လူနေမှုဘဝ အေးချမ်းတည်ငြိမ်ရေး၊ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေး၊ အသိပညာဗဟုသုတကြွယ်ဝတဲ့ လူ့စွမ်းအားအရင်းအမြစ် ဖြစ်ထွန်းရေးနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတို့ အတွက် ဘက်စုံကဏ္ဍစုံ နယ်ပယ်စုံမှာ အခြေခံကောင်းများ တိုးမြှင့်တည်ဆောက် ပေးလျက်ရှိနေပါတယ်။ အနာဂတ်နိုင်ငံတော်အတွက် အလားအလာကောင်းများကို ကြိုတင်မျှော်တွေး ပုံဖော်ပေးလျက်ရှိနေပါတယ်။

ဒါကြောင့် ယနေ့ကာလမှာ မြန်မာနိုင်ငံဟာ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအတွက် ပိုမိုကောင်းမွန်သည့်၊ ညီညွတ်မျှတသည့် သမိုင်းဖြစ်စဉ် အဆင့်တစ်ဆင့်သို့ တက်လှမ်းကူးပြောင်းနေပြီဆိုတာကို မျက်ဝါးထင်ထင် သုံးသပ်ရှုမြင်နိုင်နေကြပြီ ဖြစ်ပါတယ်။

အဲဒီလိုအချိန်မှာ နေမြင့်လေ အရူးရင့်လေဆိုသလို နိုင်ငံရေး ဝိသမလောဘဇောကပ်နေတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေကတော့ အချို့သောလူတွေအကြိုက် သည်းခြေခိုက်မယ့် နိုင်ငံရေးစကားလုံးတွေ တွင်တွင်သုံးပြီး တိုင်းဖျက်ပြည်ဖျက် မဟာဗျူဟာ၊ နည်းဗျူဟာတွေကို ချမှတ်ကျင့်သုံးလုပ်ဆောင် နေကြတာကိုလည်း တွေ့ရှိနိုင်ပါတယ်။

**တပ်မတော်အနေနဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ သမိုင်းစဉ်တစ်လျှောက်လုံး သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့တဲ့ အတွေ့အကြုံများရှိထားလို့ နိုင်ငံရေး မီးရှူးမီးပန်းတွေပစ်ပြီး ပြည်သူလူထုရဲ့ နောက်ကျောကို ဓားနဲ့ထိုးမယ့် ကိုလိုနီနယ်ချဲ့လက်သစ်ရဲ့ ပဉ္စမံတပ်သား အဖျက်အမှောင့်သမားတွေအကြောင်းကို ကောင်းကောင်းကြီးသိထားပြီး ဖြစ်ပါတယ်။**

**ဒါကြောင့်မို့ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းတွေကို ထိခိုက်ပျက်ပြားအောင် နည်းအမျိုးမျိုးနဲ့ တိုးမြှင့်လုပ်ဆောင်နေသူတွေ၊ ဆူပူအုံကြွအကြမ်းဖက်မှုတွေ ဖြစ်ပွားအောင် သွေးတိုးစမ်းလှုံ့ဆော်နေသူတွေကို အချိန်မီဟန့်တား၊ ထိန်းသိမ်းအရေးယူသွားမှာ ဖြစ်ပါတယ်။**

နိုင်ငံတော်မှာ တည်ငြိမ်မှု၊ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းတွေ တိုးတက်ဖြစ်ထွန်းအောင် ပူးပေါင်းပါဝင် ကြိုးပမ်းအားထုတ်လုပ်ဆောင်လာတဲ့ ပြည်သူများကလည်း ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ ပရိယာယ်အသွယ်သွယ်ကို သိမြင်ပြီး အဖျက်သမားဟူသမျှကို ရှင်းလင်းဖယ်ရှားတိုက်ဖျက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံတော်အစိုးရကတော့ ပြည်သူ၊ တပ်မတော်တို့နဲ့အတူ ပူးပေါင်း လျှောက်လှမ်းလာခဲ့တဲ့ တည့်မတ်မှန်ကန်သော လမ်းကြောင်းမှန်အတိုင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးပန်းတိုင်အရောက် ရဟန်းရှင်လူပြည်သူများကိုကာကွယ်စောင့်ရှောက်ပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် မဆုတ်မနစ်ဆက်လက်လျှောက်လှမ်းသွားမှာဖြစ်ကြောင်းပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ ။

# နိုင်ငံတော်အနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ကျယ်ကျယ်ပြန့်ပြန့်အခွင့်အရေးပေးပြီးခေါ်ဆောင် ပြည်ပကနေဝင်ရောက်လာမှုမပြုအောင် နည်းအမျိုးမျိုးနဲ့နှောင့်ယှက်ဟန့်တားမှုကိုသုံးပြီး ပိတ်ပင်နေ တိုးတက်မှုတွေအခက်အခဲဖြစ်အောင်လုပ်နေတဲ့အဖွဲ့အစည်းအပေါ် ပြည်သူ့သဘောထားနားလည်နိုင်

ရန်ကုန် နိုဝင်ဘာ ၂

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဥ္စကျင်းပရာ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်း ဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးသစ္စာလှထွေးနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းဂျာနယ် မဂ္ဂဇင်းတိုက်များမှ စာတည်းအဖွဲ့ဝင်များတက်ရောက်၍ သတင်းရယူခဲ့ကြသည်။**

**အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ပြည်တွင်းဂျာနယ် မဂ္ဂဇင်းတိုက်များမှ တာဝန်ရှိသူများက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြားသိရှိလိုရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း မေးမြန်းခဲ့ကြရာ ၎င်းတို့၏ မေးမြန်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–**



**နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ၏ သတင်း ထုတ်ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်း ပြန်လည် ရှင်းလင်း ဖြေကြားစဉ်။**
(မြန်မာ့အလင်း)

### ဦးညွန့်တင် (Fuji TV)

ပထမဆုံးမေးခွင့်ပြုပါ။ ကျွန်တော်က နိုင်ငံခြား သတင်းဌာန Fuji TV က ညွန့်တင်ပါ သက်ဝင်းအောင်ရဲ့ အကြောင်းက ကျွန်တော်တို့ နိုင်ငံခြား သတင်းဌာနက 17th October မှာ သူတို့ထုတ်ပြန်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ Verification လုပ်တာက 2nd November ပါ။ ရက်သတ္တပတ်နှစ်ပတ်လောက် ကြာသွားပါတယ်။ အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တင်ပြချင်တာ မေးချင်တာက နိုင်ငံခြား သတင်းဌာနတွေက ကျွန်တော်တို့ နိုင်ငံနဲ့ ပတ်သက်တဲ့ သတင်းကို အခါအားလျော်စွာ သူတို့ ထုတ်လွှင့်ပေးကြတယ်။ ဒီသတင်းတွေကိုကျွန်တော်တို့က သူတို့ ထုတ်လွှင့်တိုင်း၊ ထုတ်လွှင့်တိုင်း တုံ့ပြန်ဖို့ မဟုတ်ပါဘူး။ အရေးကြီးတဲ့ ကိစ္စတွေ၊ KNU နဲ့ ငြိမ်းချမ်းရေး ဆွေးနွေးတဲ့ ကိစ္စမျိုးတွေ၊ National Convention လို ကိစ္စမျိုးတွေ၊ အခုလို ကျွန်တော်တို့ လုံခြုံရေးကို ထိပါးလာမယ့် ကိစ္စမျိုးတွေကျရင် ကျွန်တော်တို့ မြန်မြန်ဆန်ဆန် Verification ထုတ်ပေးပါ။

ထုတ်ပြန်ပေးနိုင်ပါ့မလား၊ ဆိုတာကို ကျွန်တော် ဗိုလ်ချုပ်ကို မေးလိုပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

### ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျေးဇူးတင်ပါတယ်။ အခု ဦးညွန့်တင် ဆွေးနွေးတာဟာ ကျွန်တော်တို့ သတင်းထုတ်ပြန်ရေးအဖွဲ့အတွက်ရော တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက်ရော စေတနာနဲ့ အကြံပြုဆွေးနွေးမေးမြန်းတယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်။ အဲဒီအတွက်လည်း အထူးပဲ ကျေးဇူးတင်ပါတယ်။

ကျွန်တော်အနေနဲ့လည်းပဲ အခုလို ထုတ်ပြန်သင့်တဲ့ သတင်းတွေကို အချိန်နဲ့ တစ်ပြေးညီ ထုတ်ပြန်နိုင်အောင် ဆက်လက်ပြီး ကျွန်တော်တို့ ဆောင်ရွက်သွားကြမယ်ဆိုတာကို ကျွန်တော် ဖြေကြားလိုပါတယ်။ အခု နောက်ပိုင်းမှာ သတင်းထုတ်ပြန်မှု နဲ့ ပတ်သက်လို့ ရှိရင်လည်းပဲ အရင်နဲ့မတူဘဲနဲ့ သတင်းတော်တော်များများကို အချိန်မီ စိစစ်ထုတ်ပြန်ပေးနေတာ အားလုံးသတိပြုမိကြမှာဖြစ်တယ်ဆိုတာကို ဖြေကြားလိုပါတယ်။

### ဦးအောင်ရွှေဦး(NTV)

ကျွန်တော်တို့ ဆန့်ကျင်ဘက်လှုပ်ရှားမှုအပိုင်းမှာ မြေပေါ် မြေအောက် လက်ဝဲလက်ယာ အားလုံးရဲ့ အနေအထား အမျိုးမျိုးကို ရှင်းပြလို့ သိရပါတယ်။ ကျွန်တော်သိချင်တဲ့ အချက်ကတော့ ဗကပရဲ့ အင်အားနဲ့ အနေအထား သူတို့ရဲ့ ရပ်တည်မှု နောက်တစ်ခုက အရင်တုန်းက လက်ဝဲအင်အားဖြစ်ခဲ့တဲ့ ဗကပတွေ အခု လက်ယာအင်အားတွေနဲ့ ပူးပေါင်းဆောင်ရွက်နေမှုအနေအထားကို သိချင်ပါတယ်။

### ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကောင်းပါပြီ ဦးအောင်ရွှေဦး ကျွန်တော် ပြန်ပြီးတော့ဖြေပေးပါ့မယ်၊ ဦးအောင်ရွှေဦး မေးတာက ဗကပရဲ့ အင်အားနဲ့ အနေအထား၊ ဗကပရဲ့ အင်အားကတော့ အရင်တုန်းကလို ကျွန်တော်တို့ ပြည်တွင်းမှာ တပ်ဖွဲ့ကြီးတွေအဖွဲ့အစည်းတွေနဲ့ ပေါ်ပေါ်ထင်ထင် ရပ်တည်နိုင်တဲ့အင်အားမရှိပါဘူး၊ ယူဂျီ အင်အားလောက်သာ ကနေရှိနေတဲ့ အခြေအနေဖြစ်ပါတယ်။

နောက်တစ်ခုကတော့ သူ့ရဲ့ ရပ်တည်မှု၊ ဗကပရဲ့ ရပ်တည်မှု၊ သူ့ရဲ့ ပေါ်လစီကတော့ ဗကပဆိုတဲ့အတိုင်း ဗကပ အယူအဆပဲ ဖြစ်ပါတယ်၊ ဒီအတိုင်းပဲ သူရပ်တည်နေပါတယ်၊ ကျွန်တော်တို့ သိရှိရသလောက် လက်ယာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ အနေအထားကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါသူတို့ရဲ့ လက်ရှိရပ်တည်ချက်ပါ။

သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကတော့ နယ်စပ်ဘက်တွေမှာ မကြာခဏ ထိတွေ့ဆွေးနွေးညှိနှိုင်းကြတာတွေ သတင်းရပါတယ်။ ပြီးရင်လည်းပဲ ဗကပရေးဆွဲထားတဲ့ ဒီမို



**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ ပြန်လည်ရှင်းလင်း ဖြေကြားစဉ်။**
(မြန်မာ့အလင်း)

၂၀၀၆ စီမံချက်ကိုပဲ စီမံချက် ထဲမှာပါတဲ့ အချက်တွေကို ယူပြီးတော့ ယနေ့ NCUB တို့စတဲ့ပြည်ပြေး အဖွဲ့တွေက လူထု တိုက်ပွဲဆိုတဲ့ စီမံချက်ဆိုပြီးတော့ ရေးဆွဲဖော်ဆောင်လာတာ တွေ့ရပါတယ်။ ဒါဟာ ဦးအောင်ရွှေဦး မေးမြန်းတဲ့ ဗကပရဲ့ အင်အားအနေအထား၊ ရပ်တည်မှုနဲ့ လက်ယာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေတွေပဲဖြစ်တယ်လို့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

### ဦးလှထွေး(နီဟွန်းကေဇိုင်းရှင်ဘွန်း)

ကျွန်တော်လှထွေးပါ။ နီဟွန်းကေဇိုင်းရှင်ဘွန်းကပါ။ ကျွန်တော်တို့ ခုနက ပြန်ကြားရေးဝန်ကြီးနဲ့ ရဲချုပ် ပြည့်ပြည့်စုံစုံ ရှင်းပြသွားပါပြီ။ ရှင်းပြတာကို ခြုံငုံသုံးသပ်လိုက်ရင် ကျွန်တော်တို့ ဒီ ၈၈ မျိုးဆက် သစ် မျိုးဆက်ဆိုတဲ့ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ် စသဖြင့် ဒီပုဂ္ဂိုလ် တွေဟာ NCUB, NCGUB, နောက် ABSDF ဒါတွေနဲ့ဆက်သွယ်မှုထင်ရှားတယ်လို့ ဝန်ကြီးရော၊ ရဲချုပ်ရော ရှင်းပြသွားပါတယ်။ ဒါ့အပြင် အနောက်နိုင်ငံ သံရုံးတွေက ငွေယူတယ်ဆိုတာလည်း ရှင်းပြသွားပါတယ်။ အဲတော့ ကျွန်တော့်မေးခွန်းက တိုတိုလေးပါပဲ။ ဒီငါးဦးကို ဒီလောက်တောင် သက်သေထင်ရှားနေပြီဆိုရင် ဒီငါးဦးကို တရားရုံးတင်ပြီးတော့ အပြစ်ပေးဖို့ ဆုံးဖြတ်ပြီးပြီလား ဒါလေးပါပဲ ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

### ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ကျွန်တော်တို့လတ်တလော အခြေအနေအရ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်၊ မင်းဇေယျ၊ ပြုံးချို၊ ၈၈ မျိုးဆက်ကျောင်းသား ဒီငါးဦးကို ကျွန်တော်တို့ ခေါ်ယူမေးမြန်း စစ်ဆေးနေတဲ့ သဘောဖြစ်ပါတယ်၊ အဲဒီဟာက လုံခြုံရေးနဲ့ ဖောက်ခွဲဖျက်ဆီးရေးနဲ့ ပတ်သက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဆက်နွှယ်မှုကြောင့် ခေါ်ယူစစ်ဆေးနေတာ ဖြစ်ပါတယ်။ အခုချိန်ထိ သူတို့ကို အရေးယူ အပြစ်ပေးနိုင်တဲ့ အခြေအနေ ကျွန်တော်တို့ လက်ဝယ်မှာ အခိုင်အမာရှိပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဖော်ထုတ်ရမယ့် သတင်းဆက်များ ကျန်ရှိနေသေးတဲ့ အတွက်ကြောင့် လတ်တလော အခြေအနေမှာတော့ သူတို့ကို မည်ကဲ့သို့မျှ ဆက်လက်ဆောင်ရွက်ခြင်း မရှိသေးဘဲနဲ့ အဆုံးအစ ဖြစ်အောင် ဆက်လက်မေးမြန်းနေဆဲ ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။

### ဦးဝင်းကျော်ဦး (Myanmar Times)

မြန်မာနိုင်ငံအရေးကိစ္စတွေမှာ နိုင်ငံတကာက အပြုသဘောဆန်ပြီးတော့ ဆက်ဆံတယ်ဆိုတာနဲ့ ဝင်ရောက် စွက်ဖက်တယ်ဆိုတာကို နိုင်ငံတော်အစိုးရက ဘယ်လိုအချက်အလက်တွေပေါ်မှာ အခြေခံပြီး ခွဲခြားပါသလဲ။ ဒါ ကျွန်တော့်ရဲ့ ပထမမေးခွန်းပါ။ ဒုတိယမေးခွန်းကတော့ နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှု မြန်ဆန်မှုဆိုတာ ခက်တတ်ပါတယ်။ ဒါပေမယ့် စီးပွားရေးအရ သိသိသာသာပြောင်းလဲတိုးတက်ပြီးတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့မှာ တိုးတက်လာတဲ့ နိုင်ငံတွေရှိပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံထက် နောက်ကျပြီးတော့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးတဲ့ ဗီယက်နမ်ဟာ အာဆီယံ အဖွဲ့ဝင်နိုင်ငံသစ်တွေထဲမှာ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုကို ရှေ့တန်းကို ရောက်လာတာကို တွေ့ရပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာလည်း စိုက်ပျိုးရေးလို အဓိကကဏ္ဍ၊ဆက်သွယ်ရေးလိုကဏ္ဍတွေမှာ အဓိကကျတဲ့ စီးပွားရေးကဏ္ဍတွေမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နိုင်ရင် နိုင်ငံတကာစီးပွားရေး အသိုင်းအဝိုင်းနဲ့ ပိုပြီးတော့ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ဒါကြောင့်မို့လို့ ဘယ်စီးပွားရေးကဏ္ဍတွေမှာ စတင်ပြောင်းလဲဖို့ အစိုးရက စီစဉ်နေလဲဆိုတာ ရှင်းလင်းဖြေကြားပေးစေချင်ပါတယ်။

နောက်ဆုံး Question ကတော့ NLD ပေါ်မှာ ထောက်ခံမှုကျဆင်းလာကြောင်း၊ ၎င်း၏ ပါတီဝင်များ နုတ်ထွက်ကြခြင်းဆိုတဲ့ ဖြစ်ရပ်တွေနဲ့ အစိုးရပိုင်သတင်းစာတွေမှာ ဖော်ပြလာပါတယ်။ ယင်းကိစ္စနဲ့ ပတ်သက်ပြီး အများပြည်သူသဘောထား ဘယ်လို ရှိသလဲ ဆိုတာကို၊ အစိုးရက ဘယ်လို လေ့လာမိသလဲ ဆိုတာကို ဖြေကြားပေးစေလိုပါတယ်။ ဒါနဲ့ တစ်ဆက်တည်းမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ထိန်းသိမ်းမှုသာလျှင် မြန်မာ့နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုဟာ ဖြစ်နိုင်မယ်ဆိုတာ အစိုးရက ကောက်ယူပါသလား။ ကောက်ယူတယ်ဆိုရင် လတ်တလော အခြေအနေတွေနဲ့ ယှဉ်တွဲပြီးတော့ ဖြေကြားပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

### ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကောင်းပါပြီ။ Myanmar Times က ကိုဝင်းကျော်ဦးကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ပထမမေးခွန်းက နိုင်ငံတကာက ဝင်ရောက်စွက်ဖက်တယ်။ နိုင်ငံတကာက မြန်မာနိုင်ငံရဲ့ကိစ္စကို အပြုသဘောဆောင်ရွက်တယ်လို့ ခွဲခြားတဲ့နေရာမှာ ဘယ်လိုအချက် တွေပေါ်မှာ အခြေခံခွဲခြားသလဲလို့ ဒီလိုမေးသွားတာဖြစ်ပါတယ်။ ကနေ့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရက အခြေခံပြီးဆောင်ရွက်နေတဲ့ မူဝါဒတွေက နံပါတ်(၁)က ဒို့တာဝန်အရေးသုံးပါးဖြစ်ပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဖြစ်ပါတယ်။ အလားတူပဲ နိုင်ငံရေး ဦးတည်ချက် (၄)ရပ်၊ စီးပွားရေး ဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ် ဒီဦးတည်ချက် (၁၂)ရပ်ဟာလည်း နိုင်ငံတော်ရဲ့ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေပဲဖြစ်ပါတယ်။ နံပါတ် (၃)အနေနဲ့ကလည်းပဲ ခြုံပြီးပြောရရင် နိုင်ငံတော်ဟာ အရာရာကို အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ပြည်ပဆက်ဆံရေးနဲ့ နိုင်ငံခြားဆက်ဆံရေးနဲ့ ပတ်သက်ရင်လည်း နိုင်ငံတော်က ကိုင်စွဲထားတာဟာ လွတ်လပ်၍တက်ကြွတဲ့ နိုင်ငံခြားရေး မူဝါဒဖြစ်ပါတယ်။ ဘက်မလိုက်နိုင်ငံ များကျင့်သုံးတဲ့ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို အလေးအနက်ထားပြီးတော့ လိုက်နာ ကျင့်သုံးလျက်ရှိပါတယ်။

ဒါကြောင့်နိုင်ငံတကာက ကျွန်တော်တို့နိုင်ငံအပေါ်မှာ ပြောဆိုမှု၊ ဆောင်ရွက်မှု၊ လုပ်ကိုင်မှုတွေဟာ အဲဒီ ကျွန်တော်တို့ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်တွေကို မထိခိုက်ဘူးဆိုရင် ဒါဟာ အပြုသဘောဖြစ်တယ်လို့ ကျွန်တော်တို့ခံယူပါတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ကနေ့ကျင့်သုံး ဆောင်ရွက်နေတဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်ပျက်ပြားအောင်၊ နိုင်ငံတော်ရဲ့ ဦးတည်ဆောင်ရွက်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်တွေကို ထိခိုက်ပျက်ပြားအောင် နိုင်ငံတော်အတွင်းမှာ ရှိနေတဲ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ စည်းလုံးညီညွတ်မှုကို ပျက်ပြားအောင်၊ ထိခိုက်အောင်ဆောင်ရွက်မှုမျိုးတွေ၊ စွက်ဖက်မှုမျိုးတွေ၊ လုပ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



**Fuji TV မှ ဦးညွန့်တင် မေးမြန်းစဉ်။**
(မြန်မာ့အလင်း)



**NTV မှ ဦးအောင်ရွှေဦး မေးမြန်းစဉ်။**
(မြန်မာ့အလင်း)



**နီဟွန်းကေဇိုင်းရှင်ဘွန်းမှ ဦးလှထွေး မေးမြန်းစဉ်။**
(မြန်မာ့အလင်း)



**Myanmar Times မှ ဦးဝင်းကျော်ဦး မေးမြန်းစဉ်။**
(မြန်မာ့အလင်း)

**စာမျက်နှာ ၁၀ မှ**

ဆောင်လာမှုမျိုးတွေကိုတော့ ဒါဝင်ရောက်စွက်ဖက်မှုလို့ ဒီလိုခံယူ သတ်မှတ်ပါတယ်။ ဒါနံပါတ်(၁)ကိစ္စ ဖြစ်ပါတယ်။

နံပါတ်(၂)ကတော့ နိုင်ငံရေးအရ ပြုပြင်ဆောင်ရွက်ဖို့ ဆိုတာကတော့ အချိန်ယူပါတယ်။ စီးပွားရေးအရ ပြုပြင်ဆောင်ရွက်ဖို့ ဆိုတာကတော့ နိုင်ငံရေးပြုပြင်ဆောင်ရွက်ဖို့ထက် ပိုပြီးမြန်တယ်။ ကနေ့အခါမှာ ဗီယက်နမ်မှာ စီးပွားရေးပြုပြင်ပြောင်းလဲမှု တွေ ဆောင်ရွက်လို့ တော်တော်များများ လျင်လျင်မြန်မြန် တိုးတက်နေတယ်။ မြန်မာနိုင်ငံမှာလည်းပဲ အဲဒီလို မြန်မြန်ဆန်ဆန်တိုးတက်အောင် ဘယ်ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မလဲလို့ ဒီလိုမေးသွားတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့နိုင်ငံမှာ Myanmar Times ကလည်း သိပြီးဖြစ်မှာပါ။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ တိုင်းရင်းသားများရဲ့ ရင်းနှီးမြှုပ်နှံမှု ဥပဒေဒါတွေ အတိအကျပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အဲဒီပြဋ္ဌာန်းထားပြီးသား အထဲတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ စီးပွားရေးကဏ္ဍတွေ ဖော်ပြထားပြီးဖြစ်ပါတယ်။ ကနေ့အခါမှာ ကြည့်မယ်ဆိုလို့ရှိရင် Off-Shore ရေနံဓာတ်ငွေ့လုပ်ငန်းမှာလည်းပဲ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုဖိတ်ခေါ်ပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ပြည်တွင်းရဲ့ စက်မှုကဏ္ဍများမှာလည်းပဲ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုခေါ်ယူပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ မကြာခင်မှာလည်းပဲ သီလဝါအထူးစီးပွားရေးဇုန်ဥပဒေကို ပြဋ္ဌာန်းပြီးတော့ ရင်းနှီးမြှုပ်နှံလိုသူတွေ ကဏ္ဍမျိုးစုံမှာ ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံနိုင်အောင် ဆောင်ရွက်နေလျက်ရှိပါတယ်။ ဒါ့ကြောင့် ဘယ်ကဏ္ဍဆိုတာထက် စောစောကပြောခဲ့တဲ့ ကဏ္ဍအများအပြားမှာ ကျွန်တော်တို့အနေနဲ့ကတော့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာလည်းပဲ နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်(၄)ရပ်နဲ့အညီ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်တို့ဖော်ဆောင်နေတဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေတွေ၊ ပြည်တွင်း နိုင်ငံသား တိုင်းရင်းသားများရဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မကြာခင်မှာ ဖော်ဆောင်ပေးမယ့် သီလဝါ အထူးစီးပွားရေးဇုန်ဥပဒေတွေမှာပါဝင်တဲ့ အချက်အလက်တွေဟာလည်း တခြားသော နိုင်ငံများမှာပေးထားတဲ့ ရင်းနှီးမြှုပ်နှံမှု ရင်းနှီးမြှုပ်နှံသူတွေကို ပေးထားတဲ့ အခွင့်အရေးတွေနဲ့ မတိမ်းမယိမ်းပါပဲ။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ စောစောကမေးသွားတဲ့ မေးမြန်းမှုကို သုံးသပ်ကြည့်တဲ့အခါမှာ ဗီယက်နမ်မှာတော့ ချက်ချင်းတိုးတက်သွားပြီးတော့ မြန်မာမှာတော့ ဘာကြောင့် မတိုးတက်တာလဲဆိုတဲ့ ဒီလိုစိတ်ရင်းစေတနာလေးနဲ့ မေးသွားတယ်လို့၊ ယဉ်ယဉ်ကျေးကျေးလေး မေးသွားတယ်လို့ ကျွန်တော် ယူဆပါတယ်။ ကနေ့ နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်နေတဲ့ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ အခွင့်အရေးပေးမှုတွေ နည်းလို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ထုတ်ပြန်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေဟာ တခြားသော နိုင်ငံများမှာပေးနေတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေနဲ့ မကွာပါဘူး၊ နိုင်ငံအသီးသီးဟာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး အကျိုးရှိမှုအတွက်ရော၊ ရင်းနှီးမြှုပ်နှံလာတဲ့ သူတွေ အကျိုးရှိမှုအတွက်ရော ကြည့်ပြီးတော့ ကိုယ့်နိုင်ငံရဲ့အခြေအနေနဲ့ကို ချမှတ်ကြတာဖြစ်ပါတယ်။ သို့သော် တစ်ဦးနှင့်တစ်ဦး သိပ်မကွာပါဘူး။

သို့သော် ကျွန်တော်တို့ နိုင်ငံဘာကြောင့် ဒီလိုအခက်အခဲတွေဖြစ်နေရတာလဲ။ ကျယ်ကျယ်ပြန့်ပြန့် လေ့လာရင် ခင်ဗျားတို့သဘောပေါက်နိုင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်စနိုင်ငံတစ်ခု မြန်မြန်ဆန်ဆန်ဖွံ့ဖြိုးတိုးတက်လာဖို့ရာဟာ FDI ခေါ်တဲ့ Foreign Direct Investment များများစားစား ဝင်ရောက်ဖို့လည်း လိုအပ်ပါတယ်။ နောက်တစ်ခါ ဖွံ့ဖြိုးတိုးတက်စနိုင်ငံတိုင်းက သူ့နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်နေတဲ့ဟာတွေအပေါ်မှာ နိုင်ငံတကာ အဖွဲ့အစည်းတွေက Aids တွေ၊ Loan တွေ၊ Grants တွေနဲ့ ကူညီထောက်ပံ့ဖို့လည်း လိုအပ်ပါတယ်။ဒါနိုင်ငံတကာရဲ့ ဖွံ့ဖြိုးတိုးတက်မှု အစဉ်အလာတွေမှာ အဲဒါတွေကြောင့် ဖွံ့ဖြိုးတိုးတက်လာတာပါ။ ဒါ့အပြင် တခြားသော ကုန်သွယ်မှုစတဲ့ စီးပွားရေးကဏ္ဍတွေမှာလည်း စေတနာနဲ့ ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာလျှင် ဖွံ့ဖြိုးတိုးတက်စနိုင်ငံဟာ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုး တိုးတက်မှာဖြစ်ပါတယ်။



**လှိုင်သာယာမြို့နယ်မှ ဦးမြင့်ဖြိုက်ကျော် ဖြေကြားစဉ်။** (မြန်မာ့အလင်း)

သို့သော်လည်းပဲ ကနေ့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေတွေကို အားလုံးကြည့်ကြမယ်ဆိုလို့ရှိရင် နိုင်ငံတော်အနေနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် အခွင့်အရေးတွေ ပေးပြီးတော့ ခေါ်ဆောင်ပေမယ့် အဲဒါတွေကို မလာရအောင် ဘယ်သူက ပိတ်နေသလဲ။ ကျွန်တော်တို့ပေးတဲ့ အခွင့်အရေးနည်းလို့ မဟုတ်ဘူးလေ။ ကျွန်တော်တို့ အမှန်အတိုင်းလေ့လာသုံးသပ်ကြည့်ရင် ပြည်ပကနေပြန်တော့မှ အဲဒီလိုဝင် ရောက်လာမှုတွေကို ဝင်ရောက်လာမှု မပြုနိုင်အောင် နည်းအမျိုးမျိုးနဲ့ နှောင့် ယှက်ဟန့်တား၊ ပိတ်ပင် ဩဇာကိုသုံး ပြီးတော့ ပိတ်ပင်နေလို့ အဓိကဖြစ်ပါတယ်။ ဒါ ခင်ဗျားတို့လည်း သိပြီးသားပါ။ တစ်ချို့သော မြန်မာနိုင်ငံအတွင်း မှာ ဝင်ရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံနေတဲ့ ကုမ္ပဏီများတောင် တစ်ဖက်က ဖိအားပေးမှု၊ ပိတ်ဆို့မှု၊ အကျပ်ကိုင်မှုကြောင့် ပြန်ထွက်သွားရတာ အားလုံး သိနိုင်ပါတယ်။ အလားတူပဲ ကမ်းလွန်ရေနံကိစ္စမှာလည်းပဲ ဒီသဘောနဲ့ တချို့သူ့ရဲ့ရှယ်ယာတွေ၊ သူ့ရဲ့အလုပ်တွေကို ပြန်ရောင်းပြီး ထွက်သွားရတာတွေရှိပါတယ်။ အလားတူပဲ လက်ရှိအဲဒီမှာအောင်မြင်နေတဲ့ ရတနာဓာတ်ငွေ့က Total ကုမ္ပဏီကိုဆိုလည်းပဲ အမျိုးမျိုးဖိအားတွေပေးပြီးတော့ အဲဒီရှယ်ယာတွေကိုရောင်းပြီး ဒီလုပ်ကွက်ကနေထွက်သွားအောင် အလုပ်ခံနေရပါတယ်။

အဲဒီလို အကြောင်းတရားတွေကြောင့် ကျွန်တော်တို့ နိုင်ငံမှာ Foreign Direct Investment ဟာ တခြားနိုင်ငံတွေမှာ ဝင်လာသလောက် ဝင်မလာနိုင်တာ ဖြစ်ပါတယ်။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် အခုနောက်ပိုင်းကို ပြန်ကြည့်မယ်ဆိုရင် အရင်ကထက် ဒါတွေ တိုးတက်ပြီး ဝင်လာတာကို တွေ့ရမှာဖြစ်တယ် ဆိုတာကို ကျွန် တော်ပြောလိုပါတယ်။ ဒါ့အပြင် ဖွံ့ဖြိုးစ နိုင်ငံတစ်ခု ဖွံ့ဖြိုးဖို့ရာအတွက် Loan တွေ၊ Aids တွေ၊ Grants တွေ၊ ခုနIMF တို့ World Bank တို့စသဖြင့် ဒီအဖွဲ့အစည်းတွေက တခြားသော ချမ်းသာကြွယ်ဝတဲ့ နိုင်ငံကြီးတွေက အဲဒီအကူအညီက အများကြီး အရေးကြီးပါတယ်။ ဖွံ့ဖြိုးတိုးတက်သွားတဲ့ နိုင်ငံတွေကို ပြန်ပြီးတော့ လေ့လာကြည့်လိုက်ပါ။ အဲဒီလို လေ့လာကြည့်ရင် အဲဒီလို ဖွံ့ဖြိုးတိုးတက်သွားကြတာဟာ အဲဒီလို Aids တွေ၊ Loan တွေ၊ Grants တွေရဲ့အကူအညီ အများကြီးပါတယ် ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

ဒါဖြစ်ရင် ကျွန်တော်တို့နိုင်ငံမှာ အဲဒီလို Aids တွေ၊ Loan တွေ၊ Grants တွေ ကနေ့ရသလား၊ ဘယ်သူက ပိတ်ထားသလဲ၊ ဒါ အားလုံးအသိပါ။ ပြည်တွင်းအဖွဲ့ကလည်း ဒါတွေ ပိတ်ပါ ဒါတွေ မပေးပါနဲ့လို့ တောင်းဆိုတယ်။ ပြည်ပကသူ့ရဲ့ ရပ်သေးအစိုးရကို တင်ချင်တဲ့ အဲဒီ ဩဇာရှိတဲ့နိုင်ငံကြီး



**ရန်ကုန်တိုင်း(မ) ဂျာနယ်မှ ဦးကိုကို မေးမြန်းစဉ်။** (မြန်မာ့အလင်း)

တွေနဲ့ အဖွဲ့အစည်းတွေကလည်း သူ့ဩဇာကို နာခံမယ့်သူကို တင်နိုင်ရေးအတွက် သူ့ဩဇာခံရဲ့ တောင်းဆိုချက်နဲ့ တစ်ကျိတ်တည်း၊ တစ်ကြိတ်တည်း ကျွန်တော်တို့ကို အဲဒါတွေ မရအောင်ပိတ်တယ်။ တားဆီးတယ်။ ယုတ်စွအဆုံး လူသားချင်း စာနာမှု အထောက်အကူလို့ပြောတဲ့ Global Fund တောင်မှ ရပ်သိမ်းသွားတယ်။ အဓိကကျွန်တော်တို့ နိုင်ငံမှာ အခုလို စီးပွားရေးပိုင်းမှာ ဗီယက်နမ်နဲ့နှိုင်းယှဉ်လိုက်တဲ့အခါမှာဒီလိုအနည်းငယ်အခက်အခဲ ရှိရတာဟာ စောစောက ပြောခဲ့တဲ့ ပိတ်ဆို့မှုတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဒါနံပါတ်(၂) အဖြေဖြစ်ပါတယ်။

နံပါတ် (၃)ကတော့ NLD ကို ပြည်သူရဲ့ထောက်ခံမှုတွေ ကျဆင်းလာတယ်။ NLD တွေ၊ သူတို့ ပါတီကနေ ထွက်တာတွေကို သတင်းစာတွေမှာ မကြာခဏဖော်ပြနေတယ်။ ဒါ့ကြောင့် NLD အပေါ်မှာ ပြည်သူရဲ့ထောက်ခံချက်ရှိ မရှိဆိုတာကို ဘယ်လိုသုံးသပ်ပါသလဲလို့မေးတယ်လို့ထင်ပါတယ်။ မှန်ပါသလား။ ဒါ ရှင်းရှင်းလေးပါ။

ကိုဝင်းကျော်ဦးကို ကျွန်တော် မေးခွန်းလေးပြန်မေးပါမယ်။ ကနေ့ NLDက လက်ခံကျင့်သုံးနေတဲ့မူဝါဒတွေဟာ အမိန့်ဟူသမျှဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ ပိတ်လေး ပိတ်နဲ့ ပိတ်ဆို့ရေး၊ ပိတ်လေးပိတ်နဲ့ ပိတ်ဆို့ရေး ဆိုတာဟာ မြန်မာနိုင်ငံမှာ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ လာပြီးတော့ မလုပ်ကြပါနဲ့။ ဒါပိတ်တစ်ပိတ်။ နံပါတ်(၂)က စောစောက ပြောသလို Loan တွေ၊ Aids တွေ၊ Grants တွေ၊ အထောက်အပံ့တွေ မပေးကြပါနဲ့၊ မြန်မာနိုင်ငံကို ခရီးသွားတွေ မလာကြပါနဲ့။ လာတာတွေကိုတားဆီးပေးပါ။ နံပါတ်(၄)ပိတ်တာက မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုတွေ မလုပ်ပါနဲ့၊ မြန်မာနိုင်ငံက ထွက်တဲ့ပစ္စည်းတွေကို သပိတ်မှောက်ကြပါ။ အဲဒီ လေးချက်လုပ်တယ်။ ကနေ့လည်း အဲဒီအတိုင်း ကျင့်သုံးနေတယ်။

**အဲဒါ ခင်ဗျား ကြိုက်သလား။ ကိုဝင်းကျော်ဦး ဖြေကြည့်ပါ။ ခင်ဗျား ကြိုက်သလား။ ကိုဝင်းကျော်ဦးက "မကြိုက်ပါဘူး"ဟု ဖြေပါသည်။ ခင်ဗျားမကြိုက်သလို ကျန်တဲ့ပြည်သူကရော ကြိုက်ပါ့မလား။ ကျန်တဲ့ ပြည်သူ အများစုကရော ကြိုက်ပါ့ မလား။ ဥပမာ ကျွန်တော်ပြောပြမယ် နော်။ ကိုဝင်းကျော်ဦး ထိုင်ပါခင်ဗျ။ ဥပမာ ကျွန်တော် ပြောပြမယ်ဆိုတာ သူတို့ရဲ့ အဲဒီလိုအကျပ်ကိုင် ပိတ်ဆို့မှုတွေကြောင့် ကျွန်တော်တို့နိုင်ငံကရနေတဲ့ အထည်ချုပ်ခွင့် Quota တွေ ရပ်သွားတယ်။ နည်းသွားတယ်။ အဲဒီလို အထည်ပို့ခွင့်တွေ အပိတ်ခံရတယ်။ ရတဲ့ Quota တွေနည်းသွား၊ ရပ်သွားတဲ့အတွက်ကြောင့် မြန်မာနိုင်ငံအတွင်းမှာ အရင်တုန်းက စက်ရုံတွေဖွင့်ပြီး ထုတ်လုပ်နေတဲ့ စက်ရုံပေါင်း ၁၆၀ လောက် ပိတ်သွားတယ်။ စက်ရုံပေါင်း**



**လယ်ယာစီးပွား သတင်းဂျာနယ်မှ ဦးမြတ်စိုး မေးမြန်းစဉ်။** (မြန်မာ့အလင်း)

**၄၀လောက်က အလုပ်သမားတွေလျှော့ချတယ်။ ဒါကြောင့်မို့ လုပ်သားပေါင်း ရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်တယ်။ သူတို့ကိုမှီခိုနေတဲ့ မိသားစုလေးသိန်းကျော် အခက်အခဲဖြစ်တယ်။ အဲဒီပြည်သူတွေက အဲဒါကို ကြိုက်မလာ။ အခု ကျွန်တော်မေးတာကို ဖြေကြည့်ပါ။ ကြိုက်မလား။ ဦးဝင်းကျော်ဦးက "မကြိုက်ပါဘူး"ဟု ဖြေပါသည်။ ကျွန်တော်ဆိုလည်း မကြိုက်ဘူး။ ကိုဝင်းကျော်ဦးဆိုလည်း ကြိုက်နိုင်မယ်လို့ မထင်ဘူး။ ဒါဆိုရင် ပြည်သူတွေရဲ့ NLD အပေါ်မှာ ထားတဲ့ သဘောထားဘယ်လိုရှိမယ်ဆိုတာ ထင်ရှားနေပါတယ်။**

**နောက်တစ်ခု ကျွန်တော် ပြောပြပါမယ်။ သူတို့တစ်တွေရဲ့ အဲဒီလိုမှားယွင်းတဲ့ လုပ်ရပ်တွေကြောင့် ပြည်သူတွေမှာလည်း ထိခိုက်တာတွေ အများကြီးရှိခဲ့တယ်။ နိုင်ငံတော်မှာလည်း ထိခိုက်တာတွေ အများကြီးရှိတယ်။ ပြည်သူတွေနဲ့ နိုင်ငံတော်ထိခိုက်တာကို ကျွန်တော်ပြောရရင် ကျွန်တော်တို့ လက်ရှိဆောင်ရွက်မှုမျိုးနဲ့ အဲဒီလို ပိတ်ဆီး၊ ပိတ်ဆို့တာတွေ၊ တားဆီးတာတွေ၊ နှောင့်ယှက်တာတွေသာ မရှိဘူးဆိုရင် ကျွန်တော် ရိုးရိုးသားသား ယုံကြည်တယ်။ ကနေ့ အောင်မြင်တာထက် နှစ်ဆမဟုတ်တောင် နှစ်ဆနီးပါး အောင်မြင်နိုင်တယ်။ ကနေ့ အားလုံးသိနေကြပါတယ်။ ဟုတ် လား။ စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ ရှိရင်လည်း လယ်၊ ဆည်မြောင်း၊ တာတမံ၊ လမ်းပန်း၊ ဆက်သွယ်ရေးနဲ့ ပတ်သက်လို့ရှိရင်လည်းပဲ လမ်း၊ တံတားကြီးတွေ Communication နဲ့ ပတ်သက်လို့ရှိရင်လည်းပဲ ဖုန်း၊ ကြိုးမဲ့ဖုန်း၊ နောက်တစ်ခါ ကျွန်တော်တို့ ဆယ်လူ လာကအစ၊ ပညာရေး၊ ကျန်းမာရေးနဲ့ပတ်သက်လို့ရှိရင်လည်းပဲ ကနေ့အခါမှာ ဒါ ပညာရေးအခွင့်အလမ်း၊ ကျန်းမာရေး အခွင့်အလမ်း ဘယ်လောက်အထိ ပွင့်လန်းနေတယ်။ ဘယ်လောက်အထိ အောင်မြင်အောင် ဆောင်ရွက်နိုင်တယ်။ အရင်တုန်းက စာသင်ကျောင်းဆိုတာ ဝေလာဝေး၊ စာဆိုတာမသင်ခဲ့ရဘူး။ လမ်းဆိုတာ ဝေလာဝေး။ မြို့ကြီးဆိုတာ ဝေလာဝေး။ ကျန်းမာရေးစောင့်ရှောက်မှုဆိုတာ ဝေလာဝေးဖြစ်တဲ့ နယ်စပ်ဒေသတွေကို ကိုဝင်းကျော်ဦး တစ်ခါလောက် သွားကြည့်စမ်းပါ။ သွားကြည့်စမ်းပါ။**

**အဲဒီဒေသမှာ ရှိနေတဲ့ တိုင်းရင်းသားတွေအတွက် လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်မီးတွေ၊ ဆည်မြောင်း တာတမံတွေ၊ ပညာရေးအတွက် ကျောင်းတွေ၊ ကျန်းမာရေးအတွက် ဆေးခန်းတွေနဲ့ အများကြီးတိုးတက်လာခဲ့ပြီဖြစ်ပါတယ်။ အဲဒီလို တိုးတက်မှုတွေဟာ စောစောက ပြောခဲ့တဲ့ ပိတ်ဆို့ တားဆီးမှုတွေသာ မရှိဘဲနဲ့ ကူညီမှုတွေ၊ ပံ့ပိုးမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့သာ ဖြစ်သွားမယ်ဆိုရင် ကျွန်တော်ယုံကြည်တယ်။ ဒီတိုးတက်တာထက် နှစ်ဆမဟုတ်တောင် နှစ်ဆ**



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း ပြန်လည်ရှင်းလင်း ဖြေကြားစဉ်။** (မြန်မာ့အလင်း)

**နီးပါး တိုးတက်နိုင်ပါတယ်။ ဒါဟာ ဘာလဲ။ တိုင်းပြည်အကျိုးဖြစ်တယ်။ ပြည်သူအားလုံးရဲ့ အကျိုးဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာ ကိုယ့်အကျိုးဖြစ်တာကို မကြိုက်တဲ့လူရယ်လို့ မရှိနိုင်ပါဘူး။ ဒါဆိုရင် အဲဒီလို တိုးတက်မှုတွေအတွက် အခက်အခဲဖြစ်အောင်၊ အနှောင့်အယှက်ဖြစ်အောင်၊ အတားအဆီးဖြစ်အောင် ဘယ်သူတွေလုပ်နေသလဲ။ ဒါရှင်းရှင်းလေးပါ။ အဲဒီလိုလုပ်နေတဲ့သူအပေါ်ကို၊ အဖွဲ့အစည်းအပေါ်ကို ပြည်သူ့သဘောထား ဘယ်လိုရှိမလဲ။ နားလည်သဘောပေါက်နိုင်လိမ့်မယ်။ ရှင်းလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့် ကနေ့ NLD အပေါ်မှာ ပြည်သူရဲ့သဘောထား ဘယ်လိုရှိမလဲဆိုတဲ့ဟာ ဒါအဖြေပဲ ဖြစ်တယ်လို့ ကျွန်တော်ပြောလိုပါတယ်။**

နောက်တစ်ခုက ဒေါ်စုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ဆက်လက် ထိန်းသိမ်းထားမှသာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးတိုးတက်မှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ဆောင်နိုင်မှာလား၊ဒါကို ဝင်းကျော်ဦးရဲ့အမေးပေါ့။ အဲတော့ အဲဒီအမေးမှာ အဖြေက ကနေ့ကျွန်တော်တို့ ထိန်းသိမ်းထားရတဲ့ အကျဉ်းထောင်ထဲမှာ ရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ အဓိကအားဖြင့်တော့ ဥပဒေကိုကျူးလွန်လို့ ထိန်းသိမ်းထားရတဲ့ ပုဂ္ဂိုလ်များသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံရေးကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ကြတဲ့ နေရာမှာတော့ နိုင်ငံတော်ရဲ့ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ နောက်တစ်ခါ ဆူပူအကြမ်းဖက်မှု၊ ဆူပူအုံကြွမှု ဒါတွေကို ဖော်ဆောင်မယ်။ ထိပါးမယ်ဆိုရင်တော့ လက်ခံလို့မရနိုင်ပါဘူး။

**ဘာကြောင့်လဲဆိုလို့ရှိရင် တိုင်းပြည်မှာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုမရှိဘဲနဲ့ နိုင်ငံရေးကိုလည်း တည်ဆောက်လို့မရနိုင်ဘူး။ စီးပွားရေးကိုလည်း တည်ဆောက်လို့ မရနိုင်ပါဘူး။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း တည်ဆောက်လို့မရနိုင်ပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံတော်ရဲ့ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုကို အန္တရာယ်ပြုမယ်၊ ဆူပူအုံကြွမှု၊ ဆူပူအကြမ်းဖက်မှုတွေကို ဦးတည်မယ်ဆိုရင်တော့ အဲဒီလိုဦးတည်လာတာတွေကို အန္တရာယ်ပြုလာတာတွေကို ကာကွယ်ရမှာပဲ။ တားဆီးရမှာပဲ။ ထိန်းသိမ်းရမှာပဲ။ အရေးယူရမှာပဲ ဖြစ်ပါတယ်။**

နိုင်ငံရေး ဖော်ဆောင်မှုပဲဖြစ်ဖြစ်၊ စီးပွားရေးဖော်ဆောင်မှုပဲဖြစ်ဖြစ်၊ လူမှုရေး၊ ပညာရေးဖော်ဆောင်မှုပဲဖြစ်ဖြစ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ရေးကိုပဲဖြစ်ဖြစ် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု မရှိဘဲနဲ့ ဖော်ဆောင်ဖို့ မဖြစ်နိုင်ပါဘူး။ မအောင်မြင်နိုင်ပါဘူး။ ကနေ့ အဲဒီလို တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုမရှိလို့ အဲဒီလို ဖော်ဆောင်မှုတွေမှာ အခက်အခဲဖြစ်နေတဲ့ နိုင်ငံတွေကို ကိုဝင်းကျော်ဦး ကမ္ဘာမှာ လိုက်ကြည့်လိုက်ပါ။ တွေ့နိုင်လိမ့်မယ်လို့၊ တွေ့နိုင်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ တည့်တည့် ပြောရရင်တော့ ကနေ့ အီရတ် နိုင်ငံရဲ့အခြေအနေကို ကြည့်ကြည့်ပါ။ တည်ငြိမ်မှုမရှိဘူး။ အေးချမ်းမှုမရှိဘူး။ တရားဥပဒေစိုးမိုးမှု မရှိဘူး။ မရှိတဲ့အတွက်ကြောင့် နိုင်ငံရေးရလဒ်ကောင်းတွေကို ဖော်ဆောင်လို့ မရဘူး။ စည်းလုံးညီညွတ်ရေးရလဒ်ကောင်းတွေကို ဖော်ဆောင်လို့မရဘူး။ စီးပွားရေးတွေ တည်ဆောက်လုပ်ကိုင်လို့ မရဘူး။

**မြန်မာနိုင်ငံမှာလည်း ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီကို အောင်အောင်မြင်မြင်ဖော်ဆောင်နိုင်ဖို့၊ ပြည်သူတွေလိုလားတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်ဖို့ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု လိုအပ်ပါတယ်။ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုကို ပျက်ပြားအောင် အန္တရာယ်ပြုတဲ့သူတွေ၊ အန္တရာယ်ပြုတဲ့အဖွဲ့တွေ၊ ဆူပူမှု၊ အုံကြွမှုတွေကို ဖန်တီးတဲ့လုပ်ရပ်တွေ၊ ပုဂ္ဂိုလ်တွေ၊ အဖွဲ့တွေကိုတော့ ကျွန်တော်တို့ တားဆီးရမယ်။ အရေးယူသင့်ရင် အရေးယူသွားရမှာပဲ ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။**

**ဦးကိုကို (Yangon Times)**

နံပါတ်(၁) မေးခွန်းကတော့ ခုနက ပြန်ကြားရေးဝန်ကြီးနဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ ရဲချုပ်တို့ ရှင်းလင်းတင်ပြတဲ့အထဲမှာလည်း ပါပြီးသွားပါပြီ။ အဲဒါကတော့ Signature Campaign လို့ခေါ်တဲ့လက်မှတ်ရေးထိုးမှုတွေ၊ White Expression Campaign လို့ခေါ်တဲ့ အဖြူရောင် လှုပ်ရှားမှု၊ အခုနောက်ဆုံးတော့ Prayer Campaign လို့ခေါ်တဲ့ ဘာသာစုံလိုက် ဝတ်ပြုဆုတောင်းမှုဆိုတဲ့ လှုပ်ရှားမှုတွေ၊ ဒီလှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရက ဘယ်လိုသဘောထားသလဲဆိုတာလေးကို ကျွန်တော် သိချင်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက ဒီလှုပ်ရှားမှုတွေကို ဥပဒေကြောင်းအရ ဘယ်လိုတုံ့ပြန်မယ့် အနေအထားမှာ ရှိသလဲဆိုတဲ့ အပိုင်းပါ။

နံပါတ်(၂)မေးခွန်းက ကျွန်တော်တို့ မြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ်က

**စာမျက်နှာ ၁၂ ကော်လံ ၁**

စာမျက်နှာ ၁၁ မှ

သူ့ရဲ့ အစည်းအဝေး တချို့တွေမှာ အလေးပေး ပြောဆိုသွားတဲ့ Clean Government လို့ခေါ်တဲ့ သန့်ရှင်းသော အစိုးရဆိုတာလေး တစ်ခု ကျွန်တော် သတိထားမိပါတယ်။ သန့်ရှင်းသောအစိုးရတစ်ရပ်ကို ကျွန်တော်တို့ဖော်ဆောင်မှ ကျွန်တော်တို့တိုင်းပြည် တိုးတက်မယ်၊ တိုးတက်တဲ့နိုင်ငံတွေမှာလည်း အစိုးရတစ်ရပ်က သန့်ရှင်းဖို့လိုတယ်ဆိုပြီး ပြောပါတယ်။ အဲဒီလိုပြောတဲ့အပြင် တချို့သော ဝန်ထမ်းအဖွဲ့အစည်းတွေကိုလည်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတယ်ဆိုတာလည်း ကျွန်တော်တို့ တစ်ဆက်တည်းကြားရပါတယ်။ အဲဒီဟာနဲ့ အတူပဲ ကျွန်တော်တို့ဖွံ့ဖြိုးတိုးတက်မှုအဖြစ်နဲ့ ကျွန်တော်တို့ Complain ပေ့ါလေ (၁၀၆)–တယ်လီဖုန်း လိုင်းတွေ၊ မသမာမှုတွေ၊ ချို့ယွင်းမှုတွေရှိရင်(၁၀၆)ကို တိုက်ရိုက် တိုင်ကြားနိုင်ပါတယ်ဆိုတာလည်း ပေါ်လာပါတယ်။ အဲဒါနဲ့ တစ်ဆက်တည်း စီးပွားကူးသန်းလိုဝန်ကြီးဌာနမျိုးကလည်း သူ့ဝန်ထမ်းတွေ မသမာမှုများရှိရင်လည်း ဖုန်းနံပါတ်ဘယ်လောက် ဘယ်လောက်၊ Fax နံပါတ် ဘယ်လောက် ဘယ်လောက်၊ e-mail ဘယ်လောက် ဘယ်လောက်ကို ဆက်သွယ်ပါဆိုပြီး ပြောလာတာတွေလည်း ရှိပါတယ်။ ဆိုတော့ အဲဒီလိုတိုးတက်မှုတွေဟာ နိုင်ငံတော်ဝန်ကြီးချုပ်ပြောတဲ့ Clean Government ဆိုတာကို Implementation လုပ်နေတဲ့ အပိုင်းများလား ကျွန်တော် ရှင်းရှင်းလင်းလင်း သိချင်ပါတယ်။ နောက်တစ်ခါဒီ Clean Government နဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်က လက်ရှိဘာတွေ လုပ်နေပါသလဲ။ ရှေ့ဆက်ပြီး ဘာတွေ လုပ်ဆောင်မှာလဲဆိုတာ သိချင်ပါတယ်ခင်ဗျား။

### ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

ကျေးဇူးတင်ပါတယ် ဦးကိုကို။ ပထမမေးခွန်းနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်ရဲ့ ရှင်းလင်းချက်ထဲမှာ အတော်များများ ပြည့်ပြည့်စုံစုံ ကျွန်တော်ပြောဆိုခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဦးကိုကိုမေးမြန်းလာတဲ့အတွက် ဖြည့်စွက်ပြီးတော့ ရှင်းလင်းရမယ်ဆိုလို့ရှိရင် **ကျွန်တော်တို့ တပ်မတော်အစိုးရ နိုင်ငံတော်ရဲ့တာဝန်ကို ယူခဲ့ရတာကိုက ၁၉၈၈ခုနှစ်တစ်ပိုက်မှာ နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတွေ ပျက်ပြားပြီးတော့ သူတစ်လူငါတစ်မင်း မင်းမဲ့စရိုက်တွေ လွှမ်းမိုးကာ တစ်နိုင်ငံလုံးသွေးချောင်းစီးပြီးတော့ ပြည်ထောင်စုပြိုကွဲရမယ့် အခြေအနေကို ဆိုက်ရောက်လာလို့ နိုင်ငံတော်တာဝန်ကို ယူခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုဟာ ကျွန်တော်တို့ နိုင်ငံအတွက် အင်မတန်အရေးကြီးပါတယ်။**

ဒါကြောင့်လည်းပဲ နိုင်ငံတော်အစိုးရဟာ နိုင်ငံ့တာဝန်စတင် ယူရချိန်ကစလို့ ကနေ့အထိ နိုင်ငံတော်ရဲ့ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုကို အဓိကဦးစားပေးပြီး ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါတယ်။ အခု ၈၈ မျိုးဆက်ကျောင်းသားလို့ ဆိုတဲ့ မင်းကိုနိုင်နဲ့အဖွဲ့ကို ခေါ်ယူမေးမြန်းနေရတာကလည်း နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှု ထိပါးခြင်း ရှိမလာနိုင်အောင်၊ ဆူပူမှုအုံကြွမှု၊ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပွားလာခြင်းမရှိနိုင်အောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ခေါ်ယူမေးမြန်းနေရတာပဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုခေါ်ယူ မေးမြန်းတယ်ဆိုတဲ့ နေရာမှာလည်း အကြောင်းမဲ့ အထောက်အထားမဲ့ ဆောင်ရွက်နေတာ မဟုတ်ပါဘူး။ အကြောင်းအကျိုး အထောက်အထားတွေရှိတဲ့အတွက် ခေါ်ယူမေးမြန်းနေရတာပဲဖြစ်ပါတယ်။ အကြောင်းအကျိုး အထောက်အထားတွေဆိုတာကတော့ စောစောက ကျွန်တော့်ရဲ့ ရှင်းလင်းချက်ထဲမှာ၊ ရဲချုပ်ကြီးရဲ့ ရှင်းလင်းချက်ထဲမှာ ပါဝင်သွားပြီးဖြစ်ပါတယ်။

အကျဉ်းချုပ်ပြီးပြောရရင် မင်းကိုနိုင်တို့အဖွဲ့ရဲ့ အတိတ်လို့ ဆိုရမယ့် ၁၉၈၈တစ်ဝိုက်က သူတို့တစ်တွေ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့တဲ့ သမိုင်းဖြစ်စဉ်တွေ၊ လက်ရှိ ပစ္စုပ္ပန်ကာလမှာ ပြည်ပြေးအဖွဲ့တွေနဲ့ အဆက်အသွယ်လုပ်မှု အထောက်အထားတွေ၊ ပြည်ပ ငွေကြေးထောက်ပံ့မှု အထောက်အထားတွေ၊ အခြားသော ဆက်စပ်ပတ်သက်မှုရှိတဲ့ သတင်းတွေအရ အကျိုးအကြောင်း ဆက်စပ်မှုရှိလို့ အခုလို ခေါ်ယူမေးမြန်းနေရတာဖြစ်ပါတယ်။ အဲဒီလို မင်းကိုနိုင်နဲ့အဖွဲ့ကို ခေါ်ယူမေးမြန်းနေရတဲ့အပေါ်ကိုကျန်တဲ့ သူ့ရဲ့အဖွဲ့ဝင်တွေက လက်မှတ်ရေးထိုး ဆန္ဒပြုကန့်ကွက်မှုတွေ၊ အင်္ကျီအဖြူ



ရိုက်တာ သတင်းဌာနမှ ဦးအောင်လှထွန်း မေးမြန်းစဉ်။ (မြန်မာ့အလင်း)

ဝတ် ဆန္ဒပြုကန့်ကွက်မှုတွေ၊ ဝတ်ပြုဆုတောင်း ဆန္ဒပြုကန့်ကွက်မှုတွေ လုပ်လာကြတာ အားလုံးအသိပဲဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီလိုလုပ်ဆောင်မှုတွေဟာ ကျွန်တော်တို့ မြန်မာများရဲ့ အခုဆိုဒီမှာဝတ်လာတဲ့သူတွေကို ကြည့်လိုက်လို့ရှိရင်၊ အကုန်ရေတွက် ကြည့်လို့ရှိရင်၊ အင်္ကျီ အဖြူဝတ်တဲ့သူနဲ့ အခြားအရောင်ဝတ်တဲ့သူ ရေတွက်ကြည့်ရင် အင်္ကျီအဖြူ ဝတ်တဲ့သူကများပါတယ်။ မြန်မာလူမျိုးရဲ့ သူ့ရဲ့ ဓလေ့ထုံးစံအရ ရှိနေတဲ့ဟာကို အလွဲသုံးစားလုပ်ပြီး ကာမှ သူတို့ လုပ်ဆောင်လာတာ ဖြစ်တယ်ဆိုတာကိုလည်းတွေ့နိုင်ပါတယ်။ အလားတူပဲ ဘာသာရေးကို နိုင်ငံရေးအတွက် ခုတုံးလုပ်ပြီးတော့ ဆောင်ရွက်လာတာ ဖြစ်တယ်ဆိုတာ တွေ့နိုင်တယ်။ တစ်ဖက်က ကြည့်ရင်လည်းပဲ သူတို့ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ လူထုတိုက်ပွဲဆီကို ဦးတည်ပြီးတော့ ဒီကိစ္စတွေကို စောစောကပြောခဲ့တဲ့ ဆောင်ရွက်မှုတွေကို လုပ်နေတယ်ဆိုတာလည်း တွေ့နိုင်တယ်။ နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုကို ပျက်အောင်၊ ဆူပူအုံကြွမှုတွေ ဆူပူအကြမ်းဖက်မှုတွေဘက်ကို ဦးတည်လာအောင် ဖော်ဆောင်ပေးနေတယ်ဆိုတာလည်းပဲ တွေ့နိုင်ပါတယ်။

**ဒါကြောင့်မို့လို့ သူတို့တစ်တွေရဲ့ ဆောင်ရွက်မှုတွေဟာ နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုကို အန္တရာယ်ပြုလာမယ်ဆိုရင် ဆူပူအုံကြွမှု၊ ဆူပူအကြမ်းဖက်မှုတွေဆီကို ဦးတည်လာမယ်ဆိုရင်တော့ ကာကွယ်ရုံ၊ တားဆီးရုံ၊ ထိန်းသိမ်းရုံ၊ ကျွန်တော်တို့စစ်ဆေးမေးမြန်းရုံ နဲ့ မကပါဘူး။ အရေးယူရမှာပဲ ဖြစ်တယ်လို့ ဖြေကြားလိုပါတယ်၊ ဒါ ပထမမေးခွန်းနဲ့ ပတ်သက်ပါတယ်။**

ဒုတိယ ဦးကိုကိုမေးတဲ့မေးခွန်းကတော့ ကနေ့အခါမှာ နိုင်ငံတော်အနေနဲ့ အစိုးရအဖွဲ့ကိုရော ဝန်ထမ်းအဖွဲ့အစည်းအားလုံးကိုရော Clean Government ဖြစ်အောင် မှန်ကန်တဲ့ဥပဒေနဲ့အညီ ဆောင်ရွက်နေတဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေ ဖြစ်အောင် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အဲဒီဆောင်ရွက်မှုဟာ ဘယ်လို အစီအစဉ်တွေနဲ့ ဆက်ပြီးတော့ ဆောင်ရွက်မှာလဲ၊ ဘယ်လိုများဆောင်ရွက်နေပါသလဲလို့ မေးသွားတာဖြစ်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဦးစီးပြီးတော့ ဆောင်ရွက်လျက်ရှိနေပါတယ်။ ဆောင်ရွက်မှုတွေကတော့ စောစောကရှင်းပြတဲ့ အထဲမှာလည်း တစ်စိတ်တစ်ပိုင်းပါပြီးသား ဖြစ်ပါတယ်။ ဒါဘာလဲဆိုရင် နိုင်ငံတော်ရဲ့ အုပ်ချုပ်မှု အဖွဲ့အစည်းပုံသဏ္ဍာန်တွေကို နောင် ပေါ်ပေါက်လာမည့် စနစ်နဲ့လည်းအညီဖြစ်အောင်၊ စောစောက ပြောခဲ့တဲ့ Good Government သဘောမျိုး စည်းကမ်းစနစ် ဥပဒေနဲ့



ဂျီဂျီသတင်းဌာနမှ ဦးအောင်သူမြိုင် မေးမြန်းစဉ်။ (မြန်မာ့အလင်း)

အညီ ဆောင်ရွက်တဲ့အဖွဲ့ အစည်းတွေလည်းဖြစ်အောင် ရယက အဖွဲ့အစည်းတွေ၊ မယက၊ ခယက၊ တယက အဖွဲ့အစည်းတွေကို စတင် ပြောင်းလဲဖွဲ့စည်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

တစ်ဖက်က ဒီလိုအဖွဲ့အစည်းကို ပြောင်းလဲ ဖွဲ့စည်းသလို အဲဒီအဖွဲ့အစည်းမှာ တာဝန်ယူရမယ့် ပုဂ္ဂိုလ်များကိုလည်း လိုအပ်တဲ့သင်တန်းများ ပေးပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီအတိုင်းပါပဲ ဝန်ထမ်းများ အတွင်းမှာလည်းပဲ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်မှုတွေကို ဆောင်ရွက်ခဲ့တာ ဟိုးစောစောပိုင်းက ဆိုလို့ရှိရင် ထောက်လှမ်းရေး အဖွဲ့အစည်းဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ Custom အဖွဲ့အစည်းများ ဖြစ်ပါတယ်။ အခုလည်းပဲ လျှပ်စစ်နဲ့ပတ်သက်လို့၊ ဆက်သွယ်ရေးနဲ့ပတ်သက်လို့၊ စီးပွားကူးသန်းနဲ့ပတ်သက်လို့လည်းပဲ ပြည်သူများအနေနဲ့ အခက်အခဲများရှိရင် ချက်ချင်း အသိပေး တိုင်ကြားနိုင်အောင် လမ်းကြောင်းများ ဖွင့်ပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဲဒီလို ဖွင့်ထားတဲ့ လမ်းကြောင်းများအတိုင်း ပြောဆိုတိုင်ကြားမှုများရှိခဲ့ရင်လည်း ချက်ချင်းအရေးယူ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိနေပြီ ဖြစ်ပါတယ်။

စောစောက မေးခဲ့တဲ့ Clean Government ဖြစ်ရေးအတွက်ကို ဒီအချက်တွေအပါအဝင်ကို ကျွန်တော် ရှင်းပြခဲ့တဲ့အချက်တွေ အပါအဝင်ကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဦးစီးတာဝန်ယူပြီးတော့ ဆောင်ရွက်ပေးနေပြီ ဖြစ်ပါတယ်။ အသေးစိတ်အခြေအနေ အချက်အလက်တွေကိုတော့ နောင်ကျရင် လူကြီးကိုယ်တိုင် ရှင်းလင်းပြောကြားကောင်း ပြောကြားမယ့် အခြေအနေရှိတယ်လို့ ကျွန်တော် ဖြေကြားလိုပါတယ်။

### ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ

ကျွန်တော် ဦးကိုကိုရဲ့ ပထမမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကနေ့လက်ရှိဖြစ်နေတဲ့ အခြေအနေနဲ့ ပတ်သက်ပြီးတော့ နည်းနည်းဆက်စပ်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ Signature Campaign မှာ ငါးသိန်းသုံးသောင်း ကျော်လောက်ရနေတယ်လို့ ကျွန်တော်တို့ အင်တာနက်တွေမှာ တွေ့တယ်။ အဲဒီတော့ အားလုံးသိတဲ့ အတိုင်းပါပဲ၊ ကျွန်တော်တို့နိုင်ငံမှာ လူဦးရေ ၅၄ သန်းကျော်ရှိတယ်။ ဒီငါးသိန်းသုံးသောင်း ကျော်ဆိုတာဟာ လူအားလုံးရဲ့ဆန္ဒလို့ပဲ ဒီလိုပြောလို့မရပါဘူး။

နောက် တစ်ချက်ကလည်း ဒီငါးသိန်းသုံးသောင်းကျော်ထဲမှာ လက်မှတ်လိမ်ထိုးလို့၊ လက်မှတ်အတုတွေ ထိုးလို့ တရားစွဲဆိုမှုတွေ၊ တိုင်တန်းမှုတွေ အခုကျွန်တော်တို့ လက်ဝယ်မှာ အများအပြားရှိပါတယ်။ ဥပမာပြောရလို့ရှိရင် မိုးညှင်းဒေသ ဥတိုရွာမှာ ဝတုတ်(ခ)ဖြိုးဇော်လင်းဆိုတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ မိုးညှင်းဒေသမှာရှိတဲ့ လယ်



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်လေး ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (မြန်မာ့အလင်း)

သမားတွေကို အခုလို Signature Campaign အတွက်သွားပြီးတော့ လက်မှတ်ထိုးတဲ့အခါမှာ အဲဒီမှာရှိတဲ့ အိမ်ရှင် ကျွန်တော်မှတ်မိတာ နာမည် ဦးပေါက်လို့ အောက်မေ့ပါတယ်။ ဦးပေါက်တို့ ဒေါ်မြင့်မြင့်ရွှေတို့ အဲဒီအိမ်တွေမှာ အိမ်ရှင်မရှိဘဲနဲ့ သူတို့လက်မှတ်တွေထိုးခဲ့တဲ့အတွက်ကြောင့် အဲဒီပုဂ္ဂိုလ်တွေက ကျွန်တော်တို့ဆီကို တိုင်တန်းထားတဲ့ဖြစ်စဉ်တွေ ကျွန်တော်တို့ဆီမှာရှိပါတယ်။

အလားတူပဲ White Expression Campaign နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်စောစောက တင်ပြခဲ့သလို အဖြူရောင်ဟာ တရားဝင်သတ်မှတ်ထားတဲ့ ကျောင်းသားတွေ၊ လူမှုအဖွဲ့အစည်းတွေ စသည်ဖြင့် ဝန်ထမ်းတွေ၊ ဒီပုဂ္ဂိုလ်တွေက သူတို့ဝတ်တဲ့အဖြူရောင်ပေါ်မှာ ကာလာဆိုးခံရတယ်။ ဒါနဲ့ပတ်သက်လို့ကျွန်တော်တို့ မကျေနပ်ပါဘူးဆိုပြီးတော့ တိုင်တန်းမှုတွေလည်း တချို့တချို့ ကျွန်တော်တို့လက်ဝယ်မှာ ရှိပါတယ်။

နောက်တစ်ချက်က ဒီ Prayer Campaign နဲ့ပတ်သက်ပြီးတော့လည်း ၂၉ ရက်နေ့မှာ ရာဟုထောင့်အောင်မြေမှာ မြအေးတို့၊ ဂျင်မီတို့ စသည်ဖြင့် ဒီပုဂ္ဂိုလ်တွေဦးစီးတဲ့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ ဦးစီးပြီးတော့ NLD ရော၊ ထုတ်ပယ်ခံတွေရော၊ နုတ်ထွက်တဲ့သူတွေရော၊ ဝါရင့်နိုင်ငံရေးသမားတွေရော အင်အား ၁၀၀ ကျော်လောက်သွားပြီးတော့ ဒီဝတ်ပြုတဲ့အခမ်းအနားမှာ ဂေါပကအဖွဲ့က ၁၉၉၇ ခုနှစ် ထုတ်ပြန်တဲ့ ဂေါပကရဲ့ စည်းမျဉ်းစည်းကမ်းအရ အဲဒီလို ဘုရားကျောင်းကန်တွေပေါ်မှာ နိုင်ငံရေးရှင်ပြင်သဖွယ် အခမ်းအနားလုပ်တယ်ဆိုရင် အခမ်းအနားလုပ်ခွင့်မပြုဘူး၊ တကယ်လို့ အခမ်းအနားမျိုး၊ လူစုခြင်းမျိုးလုပ်မယ်ဆိုလို့ရှိရင်လည်း သက်ဆိုင်ရာ ဂေါပကအဖွဲ့ကို ကြိုတင် အကြောင်းကြားရမယ်၊ အကြောင်းမကြားလို့ရှိရင် ဂေါပကအဖွဲ့က အရေးယူနိုင်တယ်ဆိုပြီး ဂေါပကရဲ့ စည်းမျဉ်းစည်းကမ်းကို ကိုင်ပြီးတော့ အရေးဆိုမှုတွေရှိပါတယ်။

**ကျွန်တော် ဆိုလိုတာကတော့ အရေးယူမလား၊ မယူမလား ဆိုတဲ့အချက်က စောစောက ဝန်ကြီးမိန့်ကြားခဲ့သလိုပါပဲ၊ နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု မပျက်ယွင်းသရွေ့ ကျွန်တော်တို့က ဒါစောင့်ကြည့်ခဲ့ကြတဲ့ သဘောပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က စောင့်ကြည့်လေ့လာတယ်ဆိုတဲ့တိုင်အောင် ကျွန်တော် စောစောကပြောခဲ့သလို မခံနိုင်တဲ့ လူမှုအဖွဲ့အစည်းတွေ၊ ပြည်သူတွေ၊ ဘာသာရေး အဖွဲ့အစည်းတွေက တိုင်တန်းလာမှုရှိတဲ့အခါ အဲဒီနေရာ မရောက်ခင် အရေးယူခံရနိုင်ဖွယ် ရှိပါတယ်။**

**ဒါကြောင့်မို့လို့ ၈၈ မျိုးဆက်ကျောင်းသား ဦးဆောင်ပြီးလုပ်နေတဲ့ Signature Campaignတို့ White Expression Campaign တို့ Prayer Campaignတို့၊ နောက်လာဦးမယ်ဆိုတဲ့ December Blood Campaign တို့၊ US Campaign For Burmaအောင်ဒင်တို့လုပ်နေတဲ့ Postcard Campaignတို့၊ မအောင်မြင်ခဲ့တဲ့ Mail Box Campaign တို့၊ Signboard Campaign တို့ Campaign ပေါင်း များစွာဟာ ဥပဒေရဲ့ပြင်ပကို ရောက်ပြီးတော့ ဘောင်လွန်ပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် တရားဥပဒေရှုထောင့်အရ ကျွန်တော်တို့ စိစစ်လေ့လာ စောင့်ကြည့်လျက်ရှိကြောင်း ဖြည့်စွက်ပြီးတော့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။**

### ဦးမြတ်ခိုင်(လျှပ်တစ်ပြက်ဂျာနယ်)

ကျွန်တော်မြတ်ခိုင်ပါ လျှပ်တစ်ပြက်ဂျာနယ်ကပါ။ ကျွန်တော် မေးခွန်းသုံးခု မေးလိုပါတယ်။ နံပါတ် (၁) မေးခွန်းကတော့ ဂမ်ဘာရီလာခဲ့မယ်ဆိုရင် မြန်မာနိုင်ငံက ဘယ်အဆင့်ပေးတွေ့မှာလဲ၊ နံပါတ် (၂) မေးခွန်းကတော့ ဂမ်ဘာရီကို ဒေါ်အောင်ဆန်းစုကြည် အပါအဝင်၊ မင်းကိုနိုင်တို့အပါအဝင်နိုင်ငံရေး အကျဉ်းသားတွေနဲ့ ပေးတွေ့ဖို့ အစီအစဉ် ရှိမရှိသိလိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ပြည်သူတွေ ကြားထဲမှာ ပွဲဆူနေတဲ့ ကြက်သွန်အကြောင်း ဘယ်လိုများ စဉ်းစားထားပါသလဲ သိလိုပါတယ်။ နောက်တစ်ခုကတော့ ရဲချုပ်ကို ကျွန်တော် မေးလိုပါတယ်။ စောစောကရဲချုပ်အမိန့်ရှိသွားတဲ့ Campaign ပေါင်း များစွာထဲက Signature Campaign လုပ်နေတဲ့ NLD ပါတီဝင် တစ်ဦးကို ရဲတချို့က ချဲမှုနဲ့အကွက်ဆင်ထားပြီး အရေးယူဖို့ စီစဉ်နေတယ်ဆိုတာ ဟုတ်မဟုတ် သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

### ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျေးဇူးတင်ပါတယ် ဦးမြတ်ခိုင်၊ မစ္စတာဂမ်ဘာရီလာတဲ့အခါမှာ ဘယ်အဆင့်တွေနဲ့ပေးတွေ့ဖို့ စီစဉ်ထားပါသလဲ။ ဒေါ်စုကြည်အပါအဝင် မင်းကိုနိုင် စသည်ဖြင့် ဒီ အကျဉ်းကျခံနေရတဲ့သူတွေနဲ့ရောပေးတွေ့မလားလို့ ဒီလိုမေးသွားတာဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီဟာ အကြီးအကဲများက ဖိတ်ကြားလို့ လာခဲ့တာဖြစ်တဲ့အတွက် အကြီးအကဲများနဲ့တော့တွေ့မှာဖြစ်ပါတယ်။ ဒါက ဘယ်အဆင့်နဲ့ပေးတွေ့မှာလဲဆိုတဲ့ကိစ္စဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ရဲ့ အမျိုးသားညီလာခံကျင်းပနေဆဲဖြစ်တဲ့အတွက် အမျိုးသားညီလာခံနဲ့လည်း ဒါ တွေ့ကောင်းတွေ့မှာဖြစ်ပါတယ်။ ဒေါ်စုကြည်၊ မင်းကိုနိုင် စသူတွေနဲ့ပေးတွေ့မှာလားဆိုတာနဲ့ပတ်သက်လို့ကတော့ ကနေ့အချိန်အထိ မစ္စတာဂမ်ဘာရီက နေပြီတော့ ဒေါ်စုကြည်နဲ့တွေ့ဆုံပေးပါ၊ မင်းကိုနိုင်တို့နဲ့တွေ့ဆုံပေးပါလို့ ကျွန်တော်တို့ကို တောင်းဆိုမှု မရှိပါဘူးဆိုတာပဲ ဖြေကြားလိုပါတယ်။

### ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ

Signature Campaign လုပ်နေတဲ့ NLD အဖွဲ့ဝင်တစ်ယောက်ကို ချဲမှုနဲ့ ဖမ်းထားတယ်ဆိုတာ မိုးညှင်းမြို့နယ် ရေသပြာရွာက ဝင်းကိုဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ Case ကိုမေးတာလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်လည်း အဲဒီ Case တစ်ခုပဲ ကောင်းကောင်းမှတ်မိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှာ လက်ပံတန်း ဘူတာမှာ အဲဒီ NLD(မိုးညှင်း) လူငယ် တာဝန်ခံအဆင့်(၂) ဝင်းကိုနဲ့ သူ့အပေါင်းအပါဝတုတ်ကို သူ့ရဲ့လက်တွင်းမှာ ချဲလောင်းကစားမှုနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေတွေ့ရှိခဲ့လို့ ကျွန်တော်တို့ အရေးယူခဲ့တာရှိပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ ဒီအချိန် မတိုင်မီကလေးမှာပေါ့လေ၊ မိုးညှင်းမြို့နယ်အတွင်းမှာရှိတဲ့ လယ်သမားတွေ ကိုလိုက်ပြီးတော့ ခုန မင်းကိုနိုင်တို့၊ ကိုကိုကြီးတို့ လွတ်မြောက်ရေးအတွက် Signature Campaign လိုက်ပေးတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ကျွန်တော် စောစောက တင်ပြသလို ကျွန်တော်တို့နိုင်ငံအတွက် လုံခြုံရေးနဲ့ ဖောက်ခွဲဖျက်ဆီးရေးသတင်းများ စဉ်ဆက်မပြတ် ရယူနေတာဖြစ်တဲ့ အတွက်ကြောင့် ဘူတာတွေ၊ ကားဂိတ်တွေ၊ ရေဆိပ်တွေ၊ လေဆိပ်တွေ၊ ဝင်လမ်းတွေ၊ ထွက်လမ်းတွေစသည့်ဖြင့် ဒီနေရာတွေအားလုံးမှာ ရဲတပ်ဖွဲ့ဝင်တွေဟာ စွမ်းအားရှင်တွေနဲ့ ပေါင်းစပ်ပြီးတော့ နေ့ညမပြတ် ရှာဖွေစစ်ဆေးခြင်းတွေကို ကျွန်တော်တို့ နေ့ည တောက်လျှောက် လုပ်နေတာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်နေစဉ်မှာ တစ်ချိန်တည်းမှာပဲ လောင်းကစားမှု ပပျောက်ရေးပေါ့၊ အဲဒီစစ်ဆင်ရေးတစ်ခုဟာလည်း ကျွန်တော်တို့ရဲတပ်ဖွဲ့က သီးခြားစီမံချက် ဆွဲပြီးတော့လုပ်နေတဲ့ စစ်ဆင်ရေးဖြစ်ပါတယ်။

အဲဒီအချိန်မှာ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့ လက်ပံတန်းမှာ ခင်မွန်ဘက်ကလာတဲ့ ရထားပေါ်က အဲဒီ ဝင်းကိုလာတဲ့အခါမှာ အဲဒီမှာ တာဝန်ကျနေတဲ့ရဲတပ်ဖွဲ့ဝင်တွေနဲ့ကျွန်တော်တို့စွမ်းအားရှင်တွေက မသင်္ကာလို့ သူဟာလူစိမ်းဖြစ်လို့၊ ကျီးကြည့်ကြောင်ကြည့်ဖြစ်နေလို့ သူ့မှာလည်း လွယ်အိတ်ကြီးလွယ်ပြီးတော့ ဟိုကြည့်ဒီကြည့်ဖြစ်နေလို့ သူ့ကိုခေါ်ယူပြီးတော့ ဘူတာရုံပိုင်ရုံးခန်းထဲမှာ စစ်ဆေးစဉ်မှာမှ သူ့အိတ်ထဲမှာ ချဲနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေ့တဲ့အချိန်ကျမှသာလျှင် သူ့ကို ချဲမှုနဲ့အရေးယူထားတာဖြစ်ပါတယ်။ တမင်သက်သက် Signature Campaign လုပ်နေတဲ့လူမို့လို့ ဖမ်းဆီးခြင်းမဟုတ်ပါဘူး။

ကျွန်တော်ပြောသလို အဲဒီလိုဖမ်းဆီးမယ်ဆိုရင် တော်တော်များများကို ကျွန်တော်တို့ဖမ်းဆီးလို့ရပါတယ်။ ကျွန်တော်စောစောကတင်ပြခဲ့သလိုပဲ အဲဒီမှာပါတဲ့ ဝတုတ်ဆိုတဲ့ ပုဂ္ဂိုလ်က မူလကပါဝင်ပတ်သက်မှုမရှိတဲ့အတွက်ကြောင့် ရဲဥပဒေအရ အကျယ်ချုပ်

စာမျက်နှာ ၁၃ ကော်လံ ၁

3-11 (12) 1 11/3/06, 4:28 PM

စာမျက်နှာ ၁၂ မှ

ခံဝန်ပေ့ါ၊ နောင် ဒါမျိုးမလုပ်ပါနဲ့ဆိုပြီး လွှတ်ထားတဲ့ ပုဂ္ဂိုလ်ပါ။ အဲဒီလွှတ်ထားတဲ့ပုဂ္ဂိုလ်သည်ပင်လျှင် ခုန မိုးညို မြို့နယ်အတွင်းမှာရှိတဲ့ ဥတိုရွာမှာရှိတဲ့ ကိုပေါက်တို့ ဒေါ်မြင့်မြင့်ခင်တို့က သူတို့လက်မှတ်တွေ မဟုတ်ပါဘူး။ သူတို့ကို လာပြောတုန်းက ကျေးရွာလူကြီး ရွေးမယ်ဆိုပြီး လာပြီး လက်မှတ်ထိုးခိုင်းတာ ဖြစ်ပါတယ်။ အဲဒါ ကျွန်မတို့ လက်မှတ်မဟုတ်ပါဘူးဆိုပြီး တိုင်တောမှုတွေကြောင့် အဲဒီဝတုတ်ကိုပါ ကျွန်တော်တို့ ခံဝန်အကျယ်ချုပ်နဲ့ သတိပေးထားတာ အခုခေါ်ယူပြီး စစ်ဆေးမေးမြန်းနေရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် Signature Campaign လုပ်လို့ ဖမ်းဆီးထားခြင်း မဟုတ်ပါဘူး။ ချဲမှုနဲ့ သီးခြား အဖမ်းခံရတာ ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**
**ဦးဆောင်ညွှန်ကြားမှူး ဦးအုန်းသန်း**

ကျွန်တော်ကတော့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ကြက်သွန်စိုက်ပျိုးမှုနဲ့ ပတ်သက်လို့ တင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မနှစ်က ကြက်သွန် ၁၇၉၀၀၀လောက် စိုက်ပါတယ်။ ဒီနှစ်ဆိုရင် ကျွန်တော်တို့ ကြက်သွန် ၁၈၀၀၀၀ လောက် စိုက်ဖို့ ဆောင်ရွက်နေပါတယ်။ စိုက်တဲ့ အနေအထားမှာ ရာသီဥတုနှစ်မျိုးနဲ့ စိုက်ကြပါတယ်။ ပထမ မိုးကြက်သွန်လို့ ခေါ်ပါတယ်။ ဒုတိယကတော့ ဆောင်းကြက်သွန် စိုက်ပျိုးကြပါတယ်။ မိုးကြက်သွန် အနေနဲ့ကတော့ ဧက ၇၀၀၀လောက်ပဲ မြန်မာနိုင်ငံမှာ စိုက်ပြီးတော့ ဆောင်းကြက်သွန် အနေနဲ့ကတော့ ၁၇၀၀၀၀ ကျော်လောက် စိုက်ပျိုးလျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆောင်းကြက်သွန်ကို အဓိကစိုက်ပျိုးလျက်ရှိကြောင်း တင်ပြလိုပါတယ်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်လေး**

ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး ဖြစ်ပါတယ်။ ခုနမေးခွန်းနဲ့ ပတ်သက်ပြီးတော့ အခုအခါမှာ ပြည်ပကို ကြက်သွန်ပို့တဲ့ လိုင်စင်တွေကို ရပ်ဆိုင်းထားခြင်းဖြစ်ပါတယ်။ ပို့ကုန်မူဝါဒအရလည်း ပြည်တွင်းစားသုံးမှုကို ပိုလျှံမှသာ ပြည်ပသို့ ပေးပို့ခွင့်ပြုပါတယ်။ လက်ရှိအခြေအနေမှာ ဆိုရင်လည်း ကျွန်တော်တို့ စီးပွားကူးသန်း ဝန်ကြီးဌာန၊ လယ်/ဆည်ဝန်ကြီးဌာန နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေ ပူးပေါင်းပြီးတော့ ပြည်တွင်းမှာ ဒီထက်ပိုပြီးတော့ ဖူလုံတိုးတက်လာဖို့ အတွက်ကို ဆောင်းကြက်သွန်တွေမှာလည်း ဒီထက်ပိုပြီး တိုးတက်လာဖို့ အတွက် ပူးပေါင်းဆောင်ရွက်ပြီးတော့ ပိုမိုစိုက်ပျိုး ထွက်ရှိနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဦးမြတ်စိုး**
**(လယ်ယာစီးပွားသတင်းဂျာနယ်)**

ကျွန်တော်က လယ်ယာစီးပွားသတင်းက ဦးမြတ်စိုး ဖြစ်ပါတယ်။ ကျွန်တော်တို့ သိရသလောက်က တချို့စကားအရဆိုရင် မိုးကြက်သွန်က အထားမခံဘူး၊ နွေကြက်သွန်က အထားခံတယ်။ အဲဒီတော့ မိုးကြက်သွန် အထားမခံလို့ နွေကြက်သွန် အထားခံတဲ့အတွက် မိုးကြက်သွန်ကို စိုက်မယ် ပို့မယ်ဆိုတဲ့ လူက ဝယ်ပြီးတော့ ဈေးကစားသွားလို့ နွေကြက်သွန်တွေ ကမောက်ကမဖြစ်တယ်ဆိုတဲ့ အသံမျိုးလည်း ကြားရတာရှိတယ်။ အဲဒါကြောင့်မို့လို့ ဘယ်လို အစီအစဉ်များရှိပါသလဲဆိုတာ ကျွန်တော်တစ်ချက်သိချင်ပါတယ်။

ဒုတိယမေးခွန်းကတော့ အများက အခုစိတ်ဝင်စားနေတဲ့ ကိစ္စတစ်ခုမှာ ငွေအကြွေ၊ ငွေစက္ကူအဟောင်းများ ကိစ္စဖြစ်ပါတယ်။ ငွေစက္ကူက ဘာဖြစ်လာလဲဆိုတော့ ဘဏ်ကပြန်ထုတ်ပေးကတည်းကိုက ငွေစက္ကူ အဟောင်းတွေ ပြန်ထွက်လာတယ်။ အပြင်မှာ ကောလာဟလ သဘောမျိုးပြောနေတာက ငွေစက္ကူ တစ်ကျပ်ထုတ်ရင် တစ်ကျပ်ထက် ပိုကျနေလို့၊ ငါးကျပ်ထုတ်ရင် ငါးကျပ်ထက်ပိုကျနေလို့ မထုတ်တော့ဘူးဆိုတဲ့ ပုံစံမျိုးလည်းပြောနေတဲ့ အသံတွေ ဟိုမှာဒီမှာ ကြားရတယ်။ တကယ်တမ်းကျတော့ ငွေစက္ကူလည်းပတ်ပြီးတော့ အဟောင်းတွေပေးရင် မယူတာတို့၊ ကားပေါ်မှာ အကြွေမရှိလို့၊ ပြန်အမ်းလို့၊ ပိုယူလို့ စပယ်ယာနဲ့ ခရီးသည်နဲ့ ပြဿနာတက်တာတို့ အဲဒါတွေဟာ အစိုးရကိုအထင်အမြင်သေးစေတဲ့ ကိစ္စတွေဖြစ်ပါတယ်။ ကြည့်လိုက်ရင်တော့ သေးသေးလေးလို့ ထင်ရပါတယ်။ လက်လုပ်လက်စားတွေ အခက်အခဲ ရှိတဲ့လူတွေမှာ ငါးကျပ်တစ်ဆယ်က ပြဿနာတက်ပြီးတော့ အစိုးရအပေါ်မှာ ငြိုငြင်စရာ ဖြစ်မလာအောင် ဘယ်လို အစီအစဉ်တွေနဲ့ ရှေ့ဆက်သွားဖို့ရှိပါသလဲဆိုတာ ကျွန်တော် သိချင်ပါတယ်။ ဒီမေးခွန်း နှစ်ခုပါပဲခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း**

ကျေးဇူးတင်ပါတယ် ဦးမြတ်စိုး၊ ဦးမြတ်စိုးက အိမ်ရှင်မတွေကိုယ်စား ကြက်သွန်ကိစ္စ စိတ်ပူပြီးတော့ ဘယ်လိုများဆက်ပြီးဆောင်ရွက်မလဲ မေးသွားတာဖြစ်ပါတယ်။ ရှေ့က ဖြေတဲ့အထဲမှာ ပါပြီးသားပါ။ နံပါတ်(၁)ကတော့ ကြက်သွန်ကို ကျွန်တော်တို့ မိုးကြက်သွန်၊ ဆောင်းကြက်သွန် စိုက်ပျိုးလျက်ရှိပါတယ်။ အဲဒီတော့ ဈေးကွက်ဟာ ကြက်သွန် ဈေးကောင်းတယ်ဆိုရင် စိတ်ချပါ၊ လယ်သမားဟာ ဒီနှစ် ဧကတစ်သိန်း စိုက်ရင် နောက်နှစ်မှာ ဧက တစ်သိန်းထက်ကျော်ပြီး သူစိုက်ပါလိမ့်မယ်။ ဘာကြောင့်လဲ ဈေးကွက်မှာ ဈေးကောင်းလာတာကိုး။ ဒါကြောင့်မို့လို့ စိုက်ပျိုးရေးဘက်က နိုင်ငံတော်ကလည်း ပံ့ပိုးမယ်။ ဒေသအာဏာပိုင် တွေကလည်းပဲ စည်းရုံးပြီးတော့ စိုက်ပျိုးမယ်၊ လယ်သမား ကိုယ်တိုင်ကလည်း ဈေးကောင်းတဲ့အတွက် ပိုစိုက်လာပါလိမ့်မယ်။ ဒါကြောင့် ဒီအတွက် စိတ်မပူပါနဲ့လို့ နံပါတ်(၁) ဖြေလိုပါတယ်။

နံပါတ်(၂)ကလည်းပဲ ကနေ့နိုင်ငံတော်အကြီးအကဲများ ချမှတ်ထားတဲ့ Export, Import Policy ပါ။ အထူးသဖြင့် Export နဲ့ ပတ်သက်ရင်တော့ ပြည်တွင်းဈေးကွက်ဖူလုံလောက်ငရေးကို အဓိကထားပါတယ်။ ပြည်တွင်းဈေးကွက် ဖူလုံလောက်ငမှသာ ပြည်ပကို ပိုလျှံတာကို စိစစ်ပြီး ပို့ခွင့်ပေးတဲ့စနစ် ကျင့်သုံးနေပါတယ်။ ဒါကြောင့် အခုပြည်တွင်းမှာ ကြက်သွန်အခက်အခဲရှိနေတာကို သိရတဲ့အတွက် ကြက်သွန်ပို့ကုန်ကို ကျွန်တော်တို့ သိသလောက် ဩဂုတ်လလောက်ကတည်းက ကျွန်တော်တို့ ရပ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ဖက်ကလည်း ပို့ကုန်ကို ဒီလို ထိန်းနေတာဖြစ်တဲ့အတွက် ဒါအဆင်ပြေသွားမယ်လို့ ကျွန်တော်ဖြေလိုပါတယ်။

နောက် နံပါတ်သုံး ဖြေလိုတာကတော့ အခုမိုးကြက်သွန်ဟာ ကျွန်တော် သိသလောက် ထွက်တော့မှာဖြစ်ပါတယ်။ ထွက်လာတော့မှာဖြစ်ပါတယ်။ စောစောက ဒီထွက်လာတာလေးတွေဟာ မိုးများတာနဲ့၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတာနဲ့သာ နည်းနည်းလေး ကုန်ဈေးကွက်ကို ဝင်လာတာနည်းတာဖြစ်ပါတယ်။ အခုအချိန်လည်းကျလာပြီဖြစ်တဲ့အတွက်၊ လမ်းပန်းဆက်သွယ်ရေးတွေလည်း ကောင်းလာပြီဖြစ်တဲ့အတွက်၊ ရာသီဥတု ပြန်ကောင်းပြီဖြစ်တဲ့အတွက် ဈေးကွက်ထဲကို ကြက်သွန်ဟာ ပြန်ပြီးတော့ ရောက်လာမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ငွေစက္ကူကိစ္စနဲ့ ပတ်သက်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ကတော့ ကျွန်တော့်ဘက်က သိထားသလောက် သက်ဆိုင်ရာ ဘဏ္ဍာအခွန်ဝန်ကြီးဌာန အနေနဲ့ ဒီကိစ္စအပေါ်မှာ ဆက်လက်ပြီးတော့ ကိုင်တွယ်ဆောင်ရွက်နေပြီဖြစ်တယ်လို့ ကျွန်တော်သိရကြောင်း ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးအောင်သူမြိုင်**
**(ဂျီဂျီသတင်းဌာန)**

ကျွန်တော် ဂျီဂျီ သတင်းဌာနက အောင်သူမြိုင်ဖြစ်ပါတယ်။ ကျွန်တော် နံပါတ်(၁)အနေနဲ့ ခုနမစ္စတာဂမ်ဘာရီ လာမယ့်နေစွဲဟာ ၉ရက်နေ့က ၁၂ရက်နေ့အတွင်းလို့ ကြားသိရပါတယ်။ ဟုတ်မဟုတ် ကျွန်တော်သိလိုပါတယ်။



အရှေ့ရှာ သတင်းဂျာနယ်မှ ဦးမင်းလွင် မေးမြန်းစဉ်။ (မြန်မာ့အလင်း)



ဖလားဝါးနယူးစ်ဂျာနယ်မှ ဦးကျော်စွာမင်း မေးမြန်းစဉ်။ (မြန်မာ့အလင်း)

နံပါတ်(၂)အချက်က မစ္စတာဂမ်ဘာရီ လာတဲ့အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ပတ်သက်၍ UN Security Council ရဲ့ Agenda မှာ ထည့်သွင်းထားတဲ့ အကြောင်းကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးမည်၊ မဆွေးနွေးမည်ကို သိလိုပါတယ်။ ပြီးတော့ မစ္စတာဂမ်ဘာရီလာတဲ့ အချိန်မှာ ကျွန်တော်တို့ ပြည်တွင်းပြည်ပသတင်းစာ ဆရာများ၊ ယခု ဒီသတင်းစာရှင်းလင်းပွဲကို တက်ရောက်နေတဲ့ သတင်းစာ ဆရာများနဲ့ မစ္စတာဂမ်ဘာရီကို သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပေးနိုင်မပေးနိုင်။

နောက်ဆုံးမေးခွန်းကတော့ ခုန ရဲချုပ်ကြီး ပြောသွားတဲ့ အထဲမှာပါတဲ့ စွမ်းအားရှင်ဆိုတဲ့ အဓိပ္ပာယ်ကို သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း**

ကျေးဇူးတင်ပါတယ်၊ ဦးအောင်သူမြိုင်။ အဲဒီတော့ နံပါတ်(၁) မေးခွန်းဖြစ်တဲ့ မစ္စတာဂမ်ဘာရီ လာမယ့်ရက်၊ မကြာခင် လာမှာဖြစ်ပါတယ်၊ မကြာခင်လာမှာ ဖြစ်ပါတယ်လို့ ကျွန်တော်ဖြေလိုပါတယ်။

နံပါတ်(၂)ကတော့ မစ္စတာဂမ်ဘာရီ လာတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံရဲ့ အရေးကို UNSC မှာ Agenda တင်ထားတဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးဖို့ လုပ်မလုပ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ ဖြေရမယ်ဆိုရင်တော့ ကျွန်တော်တို့ ဘာတွေဆွေးနွေးမယ်၊ ဘာတွေ ပြောမယ်ဆိုတာကို သူ့ဘက်ကလည်း ခုချိန်ထိတော့ ကျွန်တော်တို့ဘက်ကို သူ ဘာတွေပြောမယ်၊ ဘာတွေ ဆွေးနွေးမယ်ဆိုတာ အကြောင်းကြားမှုမရှိသေးပါဘူး၊ အသိပေးမှု မရှိသေးပါဘူးလို့ ကျွန်တော် ဖြေလိုပါတယ်။ ပြီးခဲ့တဲ့ အပတ် လာတုန်းကလည်း ဒီတိုင်းပဲ သူလာခဲ့ပါတယ်။ လာတဲ့အခါမှာ နိုင်ငံလူကြီးများနဲ့ တွေ့တဲ့အခါမှာ UN ရဲ့ ကိစ္စ၊ ကျွန်တော်တို့ နိုင်ငံရဲ့ကိစ္စ၊ ဒီလိုပဲ ပြောဆိုဆွေးနွေးကြပါတယ်။

ပြီးခဲ့တဲ့ အပတ်လာတုန်းကလည်းပဲ ကျွန်တော်တို့ အမျိုးသားညီလာခံကော်မရှင်နဲ့လည်း တွေ့ပါတယ်။ အဲဒီလို တွေ့တဲ့အခါမှာလည်း ညီလာခံနဲ့ ပတ်သက်ပြီးတော့ သူ မေးချင်တာလေးတွေ မေးပါတယ်။ ကျွန်တော်တို့က ဖြေကြားပါတယ်။ ကျွန်တော်တို့ကလည်း ညီလာခံရဲ့ တိုးတက်မှုတွေကို ရှင်းပြပါတယ်။ ကျွန်တော်ပြောချင်တာကတော့ ဘာတွေ ဆွေးနွေးမယ်၊ ဘာတွေကို မေးမယ်ဆိုတာကို ကြိုတင် Fix ၊ ကြိုတင်အကြောင်းကြားမှု အရင်တုန်းကလည်းမရှိခဲ့ပါဘူး၊ ဒါကြောင့် အခုလည်းပဲ ဒီလို ကြိုတင်အကြောင်းကြားတာ မရှိသေးပါဘူးဆိုတာ ဖြေကြားလိုခြင်းပဲ ဖြစ်ပါတယ်။

နောက်မေးခွန်း တစ်ခုကတော့ မစ္စတာ ဂမ်ဘာရီလာတဲ့အခါမှာ အခု ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲ လုပ်သလို ပြည်တွင်းပြည်ပ သတင်းစာဆရာများနဲ့ သတင်းစာရှင်းလင်းပွဲ လုပ်ပေး မပေး၊ ဒါဟာမစ္စတာ ဂမ်ဘာရီ အပေါ်မှာပဲ မူတည်ပါတယ်လို့ ကျွန်တော် ဖြေလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

**စွမ်းအားရှင်ဆိုတဲ့ အဓိပ္ပာယ်ကတော့ ကျွန်တော်တို့ တိုင်းပြည်မှာ ပြည်သူပြည်သားတွေဟာ တိုင်းပြည်ရဲ့ စွမ်းအားဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အားပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က တိုင်းပြည်ရဲ့ အရေးအရာကိစ္စတွေ အားလုံးကို ဖြေရှင်းတဲ့အခါမှာ အဲဒီ စွမ်းအားတွေ၊ အဲဒီ ပြည်သူတွေရဲ့ အားတွေကို ယူပြီးတော့၊ အသုံးချပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး စတဲ့လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်တဲ့အခါမှာ မီးသတ်တို့၊ ကြက်ခြေနီတို့၊ ရယကတို့ စသည်ဖြင့် အဲဒီ ပုဂ္ဂိုလ်တွေဟာ လစာရိက္ခာ တစ်ပြားတစ်ချပ်မှ မရဘဲနဲ့ သီးခြားစေတနာအလျောက် ကူညီပေးနေတဲ့ စွမ်းအားများ ဖြစ်တဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်များကို စွမ်းအားရှင်လို့ နိုင်ငံတော်က စာလုံးရွေးချယ် သတ်မှတ်ပြီးတော့ ဂုဏ်ပြု ခေါ်ဝေါ်ခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။**

**ဦးမင်းလွင်**
**(အရှေ့ရှာသတင်းဂျာနယ်)**

ကျွန်တော်အရှေ့ရှာ သတင်းဂျာနယ်က အယ်ဒီတာချုပ် မင်းလွင်ဖြစ်ပါတယ်။ အခု ကျွန်တော်မေးချင်တာကတော့ ပထမဦးဆုံး ကျွန်တော့်မေးခွန်း မမေးခင်ပေ့ါ၊ ၈၈ မျိုးဆက်ကျောင်းသားလို့ အမည်ခံထားတဲ့ အသက်၄၀ ကျော် အိမ်ထောင်သားမွေး နိုင်ငံရေးလှုပ်ရှားသူများနဲ့ ပတ်သက်တဲ့ အကြောင်း ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီမှာ တူညီတဲ့ အချက်နှစ်ခုတွေ့ပါတယ်။ ပထမတစ်ချက်က ဒီပုဂ္ဂိုလ်တွေဟာ ၁၉၈၈ အရေးအခင်းတုန်းက နိုင်ငံတော်အစိုးရကို ဆန့်ကျင်လှုပ်ရှားခဲ့တဲ့ အကြမ်းဖက်အုပ်စုထဲမှာ ပါဝင်ခဲ့တဲ့အတွက် ပြစ်ဒဏ်ကျခံခဲ့ရသူတွေ ဖြစ်ပါတယ်။ နောက်တစ်ခါ ဟိုဘက်ကိုရောက်နေတဲ့ အခု DPNS တို့၊ ABSDFတို့ဆိုတဲ့ ပုဂ္ဂိုလ်တွေကလည်း မိုးသီးဇွန် ခေါင်းဆောင်တဲ့ ပြည်တွင်းက DPNS ကတောခိုသွားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ အဲဒီတူညီ ချက်နှစ်ခုက ဒီပုဂ္ဂိုလ်တွေဟာ ၈၈ အရေးအခင်းမှာ ပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေဆိုတာ တူညီပါတယ်။ ဒုတိယတစ်ချက် တူညီတာကတော့ အဲဒီသူတို့ လှုပ်ရှားမှုတွေရဲ့ နောက်မှာ ဗကပရှိနေတယ်ဆိုတာ ကျွန်တော်တို့ ဟိုးတုန်းက သမိုင်းအကြောင်း အရရော၊ အခုရော သိရပါတယ်။

မကြာခင်ကပဲ ဗကပ လှုပ်ရှားသူ ဖိုးသံချောင်းက ပြောခဲ့ပါတယ်။ လူထုတိုက်ပွဲ စီမံချက်တစ်ခုနဲ့ လူထုအုံကြွဖို့ဆိုတာ သူ့အလိုလိုဖြစ်လာတဲ့ လှုပ်ရှားမှုတွေကိုလည်း ကြိုဆိုရမယ်၊ ၎င်းတို့ကလည်း ဖန်တီးရမယ်၊ အရေးအတွက်က အရည်အချင်း ကူးပြောင်းပြီးတော့ လူထုတိုက်ပွဲ စီမံချက်ကို အောင်မြင်အောင် လုပ်ရမယ်လို့ အဲဒီလို ပါပါတယ်။ ပါတဲ့အခါကျတော့ ဒီလှုပ်ရှားမှုတွေရဲ့နောက်မှာ ဗကပရှိနေတယ်ဆိုတာ ထင်ရှားတဲ့အတွက် တစ်အချက်က ကျွန်တော့်မေးခွန်းက အဲဒီဗကပရဲ့ အန္တရာယ်ဟာ ဘယ်လောက်အထိ ကြီးမားနိုင်ပါသလဲဆိုတဲ့ တစ်ချက်ပါ။

ဒုတိယတစ်ချက်က ဒီမျိုးဆက်ကျောင်းသားလို့ အမည်ခံတဲ့ အသက် ၄၀ကျော်တွေရဲ့ လှုပ်ရှားမှုမှာ ဗဟိုပြုတဲ့အချက်က နိုင်ငံရေးဦးတည် ချက်က ဘာလဲဆိုတော့ NLD သူတို့က ဗဟိုပြုထားတာ ကျွန်တော်တို့ တွေ့ရတယ်။ တွေ့ဆုံဆွေးနွေးရေးကို ဗဟိုပြုထားတာ တွေ့ရတယ်။ တွေ့ရတဲ့ အခါကျတော့ အဲဒီမှာ NLD ကို ဗဟိုပြုပြီး လှုပ်ရှားတယ်။ NLD ထဲကလည်း ဒီမျိုးဆက် ကျောင်းသားတွေနဲ့ပါဝင်ပြီး လုပ်နေတယ်ဆိုတော့ NLDရဲ့လက်ရှိ ရပ်တည်ချက်က ကျွန်တော်တို့ အမျိုးသားညီလာခံကနေ သူထွက်ထားတယ်။ ဒုတိယတစ်ချက် က ဒေါ်အောင်ဆန်းစုကြည်က ၁၉၉၇ ခုနှစ်မှာ ထင်ပါတယ်၊ အဲဒီတုန်းက ကြေညာထားတဲ့ အမျိုးသားညီလာခံကို ဆန့်ကျင်တဲ့ မဲသရောထ သဘောထားဆိုတဲ့ Genuine Federal ကို သူကထောက်ခံထားတယ်။ ထောက်ခံထားတော့ ဒီကနေ့ NLDကလည်း မဝင်ဘူးဆိုတဲ့အခါကျတော့NLDရဲ့ အနေအထားဟာ အမျိုးသားညီလာခံအတွက်ဘယ်လောက်အထိ အန္တရာယ်ရှိနိုင်ပါသလဲ။ အဲဒီအချက်ကလေး နှစ်ချက်ကို သိချင်ပါတယ်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း**

ကျေးဇူးတင်ပါတယ်။ ဦးမင်းလွင်ရဲ့ မေးခွန်းက အကျိုးအကြောင်းတွေ ဖော်ပြပြီးတော့ ရှင်းပြပြီးကာမှ မေးခွန်းလေးတွေ မေးသွားတာဖြစ်ပါတယ်။ နံပါတ်တစ်ကတော့ လက်ရှိနိုင်ငံတော်အတွက် ဗကပရဲ့ အန္တရာယ်ဟာ ဘယ်လောက်ရှိသလဲလို့ ဒီလိုမေးတာ ဖြစ်ပါတယ်၊ အဲဒီတော့ မြင်နိုင်တဲ့ အန္တရာယ်ရှိသလို၊ မမြင်နိုင်တဲ့ အန္တရာယ်ရှိပါတယ်။ လက်ရှိမြင်နိုင်တဲ့ အန္တရာယ် အနေအထားနဲ့ကတော့ စောစောက ကျွန်တော်ရှင်းပြခဲ့တဲ့ အတိုင်းပါပဲ။ ဗကပမှာ ပြည်တွင်းမှာ အရင်တုန်းကလို အင်အားရှိတဲ့ အဖွဲ့အစည်း၊ အင်အားရှိတဲ့တပ်၊ သူ့ရဲ့အခြေခံနယ်မြေစသည်ဖြင့် ကနေ့ ဒီလိုမရှိပါဘူး။ ကနေ့မြင်နိုင်တဲ့ သူရဲ့ အင်အားအနေနဲ့ကတော့ ယူဂျီအဖြစ်နဲ့တော့ ပြည်ပမှာလည်းရှိနေတယ်။ ပြည်တွင်းမှာလည်း ရှိနေတယ်။ အနည်းအပါးရှိနေတယ်။ ပြီးရင် သူ့ရဲ့ ကနေ့ ဆောင်ရွက်လှုပ်ရှားမှုတွေဟာ သူ့မှာ အင်အားမရှိတဲ့အတွက် တခြား အင်အားအနည်းအပါးရှိသော သောင်းကျန်းသူများ၊ NCUB စတဲ့ ဒီအဖွဲ့များ၊ ပြည်ပြေးများနဲ့ ယာယီမဟာမိတ် သဘောပြုပြီးတော့ ပေါင်းစပ်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒါဟာ မြင်နေရတဲ့အန္တရာယ် ဖြစ်ပါတယ်။

မမြင်ရတဲ့အန္တရာယ်အနေနဲ့ကတော့ သူ့အနေနဲ့ ဒီမို ၂၀၀၆တိုက်ပွဲစီမံချက်ဆိုတာကို ရေးသားပြီးတော့ ဒါတွေကို အင်တာနက်ကရော၊ နောက်တစ်ခါ ပြည်သူတွေအတွင်းမှာရော ချပြဆောင်ရွက်တာလေးတွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လုံခြုံရေးအရ တာဝန်ရှိတဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နဲ့ တာဝန်ရှိသူတွေကလည်းပဲ နိုင်ငံတော်ကို အန္တရာယ်ပြုမယ့် အန္တရာယ်တွေ အားလုံးကို အမြဲတမ်းတာဝန်နဲ့အညီ လေ့လာ၊ စိစစ်၊ စုံစမ်း၊ ဖော်ထုတ်မှု တွေလည်းရှိနေတဲ့ အနေအထားဖြစ်ပါတယ်။ ဒါ့ကြောင့် ဗကပရဲ့ မမြင်ရတဲ့ အန္တရာယ်နဲ့ပတ်သက်ပြီး ခြုံပြီးပြောမယ်ဆိုရင်တော့ စိစစ်ဆောင်ရွက် ရမယ့်အဖွဲ့တွေကလည်း စိစစ်ဆောင်ရွက်နေတယ်။ ရှာဖွေ ဖော်ထုတ်နေတယ်။ ပြီးရင် ပြည်သူကလည်းပဲ မြန်မာနိုင်ငံအတွင်းမှာ ကြုံတွေ့ခဲ့ရတဲ့ ကွန်မြူနစ်တွေနဲ့ ပတ်သက်တဲ့ ခါးသီးတဲ့ အတွေ့အကြုံတွေ အများကြီးရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ပြည်သူအများစု အနေနဲ့ကလည်း ကွန်မြူနစ်ဝါဒ အပေါ်မှာ ယုံကြည်မှု များများစားစား မရှိပါဘူး၊ ဒါဟာမမြင်ရတဲ့ အန္တရာယ်အပေါ်မှာ ဒါဘယ်လို ရှိမလဲဆိုတာကို သုံးသပ်မျှော်တွေးရရှိချက်ဖြစ်တယ်လို့ ကျွန်တော် ဒီလိုဖြေကြားလိုပါတယ်။ ဒါကတော့ ဗကပရဲ့ လက်ရှိနိုင်ငံတော်အပေါ်မှာ အန္တရာယ်ဘယ်လောက်ကြီးမားသလဲ ဆိုတာနဲ့ ပတ်သက်ပါတယ်။

နောက်တစ်ခုကလည်း **ကနေ့အခါမှာ ကျွန်တော်တို့ ပြည်သူများဟာ နှစ်ပေါင်း ၄၀ကျော် အတွေ့အကြုံများ ရခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒီနှစ်ပေါင်း ၄၀ကာလအတွင်းမှာ ကွန်မြူနစ်ဝါဒနဲ့ပတ်သက်လို့ရော၊ ပါလီမန်ဒီမိုကရေစီနဲ့ ပတ်သက်လို့ရော၊ ဆိုရှယ်လစ်နဲ့ပတ်သက်လို့ရော အတွေ့အကြုံအတော်များများ ရှိနေ ကြပြီးဖြစ်ပါတယ်။ ချင့်ချိန်နိုင်တဲ့၊ တွေးခေါ်နိုင်တဲ့၊ စဉ်းစားနိုင်တဲ့၊ အမှားအမှန်ကို ဝေဖန်ဆုံးဖြတ်နိုင်တဲ့ ဗဟုသုတအသိတွေရှိနေကြပြီးဖြစ်ပါတယ်။ ဒါဟာလည်းပဲ အဲဒီလို ကျရောက်လာ နိုင်တဲ့ အန္တရာယ်တွေအပေါ်မှာ အကာအကွယ် အတားအဆီး ပြုနိုင်တဲ့ အင်အားတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အပေါ်မှာ ဗကပရဲ့အန္တရာယ် ဘယ်လောက်ရှိသလဲဆိုတာဟာ ပြည်သူတွေရဲ့သိရှိနေတဲ့ အတွေ့အကြုံ ဗဟုသုတအသိ၊ ဒါတွေဟာလည်းပဲ ကာကွယ်နိုင်တဲ့၊ တားဆီးနိုင်တဲ့၊ အန္တရာယ်ကိုကာနိုင်တဲ့ စွမ်းအားတစ်ရပ်ပဲ ဖြစ်ပါတယ်ဆိုတာကို ဖြည့်စွက်ပြီးတော့ ကျွန်တော်ပြောလိုပါတယ်။**

စာမျက်နှာ ၁၄ ကော်လံ ၁

စာမျက်နှာ ၁၃ မှ

နောက်တစ်ခုကတော့ NLDဟာ၊ ဒေါ်စုကြည်ဟာ ၉၇ခုနှစ် သောင်းကျန်းသူများက ရေးဆွဲ ကြေညာလိုက်တဲ့ မဲသရောထ ကြေညာချက်ကို ထောက်ခံထားတယ်၊ မဲသရောထ ကြေညာချက်ရဲ့ အဓိကတောင်းဆိုတဲ့ ဖွဲ့စည်းပုံဟာ ပြည်ထောင်စုစစ်စစ် ဖက်ဒရယ်လိုဖြစ်တယ်။ဒါကြောင့်မို့လို့ NLDနဲ့ ဒေါ်စုကြည်ရဲ့ ရပ်တည်ချက်ဟာ အမျိုးသားညီလာခံအပေါ်မှာ ဘယ်လောက်အတိုင်းအတာအထိ အန္တရာယ်ပြုနိုင်တယ်။ အနှောင့်အယှက်ပေးနိုင်တယ် ဆိုတာနဲ့ ပတ်သက်ပြီး မေးတာဖြစ်ပါတယ်။

ကနေ့ အမျိုးသားညီလာခံကို လူထုလူတန်းစား အလွှာရှစ်လွှာရဲ့ ကိုယ်စားလှယ်များနဲ့ ကျင်းပဆောင်ရွက်လျက်ရှိနေပါတယ်။ လူထုလူတန်းစား ရှစ်လွှာထဲမှာ အားလုံးသိကြတဲ့အတိုင်း တိုင်းရင်းသားအလွှာပါပါတယ်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ကိုယ်စားလှယ်တွေပါ ပါတယ်။ ပါတီကိုယ်စားလှယ်တွေပါပါတယ်။ အရွေးချယ်ခံကိုယ်စားလှယ်တွေ ပါပါတယ်။ ပြီးတဲ့အခါမှာ တောင်သူလယ်သမား၊ အလုပ်သမား၊ ဝန်ထမ်း၊ အသိအတတ်ပညာရှင်ကိုယ်စားလှယ်တွေပါပါတယ်။ အဲဒီ ကိုယ်စားလှယ်တွေအားလုံးဟာ ၅၅သန်းသော ပြည်သူများရဲ့ ကိုယ်စားလှယ်များဖြစ်ပါတယ်။ NLD ဟာ ပြည်သူကိုကိုယ်စားမပြုပါဘူး၊ သူ့ပါတီအတွက်ပဲ သူကိုယ်စားပြုပါတယ်။ သူ့ပါတီ အတွင်းမှာတောင် ကနေ့ နက်နက်နဲနဲ ဖြစ်ပေါ်နေတာတွေကို လေ့လာကြည့်ရင် စည်းရုံးမှု၊ စည်းလုံးမှုပြို ကွဲလျက်ရှိပါတယ်၊ ဒါ့ကြောင့် သူ့ ပါတီကိုသာ ကိုယ်စားပြုနေတဲ့ NLD အမျိုးသားညီလာခံမှာ မပါလို့ဘာ အန္တရာယ်မှမရှိပါဘူးလို့ ကျွန်တော် ဒီလိုပဲ ဖြေကြားလိုပါတယ်။

ကနေ့ ဖော်ဆောင်မယ့် ကနေ့ ရရှိထားတဲ့ အခြေခံမူနဲ့ အသေးစိတ်အခြေခံမူတွေအရ အနာဂတ်မှာ ပေါ်ပေါက်လာမယ့် ကျွန်တော်တို့ နိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ကျွန်တော်တို့နိုင်ငံအတွက်တော့ လက်ရှိအခြေအနေအချိန်အခါအရ အကောင်းဆုံးပါပဲ။ ပြည်ပကလေ့လာကြတဲ့ နိုင်ငံခြားပညာရှင်တွေကတောင် ဘာပြောသလဲဆိုရင် အခုအနာဂတ်မှာ ပေါ်ပေါက်လာမယ့် မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဖက်ဒရယ်လို့ မပြောပေမယ့် ဖက်ဒရယ်အခွင့် အရေးတွေ အဲဒီအထဲမှာ အများကြီး ပါနေတယ်လို့ သူတို့ ဒီအတိုင်း ပြောပါတယ်။ ဒါကြောင့် အဲဒီလို လုပ်ဆောင်နေတာဖြစ်တဲ့အတွက် စောစောက ပြောခဲ့တာကို ပြန်ပြီး conclusion ဆွဲရရင် NLD ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဘာအနှောင့်အယှက်မှ မရှိပါဘူးလို့ ဖြေကြားလိုပါတယ်။

**ဦးကျော်စွာမင်း**
**(Flower News Journal)**

ကျွန်တော်မေးခွန်းလေး နည်းနည်းထပ်မေးလိုပါတယ်။ ကျွန်တော် Flower News Journal က အမှုဆောင်အယ်ဒီတာ ကျော်စွာမင်းပါ။ ဟိုပြီးခဲ့တဲ့အပတ်က သတင်းစာမှာပေါ့နော် မြန်မာက ငွေကြေးနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုမရှိတဲ့(NCCT) နိုင်ငံအဖြစ်ကနေ လွတ်မြောက်ခဲ့ပြီလို့ တွေ့ရပါတယ်။ အဲလိုလွတ်မြောက်တဲ့အတွက် ဘာအကျိုးထူးတွေများရလာမလဲ သိလိုပါတယ်။

**ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ NCCT ကနေ NCCT ဆိုတာ ငွေကြေးဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်မှုမရှိတဲ့ နိုင်ငံလို့ သတ်မှတ်ထားတဲ့ နေရာကနေ လွတ်သွားတဲ့ကိစ္စပါ။ ဒါနဲ့ပတ်သက် ပြီးတော့ ကျွန်တော် ဟိုနောက်ကြောင်းကို ပြောပြရရင် ကျွန်တော်တို့ မြန်မာ နိုင်ငံကို FATF(Financial Action Task Force) ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ ဆိုတဲ့ အဖွဲ့ကနေပြီးတော့ ငွေကြေးနဲ့ပတ်သက်လို့ ပူးပေါင်းဆောင်ရွက်မှုမရှိတဲ့ နိုင်ငံဆိုပြီးတော့ ၂၀၀၁ခုနှစ်စပြီး ခုချိန်ထိ တောက်လျှောက် ခြောက်နှစ်ဆက်တိုက် NCCT(Non Cooperative Country and Territory)ဆိုတဲ့ စာရင်းထဲမှာ ထည့်ထားပါတယ်။

FATF အဖွဲ့ဆိုတာက ၁၉၈၉ ကတည်းက G7နိုင်ငံတွေနဲ့ဖွဲ့ပြီးတော့ ငွေကြေး ကိစ္စတွေကို ကိုင်တွယ်ဖို့ ပဲရစ်မှာအခြေစိုက်တဲ့အဖွဲ့ဖြစ်ပါတယ်။ အဲဒီ အဖွဲ့က တစ်ကမ္ဘာလုံးမှာရှိတဲ့ Bank of Financial Institution တွေ၊ ငွေဖြူငွေမည်းကိစ္စတွေ နောက်ပိုင်း ခေတ်စားလာတဲ့ အကြမ်းဖက်အဖွဲ့တွေကို ငွေထောက်ပံ့တဲ့ကိစ္စ၊ Financing Terrorism ပေါ့။ အဲဒီကိစ္စတွေကို လိုက်လံပြီးတော့ ထောက်လှမ်းပြီးတော့ အရေးယူဆောင်ရွက်တဲ့ အဖွဲ့ဖြစ်တာကြောင့် အဲဒီအဖွဲ့ရဲ့ ဆုံးဖြတ်ချက်က ကုလသမဂ္ဂသည်ပင်လျှင် အလေးထားရတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီအဖွဲ့အစည်းက ကျွန်တော်တို့ကို NCCT မှာ သတ်မှတ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီကိစ္စကို လွတ်မြောက်အောင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီ FATF အဖွဲ့အနေနဲ့ Criteria ၂၅ချက် သတ်မှတ်ထားပါတယ်။ ဒီ ၂၅ချက်ထဲမှာ ကျွန်တော်တို့နိုင်ငံက ၁၅ချက် သွားငြိနေတယ်။

ဒါက ဘာတွေလဲဆိုတော့ အကြမ်းဖျင်းအားဖြင့် Money Laundry Law မပြဋ္ဌာန်းရသေးတာတို့၊ ပိုက်ဆံတွေ ရွှေ့ပြောင်းမှုတွေ၊ လွှဲပြောင်းမှုနဲ့ ပတ်သက်ပြီးတော့ Control Macanism ကောင်းကောင်းမရှိသေးတာတို့၊ Bank and Financial Institution တွေနဲ့ ပတ်သက်တဲ့ ဥပဒေတွေ ပြည့်ပြည့်စုံစုံ မရှိသေးတာတို့စသည်ဖြင့် ဒီလိုအချက်တွေဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ဒီ ၁၅ချက်ကို ဒီမြန်မာနိုင်ငံမှာ CCB ပေါ့လေ၊ Central Control Board မှာ ကျွန်တော်တို့ ဝန်ကြီးက ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်းရေးမှူးပါ။ အဲဒါနဲ့ ကျွန်တော်တို့ တောက်လျှောက် ဖြေရှင်းလာခဲ့တာ ပြီးခဲ့တဲ့ ၂၀၀၅ခုနှစ် ဇွန်လမှာ အဲဒါတွေအားလုံး၊ ဒီ Criteria အားလုံးလွတ်ပြီးတော့ ကျွန်တော်တို့ NCCT ဆိုတဲ့ စာရင်းကနေ လွတ်သွားတဲ့သဘောဖြစ်ပါတယ်။

အဲဒီတော့ NCCTက လွတ်တော့ ဘာဖြစ်မလဲဆိုတော့၊ သူ့ရဲ့ အဆိုအရတော့ ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်မှုမရှိတဲ့ နိုင်ငံဘဝကနေပြီးတော့ ငွေကြေးအရ ပူးပေါင်းဆောင်ရွက်တဲ့နိုင်ငံဆိုပြီးတော့ အသိအမှတ်ပြုခံရမယ်။ အဲလိုဆိုရင် ကမ္ဘာမှာရှိနေတဲ့ World Bank တို့၊ IMF တို့၊ ADB တို့ အဲဒီကနေ ချေးငွေတွေပေးမယ်၊ သင်တန်းတွေ ပေးမယ်စသည်ဖြင့် ဒီလို အကျိုးအမြတ်တွေတော့ ခံစားရဖွယ်ရှိပါတယ်။

ဒါဟာ နိုင်ငံအတွက် အင်မတန်ပဲ အားရ ကျေနပ်ဖွယ်ကောင်းသလို ကျွန်တော်တို့ရဲ့ ကြိုးစားဆောင်ရွက်မှုဟာလည်း နိုင်ငံတော်အတွက် အင်မတန်မှ ထိရောက်တယ်လို့ပြောရမှာဖြစ်ပါတယ်။

**ဦးအောင်လှထွန်း (ရိုက်တာ)**

ကျွန်တော် ရိုက်တာသတင်းဌာနက အောင်လှထွန်းပါ၊ နောက်ဆုံးမေးခွန်းလေး တစ်ခုလောက် မေးခွင့်ပြုပါ။ ခုနက အကျဉ်းထောင်အတွင်း အခြေအနေ တိုးတက်လာတာ ရှင်းပြလို့ ဝမ်းသာပါတယ်။ ကျွန်တော်သိချင်တဲ့ မေးခွန်းကတော့ ICRC ကို အကျဉ်းထောင်တွေ ပြန်လည်သွားရောက်ခွင့် ပေးဖို့အခြေအနေ ဘယ်လိုရှိပါသလဲ ခင်ဗျား။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း**

ရဲချုပ်ကြီးက ပြန်ကြားရေးဝန်ကြီး ဖြေပါလို့ ပြောတဲ့အတွက် ဝန်ကြီးဖြေပါ့မယ်။ အဲဒီတော့ ICRCကို အကျဉ်းထောင်တွေကို ပြန်မသွားရဘူးလို့ ကျွန်တော်တို့ပြောတာ မဟုတ်ပါဘူး။ အကျဉ်းထောင်တွေကို ပြန်ပြီးတော့ သွားကြတဲ့ အခါမှာ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ပူးပေါင်းပြီးတော့ ဆောင်ရွက်ကြဖို့ကိုသာ ညှိနှိုင်းနေတဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီလို ညှိနှိုင်းမှုတွေလည်း အခုဆက်ပြီးတော့ ကျွန်တော်တို့ လုပ်ဆောင်နေပါတယ်။ ဒီညှိနှိုင်းမှုတွေအပေါ်မှာ မူတည်ပြီးတော့ ဆက်ပြီးတော့ အကောင်အထည်ပေါ်လာမှာဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

**(သတင်းစဉ်)**

# ၈၈မျိုးဆက်ကျောင်းသားအုပ်စု၏မေတ္တာပို့ဆုတောင်းပွဲကို မန္တလေးတိုင်း NLD စည်းရုံးရေးအဖွဲ့ကအဓိပ္ပာယ်မဲ့ သိက္ခာမရှိသောလုပ်ရပ်အဖြစ် ဝေဖန်ရှုတ်ချ

**နေပြည်တော် နိုဝင်ဘာ ၂**

လူထုဆန္ဒပြု လက်မှတ်ရေးထိုးသည့်လှုပ်ရှားမှုနှင့် အဖြူရောင် လှုပ်ရှားမှုများ အပြီးတွင် ၈၈မျိုးဆက်ကျောင်းသားအုပ်စုဝင်များက မေတ္တာပို့ဆုတောင်းပွဲဟု အမည်တပ်ထားသောလှုပ်ရှားမှုတစ်ခုကို ဆက်လက်လှုပ်ရှားလုပ်ဆောင်လာခဲ့ကြောင်းသိရှိရသည်။

**ကိုက်ညီမှုမရှိ**

အဆိုပါ မေတ္တာပို့ဆုတောင်းပွဲကို အချက်သုံးချက်ဖြင့် ဦးတည်လှုပ်ရှားနေမှုနှင့် စပ်လျဉ်း၍ မန္တလေးတိုင်း NLDစည်းရုံးရေးအဖွဲ့မှ အဖွဲ့ဝင်များက ဝေဖန်ဆွေးနွေးလျက်ရှိကြောင်း၊ ၎င်းတို့က တိုင်းပြည် မငြိမ်းချမ်းသည့်ပြဿနာ ငြိမ်းချမ်းစေဖို့ ဆုတောင်းခြင်းဆိုသည့်အချက်သည် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိကြောင်း၊ ယနေ့မြန်မာနိုင်ငံတွင် ဆူပူဆန္ဒပြုမှုများမရှိသလို ပြည်တွင်းစစ်လည်း ဖြစ်နေခြင်းမရှိကြောင်း။

ဒုတိယအချက်ဖြစ်သည့် ဘေးအန္တရာယ်အကျပ်အတည်းများမှ လွတ်မြောက်ရေးဆိုသည်မှာလည်း HIV၊ AIDS၊ ငှက်ဖျားနှင့်အဆုတ်နာရောဂါကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်က အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသဖြင့် ထိုရောဂါများဖြစ်ပွားမှုအတွက် နိုင်ငံတော်အပေါ် အပြစ်ပုံချ၍မရဘဲ မိမိတို့ဘာသာမဆင်ခြင်မှုကြောင့်ဖြစ်ရသည့်ပြဿနာဟုသာဆိုနိုင်ကြောင်း။

**အဓိပ္ပာယ်မဲ့လုပ်ရပ်**

မြန်မာပြည်သူပြည်သားများအားလုံး ချုပ်နှောင်ခြင်းမှကင်းလွတ်စေရန်ဟူသည့် အချက်ကိုထည့်သွင်းထားခြင်းသည် အမှားယွင်းဆုံးဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တရားဥပဒေစိုးမိုးမှုမရှိစေရန် ဆုတောင်းသကဲ့သို့ ဖြစ်နေ၍ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံ မည်သည့်အစိုးရမဆို ဥပဒေချိုးဖောက်သူအား ဖမ်းဆီးအရေးယူမည်သာဖြစ်ကြောင်း၊ အရေးယူခြင်း မရှိပါက မင်းမဲ့တိုင်းပြည် ဖြစ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ မန္တလေးတိုင်း NLD ပါတီဝင်များသည် ဝတ်ပြုဆုတောင်းပွဲတွင် ပါဝင်ရန်မရှိကြောင်း စသည်ဖြင့် ဝေဖန်ရှုတ်ချကာ နိုင်ငံရေးနှင့် ဘာသာရေးကို ရောထွေးကာ လုပ်ဆောင်လာခြင်း၊ တရားဥပဒေစိုးမိုးမှု ယိုင်နဲ့စေရန် တောင်းဆိုခြင်းတို့သည် အဓိပ္ပာယ်မဲ့ သိက္ခာမရှိသောလုပ်ရပ်များဖြစ်၍ NLDပါတီဝင်များက ရှောင်ရှားနေကြကြောင်း သတင်းရရှိသည်။

**(က-ပ)**

# The Live News ဂျာနယ် အမှတ်(၉)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၉)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ကြေးချိန်အများဆုံးနှင့်ဉာဏ်တော်အမြင့်ဆုံးကြေးတော်ကြီးဘုရား၊ တစ်မူထူးခြား ပီတိပွားရသည့် ကထိန်အလှူတော်မင်္ဂလာ၊ မန္တလေးမှ ရွှေအင်ပင်ကျောင်းကြီး၊ မော်လမြိုင်မှ ရှင်၁၀၀ အလှူပွဲ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ သုံးထပ်ဆောင်သစ်၊ ငြိမ်လည်းငြိမ် လှုပ်လည်းလှုပ်တဲ့ ကားဈေးကွက်၊ အနာဂတ်ဥရောပ၏ တစ်စိတ်တစ်ပိုင်းဖြစ်လာသော တရုတ်နိုင်ငံ၊ ဆောရီး တစ်ချက်- အသက်ပေါင်းများစွာ၊ တောင်ကိုရီးယားဝန်ကြီးများ နုတ်ထွက်ခြင်း၊ အမေရိကန်နှင့် အီရတ်ဝန်ကြီးချုပ်တို့ သဘောထား ကွဲလွဲမှုကျယ်ပြန့်၊ ကြားဖြတ်ဝန်ကြီးချုပ်ဖြင့် နိုင်ငံကို တည်ငြိမ်အောင်လုပ်ရမည့် ဘင်္ဂလားဒေ့ရှ်၊ အမေရိကန်ဒေါ်လာ အတုပြုလုပ်ကြသူများ၊ ဗီယက်နမ် (သို့မဟုတ်) အာရှကျားပေါက်တစ်ကောင်၊ ကိုရီးယားလူမျိုး တစ်မျိုးတည်း နှစ်နိုင်ငံကွဲနေရတာ ဘာကြောင့်လဲ၊ ဆာခါလင်းကျွန်း အလှပျက်စီးမည်ကို စိုးရိမ်ကြသူများ၊ စပိုင်ချစ်သူ ဇာတ်သိမ်းပိုင်းအစရှိသည့် ပြည်တွင်းပြည်ပ သတင်းများ၊ ဆောင်းပါးများကို သာဂဒိုး၊ ကိုကိုလှိုင်၊ ဒေါက်တာမတင်ဝင်း၊ ဆင်ဖြူကျွန်းအောင်သိန်း၊ စိုးမြင့် ငြိမ်း၊ မြင်းမူမောင်နိုင်မိုး၊ ဒိုင်းနေအောင်နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ပါဝင်ရေးသားတင်ဆက်ထားသည်။

The Live News ဂျာနယ်နှင့် ဆက်သွယ်လိုသူများ အမြို့မြို့အနယ်နယ်မှ စာမူပေးပို့လိုသူများသည် အမှတ် ၃၁၀၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း ၀၀၄၊ လမ်းမတော်မြို့နယ်၊ ဖုန်း ၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# မအူပင်မြို့ NLD အတွင်းရေးမှူးအပါအဝင် ခြောက်ဦးအား ဖဲလောင်းကစားနေစဉ်ဖမ်းဆီးရမိ ခြေချုပ်နှင့်ခံဝန်ပြုလုပ်၍ပြန်လွှတ်ပေးခဲ့

**နေပြည်တော် နိုဝင်ဘာ ၂**

အောက်တိုဘာ၃၁ရက် ညနေ၃နာရီခန့်တွင် ဧရာဝတီတိုင်း မအူပင်မြို့ အမှတ်(၉)ရပ်ကွက် အောင်မြေသာစည်လမ်းနေ ဦးခန့်လှိုင်၏နေအိမ်၌ ဖဲလောင်းကစားသူခြောက်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူ ခြောက်ဦးမှာ မအူပင်မြို့နယ် NLD အတွင်းရေးမှူး ဦးခင်ထွန်း (ဘ)ဦးဘိုတင်(ဈေးရောင်း)၊ ဦးမင်းလွင်သန်း (ဘ)ဦးသန်းတိုး(စက်ချုပ်)၊ ဦးအောင်ဟိန်း(ဘ)ဦးသန်းလွင် (ဈေးရောင်း)၊ ဦးမြင့်ဦး(ဘ)ဦးတင်ရွှေ (ကျပန်း)၊ ဦးတိုးနိုင်(ဘ)ဦးတင်ထွန်း(ကျပန်း)နှင့် ဦးထွန်းထွန်းဦး(ခ)အာဒစ် (ဘ)ဦးထွန်းကြည်(ကျပန်း)တို့ဖြစ်ပြီး ဖမ်းဆီးရမိချိန်တွင် ၎င်းတို့နှင့်အတူ ဖဲချပ်၅၂ချပ်၊ ငွေကျပ်၃၀၁၀၀တို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

အိမ်ရှင် ဦးခန့်လှိုင်နှင့် လောင်းကစားသူ ခြောက်ဦးတို့အား လောင်းကစားဥပဒေနှင့် အရေးယူဆောင်ရွက်နိုင်သော်လည်း ပြည်ပမီဒီယာများမှ မမှန်သတင်းထုတ်လွှင့်မှု၊ ပြည်တွင်းမှ မမှန်မကန် သတင်းပေးပို့မှုမရှိစေရန်နှင့် ဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရဆိုသည့်မူကို နားလည်သဘောပေါက်စေရန် ၎င်းတို့အားဆွေးနွေး ရှင်းလင်းချပြရာ နားလည်သဘောပေါက်ကြောင်း ဝန်ခံကတိပြုခဲ့သဖြင့် ခြေချုပ်နှင့်ခံဝန်ပြုလုပ်ပြီး ပြန်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# The Commerce Journal အတွဲ(၆)၊အမှတ်(၂၀)ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂**

The Commerce Journal အတွဲ(၆)၊ အမှတ်(၂၀)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါ ဂျာနယ်တွင် ကုန်သည်လုပ်ငန်းရှင်များ Bio-Fuel Trade လုပ်ကိုင်နိုင်ရေး အကူအညီပေးမည်။ ကုန်သွယ်ဖက်နိုင်ငံများတွင် ကုမ္ပဏီကိုယ်စားလှယ်ရုံးခွဲများဖွင့်လှစ်ရေး၊ ကုန်သည်လုပ်ငန်းရှင်များ Supplier/Buyer စနစ်ဖြင့် ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးမည်၊ ပဲကြိုရောင်းကြိုဝယ်နေသည့်သတင်း၊ စည်းကမ်းမညီသည့် ကုန်ပစ္စည်းတင်သွင်းမှု ၅၇၃မှုမှာ ဘဏ္ဍာငွေကျပ်၂၁သမ၅ဘီလီယံဖိုး သိမ်းဆည်းရရှိ၊ ပြည်နယ်၊တိုင်းမြို့အားလုံး မကြာမီမိုဘိုင်းလ်ဖုန်းတပ်ဆင်ပေးမည်၊ ဖုန်းပြောခကို Prepaid စနစ်ဖြင့် ပေးချေနိုင်ရေးစီစဉ်နေ စသည့်သတင်းများပါရှိသည်။ အထူးဆောင်းပါးများအဖြစ် မောင်စူးစမ်း၏ စက်ဝိုင်းသံသရာအပြည့်၊ အောင်သင်း၏ ကျွန်တော်ကျောင်းဆရာ၊ ဦးဟန်ထွန်း၏ စီးပွားရေးအပြောင်းအလဲ၊ မောင်ဆုရှင်၏ မော်တော်ကား လေညစ်နှင့် ဆီစားသက်သာဖို့၊ ကြည့်ရှုန်း၏ အောင်မြင်ချမ်းသာနည်း-၁၀၀တို့ ပါဝင်ပြီး ထုတ်ကုန်သွင်းကုန် အမေးအဖြေ၊ ပြည်တွင်းပြည်ပ ကုန်ဈေးနှုန်း သတင်းများ၊ ဖက်ရှင်၊ ဟာသ၊ ရုပ်ရှင်နှင့်ဖေဒင်ကဏ္ဍများဖြင့် ဝေဝေဆာဆာဖော်ပြထားကာ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံအနှံ့ အကျဉ်းထောင်များသို့ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့်လူမှုရေးအသင်းအဖွဲ့များက လူမှုရေး၊ကျန်းမာရေးနှင့်သက်သာချောင်ချိရေး တိုးတက်ကောင်းမွန်စေရေးအတွက် စေတနာ၊သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းထောက်ပံ့မှုများပြုလုပ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများ၏ လူမှုရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကိစ္စရပ်များ တိုးတက်ကောင်းမွန်စေရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် ကြက်ခြေနီ၊ မီးသတ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက အကျဉ်းထောင်များအတွင်းသွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးဝါး၊ အစားအစာ၊ အသုံးအဆောင်နှင့် စာအုပ်စာတမ်းစာစောင်များ လှူဒါန်းထောက်ပံ့ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၀၆ခုနှစ် အောက်တိုဘာလအတွင်း ကျိုင်းတုံ၊ ကျောက်ဖြူ၊ သံတွဲ၊ ခန္တီး၊ ပခုက္ကူ၊ ညောင်ဦး၊ မန္တလေး၊ မိတ္ထီလာနှင့် သရက်မြို့များရှိ အကျဉ်းထောင်များသို့ အဆိုပါ အဖွဲ့အစည်း၊ အသင်းအဖွဲ့များက ငွေကျပ်၂၁သိန်းကျော်ဖိုး လှူဒါန်းထောက်ပံ့ခဲ့ကြောင်း။

၂၀၀၅ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၀၆ခုနှစ် အောက်တိုဘာလအထိ တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်များသို့ လှူဒါန်းထောက်ပံ့မှုပမာဏမှာ ငွေကျပ်သိန်း၇၀၀ကျော်တန်ဖိုးရှိပြီး ဆက်လက်၍လည်း စေတနာသဒ္ဓါ တရားထက်သန်စွာဖြင့် လှူဒါန်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြိုင်ဆိုင်သာယာ တန်ဆောင်တိုင်ခါ

**ခိုင်ရွှေဝါ**

မြန်မာနိုင်ငံတွင် တန်ဆောင်တိုင်မီးထွန်းပွဲအစဉ်အလာမှာ ပုဂံခေတ်ကပင် ရှိနေပြီးဖြစ်ကြောင်း လေ့လာသိရှိရသည်။ ပုဂံခေတ် သက္ကရာဇ် ၅၄၅ ခုနှစ် ထိုးစူဠာမဏိဘုရားကျောက်စာနှင့် သုတရာဇ် ကျောက်စာတို့တွင် **"တန်ဆောင်မှုန်းလ"**ဟု ဟထိုးဖြင့် ရေးသည်ကို တွေ့ရသည်။ ရှေးလူကြီးအချို့တို့ကလည်း တန်ဆောင်မှုန်းဟု ဟထိုးဖြင့် ခေါ်ဝေါ်ကြသည်။ တန်ဆောင်မှာ မီးရှူးမီးတိုင်ဆီမီး မှုန်းမှာ ချေဖျက်ခြင်း၊ တန်ဆောင်မှုန်း၏ လိုရင်းအဓိပ္ပာယ်မှာ **"ဆီမီးဖြင့် အမိုက်မှောင်ကို ချေဖျက်ခြင်း"**ဟု ဆိုလိုပါသည်။ မှုန်းနှင့်မုန်းမှာ စာသဘောပြောရလျှင် ကာရိုက်နှင့် သုဒ္ဓသာ ကွဲပြားသည် သဘောတူပင်ဖြစ်သည်။ ယခုခေတ်တွင် တန်ဆောင်မုန်းဟူ၍ ဟထိုးမပါဘဲသာ တညီတညွတ်တည်း ခေါ်ဝေါ်သုံးစွဲလျက်ရှိပါသည်။

ပုဂံခေတ် တန်ဆောင်တိုင်ဖော်ပြပြီး စာပေထဲက တန်ဆောင်ဖော်ပြရလျှင် အဇာတသတ်ဘုရင်သည် ရာဇဂြိုဟ်ပြည် တန်ဆောင်မုန်းလပြည့်နေ့ညဉ့် ဘုရားရှင်ကို ဖူးမြော်ရန် ရာဇဂြိုဟ်မြို့တွင်းမှ သမားတော်ဇီဝက၏ သရက်ဥယျာဉ်ကျောင်းသို့ သွားရာ၌ ဆီမီးတိုင်များညှိထွန်း၍သွားကြောင်းကို သုတ်သီလက္ခန်သာမညဖလသုတ်၌ ဖော်ပြထားသည်ကို တွေ့ရသည်။ သို့ဖြစ်၍ တန်ဆောင်တိုင်ဟူသည် မီးရှူးမီးတိုင်များ ညှိထွန်းပူဇော်ခြင်းဟု သိမှတ်ရမည်ဖြစ်ပါသည်။

ရှေးခေတ်သူတော်ကောင်းတို့သည် တိုင်ရှည်ကြီးများ၏ ထိပ်ဖျားတွင် ဆီမီးတင်၍ အထက်စူဠာမဏိဘုရားတွင် မီးပူဇော်သောအစဉ်အလာများ ပြုလုပ်ခဲ့ကြသည်။ ယခုအခါ မြန်မာနိုင်ငံတော်၌ ယင်းအလေ့အထများကို တွေ့မြင်ရန်ခဲယဉ်းသော်လည်း ရှေးမှုမပျက်သေးသော ရခိုင်ပြည်နယ် အချို့သော ဒေသများ၌မူ အထက်ပါအတိုင်း တန်ဆောင်တိုင်ညှိထွန်းပူဇော်သည်ကို တွေ့မြင်နိုင်သေးသည်ဟု သိရပါသည်။

ဤနေရာ၌ တန်ဆောင်တိုင်ဟူသော ဝေါဟာရစကား၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ တန်ဆောင်မှာ ဆီမီးကိုညှိထွန်းရပြီး တိုင်မှာထွန်းညှိပူဇော်သောတိုင်ဟု ဆိုလိုသည်။ တန်ဆောင်တိုင်ဆိုသည်မှာ ဆီမီးထွန်းညှိသော တိုင်ဖြစ်ပါသည်။

အချိန်အခါဟူသမျှတို့တွင် တန်ဆောင်မုန်းလအခါသည် ပူလည်းမပူလွန်း၊ အေးလည်းမအေးလွန်းမှု၍ အလွန်နေထိုင်ကောင်းမွန်သော အချိန်အခါဖြစ်နေပါသည်။ တန်ဆောင်မုန်းလရှေ့ပိုင်း တစ်ဆယ့်ငါးရက်သည် မိုးဥတု၏နောက်ဆုံး အချိန်အခါဖြစ်ပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှု အနည်းဆုံးအချိန်အခါဖြစ်သည်။ မိုးရွာသွန်းမှုဟူ၍ မရှိသလောက်ပင်နည်းပါးသွားတတ်သည်။ မြေခွင်တောတောင်တို့မှာ မိုးရေရွှံ့ညွန်များမရှိဘဲ မိုးခတ်အင်အားကို အပြည့်အဝရရှိခဲ့သည့် သစ်ပင်ပန်းပင်များသည် စိမ်းလန်းစိုပြည် ဝေဝေဆာဆာ ဖူးပွင့်လှပနေသည့် အချိန်အခါဖြစ်နေတတ်ပါသည်။

ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီးသည် ယခုလိုတန်ဆောင်မုန်းလပြည့်နေ့ ဆည်းဆာအချိန်မှာ သမားတော်ဇီဝက၏ အစီအစဉ်ဖြင့် ဂေါတမဘုရားရှင်ထံ ချဉ်းကပ်ဖို့ စီစဉ်နေသည်။ အမျိုးသမီးများကို အမိပြု၍ အမျိုးသားတို့အား ဘေးမဖြစ်နိုင်၊ ချမ်းသာအေးမြစွာ အမျိုးသမီးအပေါင်းခြံရံလျက် ဘုရားဖူးသွားမည်ဟု ဆုံးဖြတ်ထားပါသည်။

အမျိုးသမီးပေါင်းငါးရာတို့ကို အမျိုးသားအသွင်ယူစေ၍ "သန်လျက်လက်နက် လက်စွဲကုန်လျက် မင်းကြီးကို ခြံရံလိုက်ပါ ကြရမည်" လောကမှာ ဆင်ယဉ်သည့် အငြိမ်သက်ဆုံးဖြစ်၍ ဆင်မယဉ်သာ ငါးရာတို့ကိုလည်း ပြင်ဆင်စေသည်။ သမားတော်ဇီဝက၏ အကြံအစည်မှာ "ဤအဇာတသတ်မင်းကြီးမှာ ဤခန္ဓာကိုယ် အတ္တဘော၌ မဂ်ဖိုလ်ရနိုင်သော အကြောင်းမရှိချေ။ ဘုရားရှင်တို့မည်သည်လည်း မဂ်ဖိုလ်ရမည့်သူကို မြင်ကုန်မှသာလျှင် တရားတော်ကိုဟောကြားမြဲဖြစ်ကုန်၏၊ ယခုငါသည် လူအပေါင်းများစွာကို စည်းဝေးစေတော့အံ့ သို့မှသာဘုရားရှင်သည် တစ်စုံတစ်ယောက်သောသူ၏သာလျှင် အားကြီးသောအကြောင်းဖြင့် တရားဟောကြားလိမ့်မည်၊ ထိုအခါလူများမှာ အကျိုးများစွာဖြစ်ထွန်းလာနိုင်သည် အဇာတသတ်မင်းကြီးဘုရားဖူးသွားမည်၊ လိုက်ပါလိုသူများ လိုက်ပါနိုင်ကြသည်"ဟု အရပ်လေးမျက်နှာသို့ မောင်းခတ်ကြေညာသည်။

မောင်းကြေညာသံကိုကြားသောအခါ လူများစွာ ကြံစည်ကြသည်။ "အဇာတသတ်မင်းကြီး ဘုရားဖူးထွက်မှာတဲ့၊ ဘုရားရှင်က အဘယ်ကဲ့သို့သော တရားများကို ဟောကြားမှာပါလိမ့်၊ ငါတို့မှာ ကြတ္တိကာနက္ခတ်ပွဲသဘင် ဆင်ယင်ခြင်းဖြင့် အကျိုးမရှိ၊ ဘုရားဖူးသွားမည့် မင်းကြီးနောက်လိုက်ကြကုန်စို့" ဤသို့ ပန်းနံ့သာလူစုရာ လက်မှာဆွဲကိုင်ကုန်လျက် မင်းကြီးထွက်အလာကို စောင့်ဆိုင်းနေကြသည်။ သမားတော်ဇီဝကသည်လဲ "အရှင်မင်းကြီး...အစီအစဉ်ပြီးဆုံးပါပြီ၊ ဘုရားဖူးထွက်ရန် အချိန်တန်ပါပြီ" ဟု သံတော်ဦးတင်သည်။

အဇာတသတ်မင်းကြီးသည်" ဇီဝကသည် ငါ့သရက်ဥယျာဉ်၌ သံဃာတစ်ထောင့်နှစ်ရာငါးဆယ်နှင့်အတူ သီတင်းသုံးနေထိုင်သည်ဟုဆိုသည်၊ ဘာသံမျှ လဲမကြားရ၊ ဇီဝက ငါ့ကိုများလိမ်ညာလေသလား"ဟု သံသယဝင်လာသည်၊ ကြောက်လန့်လာသည်ဖြစ်၍ မကြောက်သလို ဟန်ဆောင်၍မရဘဲ ဖြစ်နေသည်။

သမားတော်ဇီဝကက " အရှင်မင်းကြီး...မကြောက်ပါနှင့် အရှင်မင်းကြီးအနီးတွင် ကျွန်တော်မျိုးရှိနေပါ၏"ဟု သံတော်ဦးတင်သည်၊ ပရိသတ်များနှင့်တကွ အဇာတသတ်မင်းကြီး အသီးသီးနေရာယူပြီးသော အချိန်၌ ဘုရားရှင်သည် ရဟန်းပြုခြင်း၏ အကျိုးပြ သာမညဖလသုတ်တော်ကို ဟောကြားတော်မူသည်။

၁။ မင်းမှုထမ်းသောသူသည် ရဟန်းပြုခဲ့သော် မင်းစသော အကြီးအကဲ လုပ်သူတို့က ရှိခိုးရခြင်း၊ လှူဒါန်းရခြင်းဟူသော မြတ်သောအကျိုးကို ရနိုင်သည်၊ ၂။ သာမန်လယ်သမားစသောသူများသည် ရဟန်းပြုသော် ဤသို့ပင် အကျိုးရနိုင်သည်။ ၃။ ပထမစျာန်ချမ်းသာ၊ ၄။ ဒုတိယစျာန်ချမ်းသာ၊ ၅။ တတိယစျာန်၊ ၆။ စတုတ္ထစျာန်၊ ၇။ ဝိပဿနာဉာဏ်၊ ၈။ မနောမယိဒ္ဓိဉာဏ်၊ ၉။ ဣဒ္ဓိဝိဓဉာဏ်၊ ၁၀။ ဒိဗ္ဗသောတဉာဏ်၊ ၁၁။ စေတောပရိယဉာဏ်၊ ၁၂။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ၁၃။ အာသဝက္ခယဉာဏ်တွေ ဖြစ်ပေါ်လာနိုင်သည်။

ယင်းသို့ ကံအဆင့်ဆင့်၊ စျာန်အဆင့်ဆင့်၊ ဉာဏ်အဆင့်ဖြစ်ပေါ်ရရှိခြင်းသည် ရဟန်းပြုသူတို့ လက်တွေ့မျက်မြင်ရရှိသည့် မြင့်မြတ်သောအကျိုးတရားဖြစ်သည်။ ထိုကဲ့သို့သော ရဟန်းပြုလုပ်ခြင်း၏ မြင့်မြတ်လှသော အကျိုးတရားများကို ဘုရားရှင် ဟောကြားတော်မူသောအခါ အဇာတသတ်မင်းသည် နှစ်သက်အားရ သဘောကျသွားသည်။ ဗုဒ္ဓဘာသာဝင်အဖြစ်ကိုလည်း ခံယူသည်။ အသိစိတ်ဓာတ်မဝင်မီအချိန်က မိမိလွန်ကျူးမိသော အပြစ်များကိုလည်း ဝန်ချတောင်းပန်ပါသည်။

ဤသာမညဖလသုတ်တော်ကို နာကြားရ၍ များစွာသော အကျိုးကို ရရှိပါသည်။ ဤသုတ်တော်ကို မနာကြားရခင်တုန်းက နေ့အိပ်လို့မပျော်၊ ညဥ့်အိပ်လို့မပျော်ဖြစ်နေခဲ့သည်။ ဘုရားရှင်ထံ ချဉ်းကပ်၍ သာမညဖလသုတ်တရားတော်ကို နားကြားရသောအခါမှစ၍ နေ့ရောညဥ့်ပါ အိပ်ပျော်ပါသည်။ ရတနာသုံးပါးတို့အား လွန်လွန်ကဲကဲ ပူဇော်ပါသည်။ ပုထုဇဉ်လူသားတို့ ကြည်ညိုကြရာတွင် ဤအဇာတသတ်မင်းနှင့် တူသောသူ မရှိခဲ့ချေ။ နောင်အခါ ဝိဇိတာဝီအမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံလိမ့်မည်ဟု သာမညဖလသုတ် ဒီဃနိကာယ်အဋ္ဌကထာ၌ ဖွင့်ဆိုထားပါသည်။

စောစောက ဘုရားရှင်ကို ဖူးတွေ့ခွင့်ရလိုက်ပါလျှင် ပိတုဃာတက ကံကြီးကို လွန်ကျူးမည်မဟုတ်ပါချေ။ ။



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မဟာဘုံကထိန် အလှူတော်မင်္ဂလာ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၅

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏(၆၂)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက်၌ အောက်တိုဘာ ၂၁ရက် နံနက် ၈နာရီခွဲက ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။** (အပေါ်ပုံ)

ရှေးဦးစွာ တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် မြတောင်ကျောင်းတိုက်ရှိ သံဃာတော် ၇၂၈ပါးအား ဆွမ်းလောင်းလှူ ပူဇော်ကြသည်။ ဆက်လက်၍ ရွှေကျင်သာသနာပိုင် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းတို့က နိုင်ငံတော်ဩဝါဒါစရိယ ဝါဆိုကျောင်းဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သံဃာတော်များကိုယ်စား မြတောင်တိုက်ရွှေဝါဝင်းကျောင်းဆရာတော်အား မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီးတို့က ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ မစိုးရိမ်တိုက်သစ်ဆရာတော်အား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့်ဇနီးတို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသထံမှ ကထိန်အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေပြီး တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ကြသည်။ **(သတင်းစဉ်)**

## မိုင်းဖြတ်ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိုင်းဖြတ် အောက်တိုဘာ ၂၄**

အမျိုးသားညီလာခံ ၂၀၀၆ကို ဂုဏ်ပြုသောအားဖြင့် မိုင်းဖြတ်မြို့နယ် လုံးကျွတ် စုပေါင်းသန့်ရှင်းခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက် ၇နာရီမှ ၁၀ နာရီခွဲအထိ မိုင်းဖြတ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

**စုပေါင်းသန့်ရှင်း**

အခမ်းအနားသို့ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်သူ ရပ်ကွက်သားများ၊ အင်အား၁၀၀၀၀ခန့် တက်ရောက်ပြီး ဆေးရုံဝင်းအတွင်းအပြင်တို့ကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေး ကိုင်တွယ်မောင်းနှင်ပြသ

**ရမည်းသင်း အောက်တိုဘာ ၃**

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက် ရေပေးရေးတွင် စက်ရေတွင်းများ၏ စက်များ ပြုပြင်ထိန်းသိမ်းရေးနှင့် ကိုင်တွယ်မောင်းနှင် ပြသခြင်းကို စက်တင်ဘာ ၁၅ ရက်က ကျေးရွာများရှိ ကျေးလက်ပြည်သူများအား မြို့နယ် စည်ပင်ရုံးတွင် အငယ်တန်း အင်ဂျင်နီယာ(၂)(စက်မှု)ဦးကျော်စွာလင်းက လက်တွေ့ ပြသ ကိုင်တွယ်မောင်းနှင်ခြင်းကို အဖွဲ့၏ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးစန်းဝင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ကာ-ပ)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်။

## ကြို့ပင်ကောက် ကျိုစုကျေးရွာ၌ စက်ရေတွင်းတူးဖော် ရေစက်ရုံနှင့် အုတ်ရေကန်ဆောက်လုပ်ပြီးစီး

**ကြို့ပင်ကောက် အောက်တိုဘာ ၂၆**

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စီမံချက်ချ၍ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွက် ကျိုစုကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် အုတ်ကန်ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို အောက်တိုဘာ ၂၁ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့က ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

အဆိုပါ စက်ရေတွင်းသည် အနက်ပေ ၂၈၀ရှိ၍ တစ်နာရီ ရေဂါလန် ၁၀၀၀ ထွက်ရှိပြီး ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၃၂၅၀၀၀ ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**





အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင်ကျောင်းတော်ကြီးအတွက် တိုက်(၂၄) အခန်း(၂၀) အောင်သပြေလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးစံမြင့်-ဒေါ်အေးမြင့် မြေးဆုဝတီအောင်မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)ရှေ့မှောက်၌ အကျိုးတော်ဆောင် မောင်အောင်သူထိုက်(ညောင်ဦး)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် နိုဝင်ဘာ ၂

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော်အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် နိုဝင်ဘာ ၄ရက် နံနက် ၉နာရီတွင် စစ်ကိုင်းတောင်ရိုးရွှေမြင်းမိုရ်ကျောင်းကထိန်ပွဲ၊ ညစနာရီတွင် ရန်ကုန်တိုင်းသုံးခွမြို့ ရှစ်မျက်နှာဘုရား မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ ၅ရက်ညနေ ၆နာရီတွင် ရန်ကင်းမြို့နယ် ၁၂လုံးတန်း ဓမ္မာရုံဆည်းဆာပွဲ၊ ည ၈နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ၂/၄ရပ်ကွက် အထူးတရားပွဲ၊ ၆ရက်တွင် ဒေါပုံမြို့နယ် ဝါဆိုပရိယတ္တိစာသင်တိုက်အထူးတရားပွဲ၊ ၇ရက်တွင်မန္တလေးမြို့ ၂၂/၈၈ လမ်းထောင့် အေးသုခဓမ္မဗိမာန်တော်၊ ၈ရက်တွင် မုံရွာမြို့နယ် စုံးချောင်ရွာအလှူပွဲ၊ ၉ရက် မွန်းလွဲ ၁နာရီတွင် မုံရွာမြို့လယ်ဆုတောင်းပြည့်ဘုရားရင်ပြင်ကလေးအထူးတရားပွဲ၊ ၁၀ရက်တွင် စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲရွာဘုရားထီးတင်ပွဲတို့၌ တရားတော်များဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက် ရှိပြီးသူများသည် ဆရာတော်ဖုန်း-၀၉၅ ၃၃၀၈၉၅၊၀၇၂-၂၂၁၇၀၊၀၁-၇၀၈၄၀၃ တို့သို့ကြိုတင်ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(က-ပ)**



ဒုတိယဗိုလ်မှူးကြီး အေးသွင် (ငြိမ်း) ပါမောက္ခချုပ်(ငြိမ်း) အား ရည်စူး၍ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏတောင်ထိပ်ပန်းလမ်း မြနန္ဒီလမ်းသွယ်၊ အမှတ်(၂၉/၂၁၂) နေ ဇနီး ဒေါ်မော်ယုလှဘူနှင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၁၀၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## လုပ်ငန်းခွင်းဆောင်ရည် မြင့်မားရေး မွမ်းမံသင်တန်းဆင်းပွဲ သန်လျင်၌ကျင်းပ

သန်လျင် အောက်တိုဘာ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော လုပ်ငန်းခွင်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း(၁/၂၀၀၆) ဆင်းပွဲကို အောက်တိုဘာ ၂၅ရက် နံနက် ၁၀နာရီက သန်လျင်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီးသင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင် ဦးသက်ခိုင်သို့ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းထူးချွန်ပထမဆုရ ဒေါ်ချစ်ချစ်သန်း ရုပ်သံ-၃ ခရမ်းမြို့နယ်၊ ဒုတိယဆုရ ဒေါ်သန်းသန်းဌေး ရုပ်သံ-၃ သန်လျင်ခရိုင်ရုံး၊ တတိယဆုရ ဒေါ်တင်တင်ထွေး စာထောက်-၃ သုံးခွမြို့နယ်တို့အား ခရိုင်ဦးစီးအရာရှိဒေါ်ဖြူဖြူ**(အောက်ပုံ)**နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင် အရှေ့ခြမ်းလေးမြို့နယ်မှ သင်တန်းသား သင်တန်းသူ ၃၆ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၄ ရက်ကြာမြင့်သည်။ **(ခရိုင် ပြန်/ဆက်)**





ရန်ကုန်မြို့ လသာလမ်း အမှတ် ၁၂၁ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်၊ ဒေါက်တာဒေါ်သိန်းကြည်၊ ဒေါက်တာဒေါ်ဌေးကြည်၊ ဦးဝင်းသင် (စာရင်းစစ်)မောင်နှမ ဗုဒ္ဓ(၇၅)စေတီ အလှူရှင်မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရုံများ နှစ်စဉ်ရွှေသင်္ကန်းကပ်လှူနိုင်ရန် ရာသက်ပန်ရွှေသင်္ကန်း ထာဝရပဒေသာပင်တစ်ပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

## မဇ္ဈိမဂုဏ်ရည်ဆရာတော်၏ ဓမ္မခရီးစဉ်များ

ရန်ကုန် နိုဝင်ဘာ ၂

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီး မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယကဆရာတော် မဟာစည်နယ်လှည့်ဓမ္မကထိက သာသနတက္ကသိုလဓမ္မာစရိယ ဒေါက်တာဘဒ္ဒန္တကောဝိဒ အရှင်မြတ်သည် နိုဝင်ဘာ ၃ ရက် ည ၇နာရီတွင် သန်လျင် ထမလုံဓမ္မသဘင်၊ ၄ ရက် ည ၇နာရီတွင် ပုသိမ်မြို့ ပန်းတင်းတန်းလမ်း၊ ဦးခင်ဇော်-ဒေါ်အေးမြင့်မိသားစု ဓမ္မသဘင်၊ ၅ရက် ည ၇နာရီတွင် ဒေါပုံမြို့နယ် ဝါဆိုကျောင်း၊ ၆ ရက် ည ၇နာရီ ကျောက်တန်း အဒ္ဒတ္တော၊ ၇-၈ ရက် ည ၇နာရီတွင် တောင်ဥက္ကလာ ၁၁ ရပ်ကွက် သာသနဟိတဓမ္မာရုံ၊ ၉ရက် ည ၇နာရီတွင် ဒေါပုံမြို့နယ် ဝါဆိုကျောင်း၊ ၁၀ ရက် ည ၇နာရီတွင် ဗိုလ်တထောင်မြို့နယ် ၄၈-လမ်း (အထက်)၊ ၁၁ရက် ည ၇နာရီတွင် သာကေတမြို့နယ် ထူပါရုံလမ်း ၂၀ အနောက်၊ ၁၂ရက်နေ့ ည ၇နာရီ ကမာရွတ်လှည်းတန်း သမ္မာဆန္ဒဆွမ်းလောင်းအသင်း ဆွမ်းအောင်ပွဲ၊ ၁၃ရက် ည ၆နာရီတွင် သန်လျင်မြို့ ချမ်းမြေ့သာယာအေးစာသင်တိုက်၊ ည ၇နာရီတွင် ဒေါပုံသင်္ဘောကျင်းရပ်ကွက် မြို့သစ်လမ်းဓမ္မသဘင်၊ ၁၄-၁၅ ရက် ည ၇နာရီတွင် မရမ်းကုန်းမြို့နယ် သမိုင်း အမှတ်(၁)ရပ်ကွက်၊ မနောဟရီလမ်း၊ ၁၆-၁၇ ရက် ည ၇နာရီတွင် လက်ပံတန်းမြို့ ရွှေတောင်ကျောင်း၊ ၁၈ရက် ည ၇နာရီတွင် ဒေါပုံမြို့နယ် ဆေးစက်ရပ်ကွက် ဆွမ်းအောင်ပွဲ၊ ၁၉ ရက် ည ၇နာရီတွင် တာမွေ ကျောက်မြောင်း ဩဘာလမ်း၊ ၂၀ရက် ည ၇နာရီတွင် ပြည်မြို့ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

**မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထက(၅)တို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ၂၄ရက်က အဆိုပါကျောင်းစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဟန်ရွှေ၊ ကျောင်းအုပ်ဆရာကြီး ဦးချစ်ထွန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

**လှိုင်သာယာမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ အောက်တိုဘာ ၂၃ရက်က မူလတန်းဆင့် ကျောင်းကြက်ခြေနီသင်တန်းဖွင့်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးမြင့်ဇော်က အဖွင့်အမှာစကားပြောကြားစဉ်။** (မြို့နယ် ပြန်/ဆက်)



## ကမ္ဘာ့ ရှေးဦးပြုစုခြင်းနေ့ အခမ်းအနား ကျောက်ကြီး၌ ကျင်းပ

ကျောက်ကြီး အောက်တိုဘာ ၅

ကျောက်ကြီးမြို့နယ် ကမ္ဘာ့ကြက်ခြေနီအသင်းက ကြီးမှူး၍ ကမ္ဘာ့ရှေးဦး ပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂၉ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝမ်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ကြရာ မုန်းဒေသ၊ သာစည်ကျေးရွာမှ အဆိုပြုလွှာ ၂၅စောင်အား တပ်စုမှူး ဦးဌေးလွင်ကလည်းကောင်း၊ မုန်းဒေသ ရမ်ကစ်ကျေးရွာမှ အဆိုပြုလွှာ၂၅စောင်အား အသင်းဝင်ဦးစုရေဂျမ်းကလည်းကောင်း ပေးအပ်ကြရာ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌက လက်ခံ ရယူသည်။

ထို့ပြင် ၂၀၀၅-၂၀၀၆ခုပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော မုန်းဒေသ၊ သာစည်ကျေးရွာမှ ကြက်ခြေနီတပ်ဖွဲ့ဝင် မောင်ကျော်စွာဝင်းအား ကျောက်ကြီးမြို့နယ် ကြက်ခြေနီ တပ်ရင်းမှူး ဒုတိယရဲမှူးကြီးတင့်ဆွေက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆) ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆) ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆) သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ သတင်းထုတ်ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ သတင်းနှင့်စာနယ်ဇင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးသစ္စာလှထွေးနှင့် အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (မြန်မာ့အလင်း)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## နေပြည်တော် မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၃ ရက် (ယနေ့)၌ တိမ်အတင့်အသင့်ဖြစ်ထွန်းမည်။**

# သက်ဝင်းအောင်ဟာ နှလုံးကြွက်သားရောင်ရမ်းရောဂါကြောင့် နှလုံးလုပ်ငန်းရပ်ပြီး သေဆုံးခြင်းဖြစ် အကျဉ်းထောင်က တာဝန်ရှိသူများ အကျဉ်းသားတိုင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ စောင့်ရှောက်ဥပဒေချိုးဖောက်မိလို့ အမှားကိုမှန်အောင် ပြင်ပေးသည့်သဘောဖြင့် ထောင်များက အုပ်ချုပ်ထိန်းသိမ်း

# ပြည်တွင်းပြည်ပအင်အားစုများ ပြည်ပမီဒီယာများဖြင့်ချိတ်ပြီး နိုင်ငံတော်အစိုးရအပေါ် စွပ်စွဲပုတ်ခတ် လူထုဆူပူအုံကြွမှုများဖြစ်စေရန် စီမံချက်ချ ဆောင်ရွက်မှုကို အသိတရားရှိရှိဝိုင်းဝန်းကာကွယ်

ရန်ကုန် နိုဝင်ဘာ ၂

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၇/၂၀၀၆)တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

**ဧည့်သည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား–**

မျက်မှောက်ကာလမှာ ကျွန်တော်တို့နိုင်ငံဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးဆိုတဲ့ ရည်မှန်းချက်ချမှတ်ပြီး လမ်းပြမြေပုံခုနစ်ဆင့်ကို သတ်မှတ်ကာ ပြည်တွင်းရဲ့ ညီညွတ်မှုအားနဲ့ ဝိုင်းဝန်းတည်ဆောက်နေချိန်ဖြစ်ပါတယ်။ ဒီလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေတာကို မလိုလားတဲ့စိတ်၊ ပြည်တွင်းအင်အားစုများ ညီညွတ်စည်းလုံးနေတာကို မရှုဆိတ်တဲ့ သဘောထားများနဲ့ ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အင်အားစုများ၊ မြေပေါ်မြေအောက် အဖျက်သမားများ၊ အကြမ်းဖက်အဖွဲ့အစည်းများဟာ ပြည်ပမီဒီယာများနဲ့ ချိတ်ဆက်ပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင် နည်းမျိုးစုံနဲ့ ကြိုးစားနေကြပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အစိုးရအပေါ် အကြည်ညိုပျက်စေမယ့် ဖြစ်စဉ်မှားများဖြင့် စွပ်စွဲပုတ်ခတ်ပြောဆိုချက်များ၊ ကောလာဟလထုတ်လွှင့်ခြင်းများ၊ အမှားကို အမှန်လုပ်ထားတဲ့ လုပ်ကြံသတင်းထုတ်လွှင့်ခြင်းများ၊ အစိုးရဆန့်ကျင်စာ ထုတ်ဝေဖြန့်ချိခြင်းများ ပြုလုပ်ပြီး ရိုးသားတဲ့ပြည်သူတွေက အစိုးရအပေါ် အထင်အမြင်မှားယွင်းလာကာ လူထုဆူပူအုံကြွမှု ဖြစ်လာစေရန်နဲ့ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။

ဒီလိုလုပ်ရပ်တွေ များစွာအနက် အခုတလော အင်တာနက်မျက်နှာစာတွေမှာ မကြာခဏ စွပ်စွဲပြောဆိုနေတဲ့ ဖြစ်စဉ်တစ်ခုကို ရှင်းလင်းတင်ပြလိုပါတယ်။ ဒီဖြစ်စဉ်ကတော့ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်မှုကြောင့် မန္တလေးမြို့ အကျဉ်းထောင်မှာ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသား သက်ဝင်းအောင် ထောင်အတွင်းမှာ ကွယ်လွန်ခဲ့တဲ့ဖြစ်စဉ်ဖြစ်ပြီး ဖြစ်စဉ်အမှန်ကို ကွယ်ဝှက်ကာ စိတ်ထင်ရာနဲ့ စွပ်စွဲပြောဆိုနေကြတာကြောင့် ဖြစ်ရပ်မှန်ကို ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၆ ကော်လံ ၁** ✳